မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

မပြစ်မှားမိအောင် သတိပြု

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လုံ စသည့် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။)

ဒဏ္ဍာဝဂ်(ဓမ္မပဒ-၁၄၀)

၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၆)၊ အမှတ် (၃၄၄)

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ / ရှမ်းပြည်တပ်မတော် ဥက္ကဋ္ဌ ဦးယွက်စစ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၁

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ / ရှမ်းပြည်တပ်မတော် (RCSS/SSA) ဥက္ကဋ္ဌ ဦးယွက်စစ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ ၌

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ / ရှမ်းပြည်တပ်မတော် (RCSS/SSA) ဥက္ကဋ္ဌ ဦးယွက်စစ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

အကြမ်းဖက်လုပ်ရပ်မှန်သမျှအား မည်သည့်အကြောင်းပြချက်နှင့်မျှ ခွင့်လွှတ်နိုင်မည်မဟုတ်

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၏သတင်းထုတ်ပြန်ချက်

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသော အခြေအနေများသည် မကြာမီရက်သတ္တပတ်များအတွင်းက နိုင်ငံတကာက အထူးအာရုံစိုက်လာသည့် ကိစ္စရပ်တစ်ခု ဖြစ်လာခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့က ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် Arakan Rohingya Salvation Army (ARSA) ဟုခေါ်သည့် အစွန်းရောက်အုပ်စု၏ အကြမ်းဖက်တိုက်ခိုက်မှုများမှတစ်ဆင့် စတင်ဖြစ်ပေါ်လာခဲ့သည့် မတည်မငြိမ်မှုများ မြင့်တက်လာမှုကြောင့် လူမှုအသိုက်အဝန်းအားလုံးမှ အရပ်သားများ၏ ဒုက္ခခံစားမှုများနှင့် နေရပ်ပြောင်းရွှေ့တိမ်းရှောင်ခဲ့ရမှုများအပေါ် မြန်မာအစိုးရအနေဖြင့်လည်း နိုင်ငံတကာနည်းတူ စိုးရိမ်ပူပန်မှု အပြည့်အဝရှိပါသည်။

နောက်ဆုံးထပ်မံဖြစ်ပေါ်လာခဲ့သည့် မတည်မငြိမ်မှု အခြေအနေများမှာ အကြမ်းဖက်သမားများက ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ခရိတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကင်းစခန်းပေါင်း (၃၀) အား စနစ်တကျ ကြိုတင်ကြံစည်ပြီးနှိုင်း၍ တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်မှုများကြောင့် စတင်ဖြစ်ပေါ်ခဲ့ရခြင်း ဖြစ်ပါသည်။ လွတ်လပ်သော အတည်ပြုချက်များအရ ပြည်ပမှ ငွေကြေးထောက်ပံ့မှုနှင့် အားပေးလှုံဆော်မှုရရှိထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော ARSA က အဆိုပါတိုက်ခိုက်မှုများကို ၎င်းတို့ကိုယ်တိုင် ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ကြေညာခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်တိုဘာလ ၉ ရက်နေ့က ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများကိုလည်း ၎င်းတို့ပင် ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း

စာမျက်နှာ ၃ ကော်လံ ၁ ၌

မောင်တောဒေသမှာဖြစ်တဲ့ ဖြစ်စဉ်ကို ဘာသာရေးလည်း မဟုတ်ဘူး၊ လူမျိုးရေးလည်း မဟုတ်ဘူး၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိခိုက်စေကာနေခြင်းဖြစ်

စာ ၉

မြန်မာ့အလင်း

ပြဿနာကို ဓာတ်ဆီလောင်း မီးရှို့နေကြသူများ

နိုင်ငံတကာ သတင်းမီဒီယာအတော်များများက ရခိုင်ပြည်နယ်ပြဿနာကို ဘာသာမတူ လူမျိုးကွဲပြားသော လူနည်းစုတို့အပေါ် လူ့အခွင့်အရေး ချိုးဖောက်မှု(သို့မဟုတ်) မတရားဖိနှိပ်မှုအဖြစ် ပုံဖော်တင်ပြနေပါသည်။ အဆိုပါ လူနည်းစုတို့သည် နိုင်ငံသားအခွင့်အရေးကိုပင် ပိုင်ဆိုင်ခွင့်မရှိသော နိုင်ငံမဲ့လူသားများအဖြစ် မီးမောင်းထိုးတင်ပြနေကြပါသည်။ နိုင်ငံတော်၏ အစိုးရအဆက်ဆက်သည် ရခိုင်ပြည်နယ်ရှိ ဘင်္ဂလီမျိုးနွယ်တို့အား ဥပဒေနှင့် ညီညွတ်ပါက နိုင်ငံသားများအဖြစ် အသိအမှတ်ပြုရန် မူဝါဒထုတ်ပြန်ပြီး ဖြစ်ပါသည်။ လက်တွေ့ဥ္စလည်း ဤမူဝါဒအတိုင်း ကျင့်သုံးဆောင်ရွက်နေသည်သာ ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်ရှိ ဘင်္ဂလီမျိုးနွယ်တို့အား နိုင်ငံသားအခွင့်အရေးမပေးနိုင်ဟု ပြောဆိုကြေညာခဲ့ခြင်း မရှိပါ။

ပြဿနာမှာ ရခိုင်ပြည်နယ်၌ အကြမ်းဖက်တိုက်ခိုက်မှုများကို ဆောင်ရွက်နေသော ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့သည် နိုင်ငံသားအခွင့်အရေးကို တောင်းဆိုနေခြင်းမဟုတ်၊ သူတို့အလိုရှိသော အမည်ဖြင့် တိုင်းရင်းသားမျိုးနွယ်စုတစ်စုအဖြစ် အသိအမှတ်ပြုရန် တောင်းဆိုနေခြင်းဖြစ်သည်။ အဆိုပါ ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ စစ်ရေးခေါင်းဆောင်ဆိုသူကိုယ်စား ပြောရေးဆိုခွင့်ရှိသူက "တိုင်းရင်းသားမျိုးနွယ်စုတစ်စုဟူသော ကျွန်ုပ်တို့၏ မူလအဆင့်အတန်းအား ပြန်လည်ပေးအပ်ရမည်" ဟု ပြောဆိုခဲ့ပါသည်။ တိုင်းရင်းသားမျိုးနွယ်စုတစ်စုဟု ပြောလိုက်ခြင်းသည် အချုပ်အခြာအာဏာနှင့်အတူ နယ်မြေကိုပါ တောင်းဆိုလိုက်ခြင်းဖြစ်ပါသည်။

ရခိုင်ပြည်နယ်ရှိ ဘင်္ဂလီမျိုးနွယ်တို့က အဘယ်ကြောင့် တိုင်းရင်းသားမျိုးနွယ်စုတစ်စုအဖြစ် တောင်းဆိုနေရပါသနည်း။ မြန်မာနိုင်ငံရှိ တရုတ်မျိုးနွယ်တို့နှင့် အိန္ဒိယမျိုးနွယ်တို့သည် မြန်မာနိုင်ငံ၌ မျိုးရိုးစဉ်ဆက်နေထိုင်ခဲ့ကြပါသော်လည်း တိုင်းရင်းသားဟူသော အခွင့်အရေးကိုမတောင်း၊ ပေးအပ်ထားသည့် နိုင်ငံသားအခွင့်အရေးကိုသာ တခြားသောတိုင်းရင်းသား နိုင်ငံသားတို့နှင့်အတူ ငြိမ်းချမ်းစွာကျင့်သုံး ပူးတွဲနေထိုင်ခဲ့ကြပါသည်။ အိန္ဒိယမျိုးနွယ်နိုင်ငံသားတို့နှင့် တရုတ်မျိုးနွယ်နိုင်ငံသားတို့သည် သီးခြားရပိုင်ခွင့်တို့ကို တောင်းဆိုခဲ့ခြင်းမရှိပါ။ ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့သည် ၎င်းတို့၏ ရပိုင်ခွင့်မဟုတ်သော တိုင်းရင်းသားဟူသော အခွင့်အရေးကို တောင်းဆို၍ အချုပ်အခြာအာဏာနှင့် နယ်မြေကိုဖဲ့ယူရန် ကြိုးပမ်းနေခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ မျိုးရိုးစဉ်ဆက် မည်ကဲ့သို့ပင် နေထိုင်ခဲ့ သည်ဖြစ်ပါစေ၊ ပြည်ပမှ မြန်မာနိုင်ငံသို့ လာရောက်အခြေချနေထိုင်သူတို့သည် တိုင်းရင်းသားလူမျိုး မဖြစ်နိုင်ပါ။ မြန်မာနိုင်ငံ၌ မျိုးရိုးစဉ်ဆက် နေထိုင်ခဲ့ကြသော ပြည်ပနွယ်ဖွားတို့သည် တခြားသော တိုင်းရင်းသား နိုင်ငံသားတို့နည်းတူ နိုင်ငံသားအခွင့်အရေးကိုမူ တန်းတူ ခံစားခွင့်ရှိပြီး ဖြစ်ပါသည်။ ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့က တိုင်းရင်းသားမျိုးနွယ်စုအခွင့်အရေးကို တောင်းဆိုခြင်းသည် တည်ခိုခွင့် ပြုထားသော အိမ်ရှင်မိသားစု၏အမွေကို ဧည့်သည်က မဆီမဆိုင် ဝင်ရောက်တောင်းဆိုနေခြင်းသာ ဖြစ်ပါသည်။ ဤအချက်ကို လျစ်လျူရှုလျက် နိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူတို့က ရခိုင်ပြည်နယ်ရှိ ဘင်္ဂလီမျိုးနွယ်တို့အား နိုင်ငံသားအခွင့်အရေးကို မပေးဟုစွပ်စွဲလျက် လူ့အခွင့်အရေးချိုးဖောက်နေသည်ဟု ထိုးနှက်နေခြင်းသည် ပြဿနာ၏အဖြေကို ရှာနိုင်စွမ်းမရှိစေရန် လမ်းလွဲသို့ ပို့ဆောင်နေခြင်းဖြစ်ကြောင်း လေးနက်စွာ တင်ပြအပ်ပါသည်။ ။

စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

နေပြည်တော် စက်တင်ဘာ ၁၁

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၅ ခုနှစ် စာပေဗိမာန်စာမူဆု စာပဒေသာ၊ ပထမဆု၊ ရွှေညောင်မြေ-မောင်စန်းမြင့် ရေးသားသည့် "မဇ္ဈိမပြိုင်ဂနိုင်တွင်းမှာ ပန်းတစ်ခင်းပျိုးခဲ့တယ်" စာအုပ်ကို စာအုပ်အသင်း၏ ၁၄၇ အုပ်မြောက်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိပါသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိပါသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရန်ကုန်မြို့ဆော်ဒီအာရေဗျနိုင်ငံသံရုံးမှ သံအမတ်ကြီးအားတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သည် ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. SAHAL ERGESOUS အား ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး (ရန်ကုန်ရုံးခွဲ) ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌တွေ့ဆုံပြီး နှစ်နိုင်ငံ ချစ်ကြည်ရေးကိစ္စရပ်များ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရဲလုပ်ငန်းမွမ်းမံသင်တန်းဆင်း

မော်လမြိုင် စက်တင်ဘာ ၁၁

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ ကြီးမှူးဖွင့်လှစ်သော ရဲတပ်ကြပ်ကြီး (မူခင်းစာရေး) လုပ်ငန်းခွင် မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၇)သင်တန်းဆင်းပွဲကို ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ စက်တင်ဘာလ ဒုတိယပတ်ကကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်း တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

အဆိုပါသင်တန်းကို ရဲတပ်ဖွဲ့ဝင်များ အရည်အချင်းတိုးတက်မြင့်မားလာစေရေး၊ ရဲလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက်ရည်ရွယ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် သင်တန်းသို့ ရဲတပ်ကြပ်ကြီး ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တမနှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

(ပြည်နယ်ရဲတပ်ဖွဲ့)

ထင်သာမြင်သာ ပြုပြင်စရာ

မဂ်လာဒုံဈေးအနီး တံတားပေါ်ရှိအမှိုက်များကြောင့် အနံ့ဆိုးရှုရှိုက်နေရ

မဂ်လာဒုံဈေးနှင့်ကပ်လျက် (၁၅) လမ်းပေါ်ရှိ တံတားပေါ်တွင် စွန့်ပစ်အမှိုက်များ၊ သား၊ ငါးများစွန့်ပစ်ထားရာ လမ်းတစ်ဝက်ပြည့်နေသော အမှိုက်များကြောင့် အနီးတွင်ရှိသော မဂ်လာဒုံဈေးနှင့် အမှတ် (၁) မူလတန်းကျောင်းတို့အထိ ရောက်ရှိနေသည့်အပြင် ကျောင်းသားကျောင်းသူများနှင့် ဈေးသွား ဈေးပြန်ပြည်သူများ အနံ့အသက်ဆိုးများကို ရှုရှိုက်နေရကြောင်း သိရသည်။

"ဒီအမှိုက်ပုံက ကြာပါပြီ။ ရပ်ကွက်နဲ့ဈေးက ဒီကိုလာပြီးစွန့်ကြတာ။ အမှိုက်သိမ်းရင် အကုန်မသယ်ဘူး။ ဒါကြောင့် နေ့တိုင်း အမှိုက်ကပုံနေတာ။ အနီးက အိမ်တွေ နေ့ရော၊ ညပါ ဆိုးရွားတဲ့အနံ့တွေကို ခံစားနေရတာကြာပါပြီ။ တိရစ္ဆာန်အသေတွေ လာပစ်ထားရင် ပိုဆိုးတယ်။ စွန့်ပစ်အသားတွေ လာပစ်ထားတာကို ခွေးတွေလာဖွရင် အနံ့တွေ ပျံ့နေတာပဲ။ အမှိုက်တွေက လမ်းပေါ်ထိရောက်ပြီး ကားလမ်းတောင်ပိတ်တယ်။ အမှိုက်ပြောင်အောင် မသိမ်းလို့ မလိုလားအပ်တာတွေ ဖြစ်ရပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

တံတားပေါ်ရှိ အမှိုက်ပုံမှာ လမ်းတစ်ဝက်ပြည့်နေပြီး ရုံးပိတ်ရက် အမှိုက်သိမ်းဆည်းမှုမရှိခြင်း၊ စွန့်ပစ်မှုများ၍ အမှိုက်ကန် လုံလောက်မှုမရှိခြင်းတို့ကြောင့် အမှိုက်များ လမ်းပေါ်လျှံကျကာ လမ်းပိတ်ဆို့မှုဖြစ်သည့်အတွက် သက်ဆိုင်ရာမှ ဖယ်ရှားပေးရန် ဒေသခံများ လိုလားလျက်ရှိကြောင်း သိရသည်။

(၁၆၄)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၁-၉-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၅၃၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၉၇၀၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၅၃၅၀၀

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

ဒီဇယ်	၆၅၅/၆၇၀ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၂	၆၆၀/၆၈၅ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၅	၇၀၅/၇၂၀ ကျပ်	(လက်လီဈေး)
ပရီမီယံဒီဇယ်	၆၇၅/၆၉၀ ကျပ်	(လက်လီဈေး)

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၅၉	၊ ၀
ဥရောပ	တစ်ယူရို	၁၆၂၀	၊ ၁
စင်ကာပူ	တစ်ဒေါ်လာ	၁၀၀၅	၊ ၀
ထိုင်းဘတ်	တစ်ဘတ်	၄၀	၊ ၉
အိန္ဒိယ	တစ်ရူပီး	၂၁	၊ ၁
တရုတ်	တစ်ယွမ်	၂၀၇	၊ ၈၄
မလေးရှား	တစ်ရင်းဂစ်	၃၁၉	၊ ၉

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်းမှူး	-	မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ	-	မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဌေးစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

နိုင်ငံတော်အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ / ရှမ်းပြည် တပ်မတော် (RCSS/SSA) ကိုယ်စားလှယ်အဖွဲ့တို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၁

နိုင်ငံတော်အစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည် တပ်မတော် (RCSS/ SSA) ကိုယ်စားလှယ်အဖွဲ့တို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ ငြိမ်းချမ်းရေးကော်မရှင်မှ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အတွင်းရေးမှူး ဦးခင်ဇော်ဦး၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမင်းသူ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွင့်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) ဥက္ကဋ္ဌ ဦးယွက်စစ်၊ အတွင်းရေးမှူး(၃) ဦးစိုင်းငင်း၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များဖြစ်သော ဦးခေးပျူနှင့် ဦးစိုင်းမိဏ်း၊ PMC မှ ဦးဆောင်းဟန်၊ ဦးစိုင်းဟန်နှင့် ဦးစိုင်းလျဲန်း၊ စီးပွားရေးဌာန ဌာနမှူး ဦးအောင်တိန်း၊ ဆက်ဆံရေးရုံး ညွှန်ကြားရေးမှူး ဦးစိုင်းဦး၊ ရုံးအဖွဲ့မှ ဦးခမ်းစံနှင့် ဦးဟောင်ခမ်းတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/ SSA) ဥက္ကဋ္ဌ ဦးယွက်စစ်က အမှာစကားပြောကြားသည်။

ယင်းနောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/ SSA) ဥက္ကဋ္ဌ ဦးယွက်စစ်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေတို့က နိဂုံးချုပ်စကားပြောကြားကြပြီး အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ရုပ်သိမ်းလိုက်သည်။

၎င်းနောက် ညှိနှိုင်းအစည်းအဝေး တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး နေ့လယ်စာ အတူတကွ သုံးဆောင်ကြသည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၁

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက် ဆူဖီအူရ်ရာဟ်မာန်အား ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မြောက်ပိုင်း တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်နေမှုအခြေအနေများ၊ အကြမ်းဖက်တိုက်ခိုက်ခံရမှု ဖြစ်ပွားပြီးနောက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်နေမှုအခြေအနေများ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး ညနေ ၄ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

✻ ရှေ့ဖုံးမှ

ဆွေးနွေး

တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (Nation-wide Ceasefire Agreement-NCA)ကို အခြေခံ၍ ကြိုးပမ်းဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နားလည်မှုနှင့် ယုံကြည်မှု တည်ဆောက်ရေး၊ တိုင်းရင်းသားနယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

လက်ဆောင်ပစ္စည်းများ ပေးအပ်

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/SSA) ဥက္ကဋ္ဌ ဦးယွက်စစ်တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။ ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/SSA) ဥက္ကဋ္ဌ ဦးယွက်စစ်နှင့် အတူ အတွင်းရေးမှူး(၃) ဦးစိုင်းငင်း၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးစိုင်းမိဏ်း၊ PMC မှ ဦးစိုင်းလျဲန်း၊ ရုံးအဖွဲ့မှ ဦးခမ်းစံနှင့် ဦးဟောင်ခမ်းတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

◆ ရှေ့ဖုံးမှ

အဆိုပါအဖွဲ့က ကြေညာထားခဲ့ပါသည်။ မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များကိုသာမက အပြစ်မဲ့အရပ်သားများကိုပါ ပစ်မှတ်ထားခဲ့သည့် ရက်စက်ကြမ်းကြုတ်သော အကြမ်းဖက်တိုက်ခိုက်မှုများအား တညီတညွတ်တည်း ရှုတ်ချကြရမည် ဖြစ်ပါသည်။ အကြမ်းဖက်လုပ်ရပ်မှန်သမျှအား မည်သည့်အကြောင်းပြချက်နှင့်မျှ ခွင့်လွှတ်နိုင်မည်မဟုတ်ပါ။

ယင်းသို့ ဆိုးရွားလှသည့် အကြမ်းဖက်လုပ်ရပ်များကို မြန်မာအစိုးရအနေဖြင့် အပြင်းအထန်ရှုတ်ချပြီး ARSA အဖွဲ့အား အကြမ်းဖက်အဖွဲ့အစည်းတစ်ရပ်အဖြစ်သတ်မှတ်ခဲ့ပါသည်။ ကုလသမဂ္ဂနှင့် ကမ္ဘာ့နိုင်ငံ အများအပြားကလည်း အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုအပေါ် ပြတ်သားစွာရှုတ်ချကြောင်း ကြေညာချက်များ အသီးသီး ထုတ်ပြန်ခဲ့ကြခြင်းကို မြန်မာအစိုးရအနေဖြင့် ကြိုဆိုပါသည်။

၂၀၁၇ ခုနှစ် သြဂုတ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများမှာ မစ္စတာ ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာ ထုတ်ပြန်သည့်အချိန်နှင့် အချိန်ကိုက်၍ ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ နောက်ဆုံးတိုက်ခိုက်မှုများမှာ အဆိုပါကော်မရှင်၏ အကြံပြုချက်များကို ဆောလျင်စွာ အကောင်အထည်ဖော်ခြင်းမှတစ်ဆင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော ပြဿနာအား ရေရှည်ဖြေရှင်းနိုင်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်နေမှုကို အင်အားချည့်နဲ့သွားစေရန် ကြံရွယ်ဆောင်ရွက်ခဲ့သည်မှာ သိသာထင်ရှားပါသည်။

မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ဆင်ရေးဆောင်ရွက်ရာတွင် ဥပဒေစည်းမျဉ်းစည်းကမ်းများအား တိတိကျကျလိုက်နာကြရန်နှင့် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ကြရန်အတွက်လည်းကောင်း၊ တည်ငြိမ်မှုပြန်လည်ရရှိရေးအတွက် မိမိတို့၏ တရားသောတာဝန်ကို ထမ်းဆောင်ကြရာတွင် အပြစ်မဲ့ပြည်သူများအား မထိခိုက်စေရေးနှင့် မလိုလားအပ်သည့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် အပြည့်အဝကြိုးပမ်းဆောင်ရွက်ကြရန်လည်းကောင်း ညွှန်ကြားထားရှိပြီး ဖြစ်ပါသည်။

လူ့အခွင့်အရေးချိုးဖောက်မှုများရှိလျှင်လည်းကောင်း၊ တည်ငြိမ်ရေး၊ သဟဇာတဖြစ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်အားနည်းစေနိုင်သော လုပ်ရပ်မှန်သမျှကိုလည်းကောင်း တရားဥပဒေစံနှုန်းများနှင့်အညီ တိကျစွာအရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

မကြာသေးမီက ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် စိုးရိမ်ထိတ်လန့်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်စေခဲ့ပြီး အကျိုးဆက်အနေဖြင့် ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များနှင့် လူနည်းစုတိုင်းရင်းသားများ ဖြစ်ကြသည့် မြို၊ ဒိုင်းနက်နှင့် ကမန်တို့အပါအဝင် လူမှုအသိုင်းအဝန်းအားလုံးမှ ပြည်သူများလည်း မိမိတို့၏နေရပ်ကို စွန့်ခွာတိမ်းရှောင်မှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ သို့သော် ၎င်းလူနည်းစုတိုင်းရင်းသားများ၏ ဒုက္ခကံကြမ္မာများကိုမူ နိုင်ငံတကာကမသိကျိုးကျွံပြုခဲ့ကြသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့ရှိရပါသည်။

ဖြစ်ပေါ်နေသည့် ရှုပ်ထွေးသိမ်မွေ့သည့် အခြေအနေများအပေါ် ဘက်လိုက်မှုမရှိဘဲ မျှမျှတတပြည့်ပြည့်စုံစုံ ရှုမြင်နိုင်ကြစေရေးအတွက် အစိုးရအနေဖြင့် ပြည်တွင်း ပြည်ပသတင်းဌာနများမှ သတင်းထောက်များကို ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ သွားရောက်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ကြရသည့် ပြည်သူများအားလုံး၏ အခက်အခဲများ လျော့ပါးသက်သာစေရန်အတွက် မြန်မာအစိုးရအနေဖြင့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို မဆိုင်းမတွ ထောက်ပံ့ပေးလျက်ရှိပါသည်။

နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ရခိုင်ပြည်နယ်တွင် တည်ငြိမ်ရေး၊ အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများတွင် ပါဝင်ပံ့ပိုးပေးကြခြင်းသည်သာ ဤကိစ္စဖြေရှင်းရေးအတွက် အကောင်းဆုံးကူညီနိုင်မည့် နည်းလမ်းဖြစ်

နေရပ်စွန့်ခွာ တိမ်းရှောင်ကြရသည့် လူမှုအသိုင်းအဝန်းများအားလုံးအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဘက်လိုက်ခွဲခြားမှုမရှိစေဘဲ ပေးအပ်သွားမည် ဖြစ်ပါသည်။ ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ထောင်ထားသော မြန်မာအစိုးရ ဦးဆောင်သည့် အကူအညီပေးရေးယန္တရားတစ်ရပ်မှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ အဆိုပါ အကူအညီပေးရေးလုပ်ငန်းအစီအစဉ်တွင် ပါဝင်ကူညီပံ့ပိုးရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အခြားနိုင်ငံများ၏ ကမ်းလှမ်းမှုများကို မြန်မာအစိုးရအနေဖြင့် ကြိုဆိုသွားမည် ဖြစ်ပါသည်။

မြန်မာအစိုးရအနေဖြင့် မစ္စတာ ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များကို ကြိုဆိုကြောင်း သြဂုတ်လ ၂၄ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အကြံပြုချက်များအား အကောင်အထည်ဖော်တိုးတက်မှုအခြေအနေကို လေ့လာစောင့်ကြည့်မည့် ဝန်ကြီးအဆင့် ကော်မတီတစ်ရပ်ကိုလည်း ဆောလျင်စွာဖွဲ့စည်းသွားမည် ဖြစ်ပါသည်။ ကော်မတီလုပ်ငန်းဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ပြည်တွင်း ပြည်ပမှ ထင်ရှားသူများပါဝင်မည့် အကြံပေးအဖွဲ့တစ်ရပ်ကိုလည်း ဖွဲ့စည်းသွားမည် ဖြစ်ပါသည်။

နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ရခိုင်ပြည်နယ်တွင် တည်ငြိမ်ရေး၊ အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများတွင် ပါဝင်ပံ့ပိုးပေးကြခြင်းသည်သာ ဤကိစ္စဖြေရှင်းရေးအတွက် အကောင်းဆုံးကူညီနိုင်မည့်နည်းလမ်း ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်။

ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများထိန်းချုပ်ရေးအတွက် မီဒီယာမှတစ်ဆင့် လူထုလှုံ့ဆော်ပညာပေးရေးအစီအစဉ်သည် ကောင်းမွန်သောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်

"ကွမ်းယာနှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများထိန်းချုပ်ရေးအတွက် မီဒီယာမှတစ်ဆင့် လူထုလှုံ့ဆော်ပွဲစတင်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အခမ်းအနား" သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် - ဒေါ်အောင်ဆန်းစုကြည်ပေးပို့သော သဝဏ်လွှာ

ရက်စွဲ(၁၁-၉-၂၀၁၇)

အားလုံးမင်္ဂလာပါ။ ချစ်ခင်လေးစားရပါတဲ့ ပြည်သူအပေါင်း စိတ်ချမ်းသာကိုယ်ကျန်းမာကြပါစေကြောင်း ဆုမွန်တောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ပြည်သူလူထုရဲ့ ကျန်းမာရေးကို ကြီးမားစွာထိခိုက်စေသော စိန်ခေါ်မှုတစ်ရပ်ဖြစ်တဲ့ ကွမ်းယာနဲ့ ဆေးရွက်ကြီးသောက်သုံးမှု လျော့နည်းရေးအတွက် အသိပညာပေးလှုံ့ဆော်လှုပ်ရှားမှုပွဲ စတင်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် အခမ်းအနားသို့ သဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် ကျေနပ်ဝမ်းမြောက်မိပါတယ်။ ပြည်သူလူထုရဲ့ ကျန်းမာအသက်ရှည်ရေးအတွက် ဆောင်ရွက်တဲ့ ဒီပွဲကနေ ရလဒ်ကောင်းများ ရနိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။

မကူးစက်တတ်သောရောဂါများဟာ ကူးစက်တတ်သောရောဂါများနဲ့ အပြိုင် ကမ္ဘာသူ ကမ္ဘာသားများ၊ အထူးသဖြင့် ဖွံ့ဖြိုးမှုနိမ့်ကျသော နိုင်ငံအများစုမှာ နေထိုင်ကြသူများအတွက် ကြီးမားသောအသက်အန္တရာယ်ဖြစ်စေတဲ့ ကျန်းမာရေးဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့အစီရင်ခံစာများအရ ကျွန်မတို့မြန်မာနိုင်ငံမှာ ၂၀၁၄-ခုနှစ်အတွင်း သေဆုံးသူအားလုံးရဲ့ ၅၉ ရာခိုင်နှုန်းဟာ အဲဒီမကူးစက်တတ်သောရောဂါများကြောင့် ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ကူးစက်တတ်သော ရောဂါတွေနဲ့ပတ်သက်ပြီး မဖြစ်ပွားအောင် ကာကွယ်ရေးလုပ်ငန်းများဖြစ်ပွားလာရင် ထိရောက်သော ကုသမှုများဆောင်ရွက်ပေးနေသကဲ့သို့ မကူးစက်တတ်သောရောဂါများ၊ အထူးသဖြင့် ဆေးလိပ်နဲ့ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးမှုကြောင့် ဖြစ်လာတဲ့ရောဂါများကိုလည်း ကာကွယ်ထိန်းချုပ်သွားဖို့ လိုအပ်ပါတယ်။ ယနေ့ မြန်မာနိုင်ငံမှာ လူငယ်လူရွယ်များ၊ အမျိုးသမီးများ၊ အမျိုးသားများအပါအဝင် ပြည်သူပြည်သားများအကြား ဆေးလိပ်သောက်ခြင်းနဲ့ ဆေးရွက်ကြီးထွက်ပစ္စည်းမျိုးစုံပါဝင်တဲ့ ကွမ်းယာကို နေ့စဉ်အဆက်မပြတ် သုံးစွဲခြင်းတို့ တိုးတက်များပြားလာနေတာကို သတိပြုမိကြမှာ ဖြစ်ပါတယ်။

ကျွန်မတို့မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှ အာဆီယံနိုင်ငံများအကြားမှာ ဆေးရွက်ကြီးထွက်ပစ္စည်းမျိုးစုံကို ကွမ်းယာတွင် ထည့်သွင်းစားသုံးခြင်း ရာခိုင်နှုန်း အများဆုံး ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ပြည်သူ့ကျန်းမာရေးဆိုင်ရာ အဓိကစိန်ခေါ်မှု တစ်ရပ် ဖြစ်နေပါပြီ။ ဆေးလိပ်သောက်တာ၊ ဆေးရွက်ကြီးထွက် ပစ္စည်းမျိုးစုံပါဝင်တဲ့ ကွမ်းယာစားသုံးတာ၊ ကွမ်းနဲ့ဆေးရွက်ငုံတာတွေဟာ ပြည်သူများရဲ့ ကျန်းမာရေးကို အထူးထိခိုက်စေတယ်ဆိုတာ အလေးပေးစေလိုတဲ့အနေနဲ့ ၂၀၁၆-ခုနှစ် မေလ အစိုးရသစ်တက်လာချိန်ကစပြီး ရုံးများ၊ ဆေးရုံနဲ့ကျောင်းများ၊ အများပြည်သူတို့ စုဝေးရာ နေရာများမှာ ကွမ်းစားခြင်းမပြုရေးအတွက် ဌာနဆိုင်ရာတာဝန်ခံ အသီးသီးက တာဝန်ယူပြီး အသိပညာပေးမှုတွေ ကန့်သတ်မှုတွေကို တင်းကျပ်စွာဆောင်ရွက်ကြဖို့ ညွှန်ကြားချက်များလည်း ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။

ယခုလိုကျယ်ပြန့်တဲ့ ကျန်းမာရေးလုပ်ငန်းကြီးတစ်ရပ် ဆောင်ရွက်ရာမှာ ပြည်သူလူထုကို ထိရောက်တဲ့ပညာပေးမှုများဟာ အဓိကကျပါတယ်။ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာလည်း ကာလတိုအတွင်းသာ ထိရောက်မှုရှိမယ့် စီမံချက်တွေနဲ့ ကောင်းမွန်သော ရလဒ်ကောင်းများကို မရနိုင်ဘူးဆိုတာ သတိပြုရပါမယ်။ အဆင့်ဆင့်သော အစိုးရအဖွဲ့အစည်းများနဲ့အတူ ပြည်သူလူထုထံကို နည်းလမ်းအသွယ်သွယ်နဲ့ ရေရှည်ပညာဖြန့်ဝေပေးရေးဟာ ပဓာနကျပါတယ်။ အထူးသဖြင့် လက်ရှိ ဆေးလိပ်နဲ့ ဆေးရွက်ကြီး၊ ကွမ်းယာသုံးစွဲခြင်းမပြုသေးတဲ့ ကျောင်းသား ကျောင်းသူလူငယ်များ (အသက် ၁၃-နှစ်အောက်အရွယ်များ) စတင်သုံးစွဲခြင်းမပြုရေး၊ သုံးစွဲမိသူများအားလည်း အန္တရာယ်ကြီးများလှတဲ့ သုံးစွဲမှုကို ရပ်တန့်စေရေးကို စုပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်း ပြောကြားလိုပါတယ်။ ပညာပေးမှု နည်းလမ်းအသွယ်သွယ်များ အကျိုးသက်ရောက်မှုကြီးမားစေရန်အတွက် စာသင်ကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အခြားဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အဆင့်ဆင့်သော တာဝန်ရှိသူများ အားလုံးက ပညာပေးလုပ်ငန်းများ စီမံဆောင်ရွက်ရာမှာပါဝင်ကြဖို့ မေတ္တာရပ်ခံချင်ပါတယ်။

ယနေ့ဆောင်ရွက်နေတဲ့ ကွမ်းယာနှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေးအတွက် မီဒီယာမှတစ်ဆင့် လူထုလှုံ့ဆော်ပညာပေးရေး အစီအစဉ်ဟာ အလွန်ပင်ကောင်းမွန်သော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်တဲ့အတွက် တာဝန်ယူဆောင်ရွက်နေတဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနတို့နဲ့အတူ မိတ်ဖက်အဖွဲ့အစည်းများအားလုံးကိုလည်း ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ကျေးဇူးတင်ကြောင်း ပြောကြားပါရစေ။

နိဂုံးချုပ်အနေနဲ့ မြန်မာပြည်သူ ခုနှစ်သန်းကျော်ဟာ နေ့စဉ်ဆေးရွက်ကြီးထွက်ပစ္စည်းမျိုးစုံပါတဲ့ ကွမ်းယာကို သုံးစွဲနေကြပြီး ဆေးရွက်ကြီးကြောင့် နှစ်စဉ်သေဆုံးသူဟာလည်း ခြောက်သောင်းကျော်ရှိနေကြောင်း သုတေသနပြုချက်များအရ သိရှိရတဲ့အတွက် ဤမျှကြီးမားတဲ့ ကျန်းမာရေးစိန်ခေါ်မှုကြီးကို ပြည်သူများက **"နောင်တမရအောင် ကွမ်းယာကိုရှောင်"** ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဇွဲသန်သန်နဲ့ ရင်ဆိုင်အနိုင်ယူသွားကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။ ပြည်သူအပေါင်းကျန်းမာကြွံခိုင်ပြီး နိုင်ငံအကျိုးကို ဆတက်ထမ်းပိုးတိုးချဲ့ဆောင်ရွက်နိုင်ကြပါစေ။

ဆေးလိပ်နဲ့ ဆေးရွက်ကြီး၊ ကွမ်းယာသုံးစွဲခြင်းမပြုသေးတဲ့ ကျောင်းသား ကျောင်းသူလူငယ်များ စတင်သုံးစွဲခြင်းမပြုရေး၊ သုံးစွဲမိသူများအားလည်း အန္တရာယ်ကြီးများလှတဲ့သုံးစွဲမှုကို ရပ်တန့်စေရေးကို စုပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်း

ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေးအတွက် မီဒီယာမှတစ်ဆင့် လူထုလှုံ့ဆော်လှုပ်ရှားပွဲအခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၁

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေးအတွက် မီဒီယာမှတစ်ဆင့် လူထုလှုံ့ဆော်လှုပ်ရှားပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေးအတွက် မီဒီယာမှတစ်ဆင့် လူထုလှုံ့ဆော်လှုပ်ရှားပွဲစတင်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အခမ်းအနား" သို့ ပေးပို့သော သဝဏ်လွှာအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုပန်ကြီးဒေါက်တာဖေမြင့်က ဖတ်ကြားသည်။ **(ယာပုံ)**

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကား ပြောကြားရာတွင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် အားလုံးပူးပေါင်းပါဝင် လုပ်ဆောင်မှသာ လျှင် ရည်မှန်းချက်များကို ရောက်ရှိမည်ဖြစ်ကြောင်း၊ မကူးစက်တတ်သောရောဂါများကြောင့် သေဆုံးရမှုအခြေအနေသည် မြန်မာနိုင်ငံတွင် သိသိသာသာ များပြားလာကြောင်း၊ သေဆုံးရခြင်းအကြောင်းရင်း အများစုသည်လည်း ကွမ်းစားခြင်းနှင့် ဆေးရွက်ကြီးထွက်ပစ္စည်း များစွာသုံးစွဲမှုကြောင့် ဖြစ်ပွားသော ရောဂါများကြောင့်ဖြစ်ကြောင်း၊ အများပြည်သူတို့ နားလည် သဘောပေါက်ပြီး ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ကင်းစင်သည့် ပတ်ဝန်းကျင်ကိုဖန်တီးခြင်းဖြင့် အများပြည်သူတို့၏ ကျန်းမာရေးကိုထိခိုက်စေမည့် အန္တရာယ်များကို ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း၊ မီဒီယာများသည် ပြည်သူများအား အသိပညာပေးရာတွင် အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ အားလုံးအတူတကွ ပူးပေါင်းပါဝင်၍ ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ စားသုံးခြင်း၊ သုံးစွဲခြင်းများ လျော့နည်းစေရန် လှုံ့ဆော်သွားမည်ဖြစ်ကြောင်း။

မြန်မာပြည်သူများအား ကွမ်းစားခြင်းကြောင့် ဖြစ်ပေါ်နိုင်သော ဆိုးကျိုးအန္တရာယ်များအကြောင်းကို အသိပေးသွားမှာ ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ နီးနွှယ်ဝန်ကြီးဌာနများနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းအနေဖြင့် ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေးအတွက် မီဒီယာမှတစ်ဆင့် လူထုလှုံ့ဆော်ပွဲများကို ရက်သတ္တပတ်ခြောက်ပတ်ကြာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများအား "နောင်တမရအောင် ကွမ်းယာကိုရှောင်" အသံဖိုင်နှင့် ဗီဒီယိုဖိုင်အား ဖွင့်လှစ်ပြသသည်။

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီဝင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများနှင့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒက္ခိဏာခရိုင် ဇီးဖြူပင်ကျေးရွာ၌ ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေး

နေပြည်တော် စက်တင်ဘာ ၁၁

နေပြည်တော် ဒက္ခိဏာခရိုင် ဇီးဖြူပင်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံသစ်ဖွင့်ပွဲနှင့် မြေနေရာလှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၀ ရက်က ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်၌ကျင်းပရာ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ နေပြည်တော်ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာမျိုးစုကြည်၊ ပျဉ်းမနားမြို့နယ် ခုတင် ၂၀၀ ဆံ့ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာရဲအောင်ထွန်းနှင့် ဇီးဖြူပင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါကျန်းမာရေးဌာနခွဲအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုထောက်ပံ့ငွေကျပ်သိန်း ၆၃၀ ဖြင့် အလျား ပေ ၃၀၊ အနံ ပေ ၃၀ နှင့် အမြင့် ၁၄ ပေ အုတ်စီကွန်ကရစ်တိုင်ဖြင့် ဆောက်လုပ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

မင်းမဟော်(ပြန်/ဆက်)

ကျောဖုံးမှ

အဆိုပါဖြစ်စဉ်ကြောင့် ဦးစိုးမြင့်လေး၏ လိုင်းသစ်မိုဘိုင်းဖုန်းနှင့် အပိုပစ္စည်း အရောင်းဆိုင်၊ ကိုဟာနစ် (စိစစ်ဆဲ) ၏ လက်ဖက်ရည်ဆိုင်၊ ဒေါ်မျိုးမျိုးဝင်း (စိစစ်ဆဲ)၏ ကုန်စုံဆိုင်၊ ကိုအောင်ဝင်း (စိစစ်ဆဲ)၏ အိရတနာဖြိုးထမင်းဆိုင်၊ ဦးမြင့်စိုး (စိစစ်ဆဲ)၏ ကွမ်းယာခုံ၊ ဦးသန်းလှိုင် (စိစစ်ဆဲ)၏ နေအိမ်၊ ဦးအေးလွင် (စိစစ်ဆဲ)၏ နေအိမ်နှင့် ဦးမွတ်တား (စိစစ်ဆဲ)နေအိမ်တို့ ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သည့် နှင်းကိုကိုလင်း (ခေါ်) နှင်းကိုကို အား ယမန်နေ့ညက ဖမ်းဆီးရမိခဲ့ပြီးနောက် ယနေ့နံနက်ပိုင်း၌ တောင်တွင်းကြီးမြို့ ရွှေအိုး ၂ ရပ်ကွက်နေ အဖ ဦးမာ၏သား စိုးသူ (၃၃ နှစ်)နှင့် အဖ ဦးလှအောင်၏သား သိန်းဇံဌေး (၂၂ နှစ်)၊ ရွှေကြာအင်း (၁) ရပ်ကွက်နေ အဖ ဦးတင်မောင်လင်း၏သား နိုင်အောင်ထက် (၂၇ နှစ်)နှင့် အဖ ဦးအောင်ကျော်မိုး၏သား စည်သူအောင် (၁၈ နှစ်)တို့ကို ထပ်မံ ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ငါးဦးကို ထိန်းသိမ်း၍ စိစစ်မေးမြန်းလျက်ရှိသည်။

ဖြစ်စဉ်တွင် ပါဝင်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း၊ လူအုပ်စုဖြင့် မတည်မငြိမ်ဖြစ်စေရန် ဆောင်ရွက်ခဲ့သူများအားလုံးကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဤဖြစ်စဉ်ကို ဥပမာထား၍ ပြည်သူများအနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် သတိရှိရှိ ဆင်ခြင်သုံးသပ်၍ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းထားကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ သိရှိရသည်။ **(သတင်းစဉ်)**

တရားမအထူးအယူခံမှု (၅)မှု စီရင်ချက်ချမှတ်

နေပြည်တော် စက်တင်ဘာ ၁၁

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ် အထူးအယူခံမှု (၄) မှုနှင့် တရားမအထူးအယူခံမှု (၅)မှုကို စီရင်ချက်ချမှတ်ပြီး ရာဇဝတ် အထူးအယူခံမှု (၁) မှုနှင့် တရားမအထူးအယူခံမှု (၄) မှုကို ကြားနာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်တောင်းမြစ်ရေ တောင်ငူ၌ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၁၁

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်နေပြီး နောက်တစ်ရက် အတွင်း ပေဝက်ခန့်ဆက်လက်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ စစ်တောင်းမြစ်ရှိ တောင်ငူမြို့နယ်အတွင်း မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/၉လ)

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်အဖွဲ့ နေရပ်စွန့်ခွာတိမ်းရှောင်လာသော ဒေသခံများအား အလှူငွေပေးအပ်ရန် စစ်တွေမြို့သွားရောက်

စစ်တွေ စက်တင်ဘာ ၁၁

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ခေါင်းဆောင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးပါဝင်သောအဖွဲ့သည် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အန္တရာယ်ကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်လာသော ဒေသခံများအား အလှူငွေပေးအပ်ရန်အတွက် ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် စစ်တွေမြို့သို့ ရောက်ရှိသည်။ **(အပေါ်ပုံ)**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား ရခိုင်ပြည်နယ်လှုပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ လာရောက်ကြိုဆိုခဲ့ကြသည်။

(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/SSA) အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) အဖွဲ့ဥက္ကဋ္ဌ ဦးယွက်စစ်နှင့်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်

နေပြည်တော် စက်တင်ဘာ ၁၁

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) အဖွဲ့ဥက္ကဋ္ဌ ဦးယွက်စစ်နှင့်အဖွဲ့အား ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA)တို့ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၆ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့သည့် ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး သဘောတူစာချုပ်ပါအချက်များအနက် နှစ်ဖက်နားလည်မှုနှင့် အယူအဆကွဲလွဲမှုအပေါ် အသေးစိတ်အပြန်အလှန်ဆွေးနွေးကြသည်။

ယင်းနောက် ရှမ်းပြည်နယ်အတွင်း တည်ငြိမ်ရေးနှင့် အေးချမ်းသာယာရေး၊ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းစွာနှင့် ဖိစီးမှုကင်းစွာ နေထိုင်နိုင်ရေးလိုအပ်ချက်များ၊ နှစ်ဖက်အဖွဲ့အစည်းများအကြား ယုံကြည်မှုနှင့် လေးစားမှုရှိစွာဖြင့် အပြန်အလှန်ထိတွေ့ဆက်ဆံမှု၊ တွေ့ဆုံဆွေးနွေးမှုများ စဉ်ဆက်မပြတ် လုပ်ဆောင်ခြင်းဖြင့် ခင်မင်ရင်းနှီးမှု၊ ယုံကြည်မှုများတည်ဆောက်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယအကြိမ် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ စိုက်ပျိုးရေးဝန်ကြီးများအဆင့်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူတက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၁

“မဟာမဲခေါင်ဒေသခွဲနိုင်ငံများသည် ဘေးကင်းလုံခြုံသော စိုက်ပျိုးထုတ်လုပ်မှုတန်ဖိုး ကွင်းဆက်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးနှင့် ဘက်စုံလွှမ်းခြုံနိုင်ရေးဆီသို့ ” ဆောင်ပုဒ်နှင့်အညီ ဒုတိယအကြိမ် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ စိုက်ပျိုးရေးဝန်ကြီးများအဆင့် အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိပ်မြို့တွင် စက်တင်ဘာ ၈ ရက်က Aspara Palace Resort and Convention Centre ၌ ကျင်းပသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မြန်မာနိုင်ငံ၏ ဒုတိယကာလတို ငါးနှစ်စီမံကိန်း (၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁) လယ်ယာကဏ္ဍမူဝါဒအရ **“ အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်”** မူဝါဒချမှတ်ပြီး အစားအစာနှင့် အာဟာရဖူလုံရေးနှင့် အစားအစာဘေးကင်းလုံခြုံရေးတို့ကို အလေးပေးဆောင်ရွက်သွားရန်နှင့် လုပ်ကွက်ငယ်တောင်သူများ ဝင်ငွေတိုးမြှင့်ရေး၊ အငယ်စား-အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်သော စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ ဖွံ့ဖြိုးစေရန်တို့ကို စီမံဆောင်ရွက်လျက်ရှိကြောင်း။

ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်ပြီး စိုက်ပျိုးရေးဂေဟစနစ်ဆိုင်ရာနည်းလမ်းများဖြစ်သော အပင်၊ မြေဆီလွှာ၊ ရေနှင့် အာဟာရ စီမံခန့်ခွဲမှုပုံစံပြောင်းလဲခြင်းနည်းလမ်းများဖြင့် စပါးအထွက်နှုန်းတိုးတက်စေမည့် System of Rice Intensification(SRI) ကို စပါးစိုက်ပျိုးသူ တောင်သူများအား ပညာပေးဆောင်ရွက်လျက်ရှိသကဲ့သို့ ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် မြန်မာစိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ နည်းလမ်းကို ချမှတ်ကျင့်သုံးလျက်ရှိကြောင်း။

နိုင်ငံတော်ကလည်း အစားအစာဘေးကင်းလုံခြုံရေးအတွက် အလေးပေးဆောင်ရွက်လျက်ရှိသည့်နည်းတူ သက်ဆိုင်ရာ ဝန်ကြီးဌာနများ ပူးပေါင်း၍ စားသုံးသူများအား ဘေးကင်းလုံခြုံသော အစားအစာများ စားသုံးရေးနှင့် ထုတ်လုပ်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် လယ်ယာကဏ္ဍမူဝါဒဆိုင်ရာ မျှော်မှန်းချက်အပေါ်အခြေခံ၍ **စိုက်ပျိုးရေးဖွံ့ဖြိုးမှုမဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုစီမံချက် (၂၀၁၇-၂၀၁၈ မှ ၂၀၂၁-၂၀၂၂)** ကို အာရုံစွဲဖြိုးရေးဘဏ်၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာ ဖူလုံရေး မတည်ရန်ပုံငွေအဖွဲ့တို့၏ အကူအညီဖြင့် ရေးဆွဲလျက်ရှိပြီး မကြာမီထုတ်ပြန်သွားမည်ဖြစ်ကြောင်း။

ဒေသတွင်းနိုင်ငံများအကြား ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုများဖြင့် “ မဟာမဲခေါင်ဒေသခွဲနိုင်ငံများသည် ဘက်စုံလွှမ်းခြုံနိုင်ပြီး ဘေးကင်းလုံခြုံသည့် အစားအစာထုတ်လုပ်မှု တန်ဖိုးကွင်းဆက်စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးဆီသို့ ” ဟူသောဆောင်ပုဒ်အတိုင်း အောင်မြင်စွာ ဖော်ဆောင်သွားနိုင်မည်ဟုယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

နေ့လယ်ပိုင်းတွင် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ စိုက်ပျိုးရေးဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ဆွေးနွေးသည်။

ဒုတိယအကြိမ် မဟာမဲခေါင်ဒေသခွဲ နိုင်ငံများ၏ စိုက်ပျိုးရေးဝန်ကြီးများအဆင့် အစည်းအဝေးတွင် ကြေညာစာတမ်းအား ထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ ၂၈ နှစ်တာခရီး အပိုင်း(၄)

မြင့်စိုး (နတလ)

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏(၂၈)နှစ်တာခရီး အပိုင်း(၃)တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး ၁၇ ဖွဲ့တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာမှုများကို ရေးသားဖော်ပြခဲ့ရာ ၄င်းတို့နှင့် နတလ မည်သို့မည်ပုံ ဆက်စပ်ပတ်သက်နေသည်ကို အချို့သောစာဖတ်ပရိသတ်များ သိလိုကြပေလိမ့်မည်။ ပြောရလျှင် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် မိမိတို့ဝန်ကြီးဌာန၊ ဦးစီးဌာနများက အလွန်ပင် ပတ်သက်နီးနှဘယ်ခဲ့ရသည်။

လုပ်ငန်း(၄)ဟုခေါ်သော လုပ်ငန်းဌာနခွဲတစ်ခုကို သီးခြားတာဝန်ပေး၍ တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၏ လမ်း/တံတား၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ အပါအဝင် နယ်စပ်ဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်း၊ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ရိက္ခာများအပါအဝင် ထောက်ပံ့ပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ လစဉ်/နှစ်စဉ် ငွေသားထောက်ပံ့မှုများပေးခြင်း၊ အခြေပြုနေထိုင်ရာဒေသများ၌ နေအိမ်များဆောက်လုပ်ပေးခြင်း၊ ကျေးရွာသစ်မြို့သစ်များ တည်ထောင်ပေးခြင်း စသော လုပ်ငန်းကိစ္စအဝဝကို ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရသည်။

သို့ဖြစ်၍ ထိုအချိန်က ရန်ကုန်မြို့ဝန်ကြီးများရုံးရှိ မိမိတို့ရုံးတွင် တိုင်းရင်းသားအဖွဲ့များ သူဆင်းငါတက်၊ သူတက်ငါဆင်းနှင့် တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်လာတတ်ကြရာ အလွန် ခင်မင်ရင်နှီးခွင့်ရခဲ့ကြသည်။ သူတို့နှင့်ပတ်သက်သည့် မှတ်တမ်းမှတ်ရာများ၊ အကြောင်းအရာ အချက်အလက်များကိုလည်း မသိချင်၍ မရတော့ပါ။ သိရှိမှတ်သား ဆောင်ရွက်ခဲ့ရသည်။ ဤသို့မှတ်သားခဲ့ရသည့် တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခွဲ၊ အဖွဲ့ငယ်များနှင့် ပတ်သက်၍ ဆက်လက်တင်ပြသွားပါမည်။

အဖွဲ့ခွဲ၊ အဖွဲ့ငယ် (၂၀)ကျော်

တရားဥပဒေဘောင်အတွင်းဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခွဲ၊ အဖွဲ့ငယ်များထဲတွင် ပထမဦးဆုံး ဝင်ရောက်လာသောအဖွဲ့မှာ ကျောက်မဲပလောင်ဟု လူသိများသည့် ဦးကျော်ရင်(ကွယ်လွန်)ခေါင်းဆောင်သည့် ပလောင်တိုင်းရင်းသားအဖွဲ့ဖြစ်သည်။ ၂၁-၁၂-၁၉၉၉ ရက်နေ့တွင် အင်အား ၃၀၀ ခန့်ဖြင့် ဝင်ရောက်ခဲ့ကြပြီး သူတို့အဖွဲ့အား ကျောက်မဲမြို့အနီး၌ အောင်မြေသာယာကျေးရွာသစ်တည်၍ နေရာချထားပေးခဲ့သည်။

ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA)ဟု အမည်ရသော အဖွဲ့ကိုမူ ဦးကန်ရွက် (ကွယ်လွန်)က ဦးဆောင်၍ အင်အား ၄၀၀၀ ခန့်ဖြင့် ၆-၁၁-၁၉၉၅ ရက်နေ့တွင် ဝင်ရောက်လာကာ သီပေါဒေသဘက်တွင် အခြေပြုခဲ့သည်။ ရှမ်းတိုင်းရင်းသားအများဆုံးပါဝင်ပြီး လွယ်မော်အဖွဲ့ထဲမှ ခွဲထွက်လာခြင်းဖြစ်သည်။ တစ်ဖန် ဦးကန်ရွက်၏အဖွဲ့ထဲမှပင် ဦးကန္ဒ ခေါင်းဆောင်သော အင်အား ၄၁၀ ဦးပါအဖွဲ့က ထပ်မံခွဲထွက်၍ မိုင်းယွန်း/မိုင်းကိုင်ဒေသဘက်၌ အခြေပြုခဲ့သည်။

ကယားပြည်နယ်ထဲတွင် ဦးလီးရယ် ခေါင်းဆောင်သော အင်အား ၄၀၀ ခန့်သည် KNPP မှခွဲထွက်၍ ၅-၁၁-၁၉၉၆ ရက်နေ့တွင် တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည်။ ဦးအောင်သိုက်ငင်း ခေါင်းဆောင်သော မွန်လက်နက်ကိုင်အဖွဲ့(မြတ်)သည်လည်း အင်အား ၂၇၀ ဖြင့် ၃၁-၅-၁၉၉၇ ရက်နေ့တွင် ဝင်ရောက်လာခဲ့ကြသည်။ KNPP မှ ထပ်မံခွဲထွက်လာသော နောက်တစ်ဖွဲ့မှာ ဦးဂိုးရီခေါင်းဆောင်သည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီဖြစ်ပြီး အင်အား ၁၆၆ ယောက်ဖြင့် ၂၃-၇-၁၉၉၉ ရက်နေ့တွင် ဝင်ရောက်လာကာ ဟိုယာ၊ ဘီယာဒေသ၌ အခြေပြုခဲ့ကြသည်။

ရခိုင်ပြည်နယ်အတွင်းမှ ဦးသန်းရွှေခေါင်းဆောင်သော AA အဖွဲ့သည် အင်အား ၈၅ ယောက်ဖြင့် ၂-၅-၂၀၀၂ ရက်နေ့၌ ဝင်ရောက်ခဲ့ရာ ပလက်ဝဒေသ၌ အခြေပြုခဲ့သည်။ MTA လွယ်မော်အဖွဲ့မှ လက်ကျန်အဖွဲ့ဖြစ်သော ဦးလင်းဆိုင် ခေါင်းဆောင်သည့် အင်အား ၄၅ ယောက်သည် နမ့်စန်ဒေသ၌ ဝင်ရောက်လာကြသည်။ ဦးရစ်ချဒ်၊ ဦးတဲနယ်တို့ ခေါင်းဆောင်သော KNPP မှ ခွဲထွက်အင်အား ၁၅၃ ယောက်သည် ၁၁-၉-၂၀၀၂ ရက်နေ့၌ မော်ချီးဒေသတွင် ဝင်ရောက်လာခဲ့ကြသည်။ ဦးလောရှာ ခေါင်းဆောင်သော အင်အား ၇၄ ယောက်က ၁-၉-၂၀၀၃ ရက်နေ့တွင် ကရင်နီအမျိုးသား တိုးတက်ရေးပါတီမှ ထပ်မံခွဲထွက်ခဲ့သည်။

ရခိုင်ပြည်နယ်အတွင်းမှ နောက်တစ်ဖွဲ့မှာ ဦးမြထွန်း ခေါင်းဆောင်သည့် DPA အဖွဲ့ဖြစ်ပြီး အင်အား ၁၀၆ ယောက်ဖြင့် ၂၀-၁၂-၂၀၀၄ ရက်နေ့တွင် ဝင်ရောက်လာခဲ့ကြသည်။ ဦးနိုင်စိုက်ချန်း ခေါင်းဆောင်သောအဖွဲ့ကလည်း မွန်ပြည်သစ်ပါတီမှ ခွဲထွက်၍ ဝင်ရောက်လာခဲ့သည်။ ဦးမိန်းစင်(ကွယ်လွန်)ခေါင်းဆောင်ပြီး (SSA-s) တပ်မဟာ (၇၅၈)အဖွဲ့သည် အင်အား ၃၀၆ ယောက်ဖြင့် ၆-၇-၂၀၀၆ ရက်နေ့တွင် လည်းကောင်း၊ KIA မှခွဲထွက်လာသည့် ဦးလဆန်အောင်ဝါအဖွဲ့သည် ၁၉-၉-၂၀၀၆ ရက်နေ့တွင်လည်းကောင်း တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ ဦးလဆန်အောင်ဝါအဖွဲ့သည် ယခုအခါ ဂွေထုဒေသ(ဌာနေ)ပြည်သူ့စစ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

ကရင်ပြည်နယ်အတွင်းမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ

ကရင်ပြည်နယ်အတွင်းတွင် ဦးသာထူးကျော်ခေါင်းဆောင်သည့် DKBA အဖွဲ့သည် အင်အား ၄၀၀၀ ခန့်ဖြင့် ၂၁-၁-၁၉၉၇ ရက်နေ့တွင် တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည်။ ယခုအခါ နယ်ခြားစောင့်တပ်ရင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည်။ KNU တပ်မဟာ(၆) တပ်ရင်း(၁၆)မှ ဦးစောသမူဟဲ(ကွယ်လွန်)ခေါင်းဆောင်သော အင်အား ၅၅၁ ဦးသည် ၂၄-၂-၁၉၉၇ ရက်နေ့တွင် အဇင်း/ကျိုက်ခဲ့ ဒေသ၌လည်းကောင်း၊ ဦးစောဖယ်ရီမိုး ခေါင်းဆောင်သော သံတောင်မြို့နယ် အထူးဒေသတပ်ဖွဲ့တပ်မဟာ(၂) တပ်ခွဲ(၃)သည် အင်အား ၁၈၀ ဖြင့် ၇-၁၁-၁၉၉၇ ရက်နေ့တွင် သံတောင်ဒေသ၌လည်းကောင်း၊ KNU ဗဟိုကော်မတီဝင် ပဒိုအောင်ဆန်း ခေါင်းဆောင်သော အင်အား ၂၀၃ ဦးသည် ၁၇-၄-၁၉၉၈ ရက်နေ့တွင်လည်းကောင်း၊ သံတောင်မြောက်ပိုင်း အထူးဒေသ(၁)အဖွဲ့ဦးကိုကြီး ခေါင်းဆောင်သော အင်အား ၁၈၈ ဦးသည် ၁၀-၁၁-၁၉၉၉ ရက်နေ့တွင်လည်းကောင်း တရားဥပဒေဘောင်အတွင်း သို့ ဝင်ရောက်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရသည် DKBA တပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များအတွက် မြို့ငြိကြီးပူဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးခဲ့ပြီး သစ္စာအေးမြိုင်ကျေးရွာကိုလည်းကောင်း၊ ပိုင်ကျဲဒေသ၌ ထိုက်ဆန်းမြို့ငြိကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ်အတွင်း၌ မဲသရီကျေးရွာ၊ မော်ဖိုးကေကျေးရွာ၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် မြို့သာယာနှင့် မက္ကသာကျေးရွာများကိုလည်းကောင်း တည်ထောင်ပေးခဲ့သည်။ အလားတူ ဦးစောသမူဟဲအဖွဲ့အတွက် အဇင်း/ကျိုက်ခဲ့ ဒေသ၌ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်းကောင်း၊ ဦးစောဖယ်ရီမိုးအဖွဲ့အတွက် သံတောင်ဒေသ ပျားစခန်းကျေးရွာ၊ ဦးကိုကြီးအဖွဲ့အတွက် ကျွန်းတောကုန်းကျေးရွာတို့ကိုလည်းကောင်း တည်ထောင်ပေးခဲ့သည်။ KNU/ KNLA အဖွဲ့မှ ဦးဌေးမောင် (ဗိုလ်ချုပ်ထိန်းမောင်) ဦးစီးအင်အား(၅၅၈) ဦးသည် ၁၁-၂-၂၀၀၇ ရက်နေ့တွင် တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသဖြင့် နိုင်ငံတော်အစိုးရက ၄င်းအဖွဲ့အတွက် ထို့ကော်ကိုးကျေးရွာကို တည်ထောင်ပေးခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

လက်နက်နှင့်ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ခဲ့ကြ

လွယ်မော်မှခွဲထွက်လာသော ဦးကန်ရွက်ခေါင်းဆောင်သည့် SSNA အဖွဲ့သည် သီပေါဒေသတွင် အခြေပြုနေထိုင်ခဲ့ရာမှ တပ်မဟာအလိုက် လက်နက်နှင့်ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ခဲ့ကြသည်။ ဦးကန်န၏ SSNA တပ်မဟာ(၁၁)မှ အင်အား ၁၇၂ ဦးသည် ၇-၄-၂၀၀၅ ရက်နေ့တွင် သိန္နီမြို့နယ်အတွင်းတွင်လည်းကောင်း၊ ဦးဂုဏ်ခေး တပ်မဟာ(၁၉)မှ အင်အား ၁၉၇ ဦး သည် ၂၀-၅-၂၀၀၅ ရက်နေ့တွင် လားရှိုးမြို့နယ်အတွင်း၌လည်းကောင်း၊ ဦးစိုင်းလူ၏ SSNA တပ်မဟာ(၆)မှ အင်အား ၁၀၄ ဦးသည် ၂၃-၅-၂၀၀၅ ရက်နေ့တွင် လားရှိုးမြို့နယ်အတွင်း၌ လည်းကောင်း လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည်။

ထိုနည်းတူစွာပင် PSLA ပလောင်ငြိမ်းချမ်းရေးအဖွဲ့မှ ဦးအိုက်မုန်း ခေါင်းဆောင်သော အင်အား ၄၅၅ ဦးသည် ၂၉-၄-၂၀၀၅ ရက်တွင် မန်တုံ၌လည်းကောင်း၊ SSNA ခွဲထွက်အဖွဲ့မှ ဦးအဂ္ဂ၊ ဦးမောင်လှတို့ ဦးစီးသော အင်အား ၄၁ ဦးသည် ၈-၅-၂၀၀၆ ရက်တွင် မိုင်းယွန်းဒေသ၌လည်းကောင်း၊ ရလလဖ(ပအိုဝ်းနီ)အဖွဲ့မှ ဦးခွန်ချစ်မောင် ဦးစီးသော အင်အား၁၃၇ ဦးသည် ၂၆-၇-၂၀၀၇ ရက်တွင် ဆီဆိုင်မြို့နယ်၌ လည်းကောင်း၊ ယင်းအဖွဲ့မှပင် ဦးစိန်ရွှေ ဦးစီးသော အင်အား ၁၂၁ ဦးသည် ၄-၈-၂၀၀၈ ရက်တွင် နောင်ထော်/ဆီဆိုင်၌လည်းကောင်း၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ ဦးလီးရယ် ခေါင်းဆောင်သော အင်အား ၄၀၀ သည် ၁-၉-၂၀၀၈ ရက်နေ့တွင် ထီးပိုကလို/ဒီမောဆိုင်၌လည်းကောင်း လက်နက်များအပ်နှံ၍ လက်နက်နှင့်ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ခဲ့ကြသည်။

MTA လွယ်မော်အဖွဲ့များ ဖြန့်ခွဲအခြေပြု

၁၉၉၆ ခုနှစ် ဇန်နဝါရီ ၅ ရက်နှင့် ၆ ရက်များတွင် ဦးခွန်ဆာခေါင်းဆောင်သော MTA လွယ်မော်အဖွဲ့သည် အင်အား ၁၄၀၀၀ ကျော်ဖြင့် အကြွင်းမဲ့လက်နက်စွန့်၍ ဝင်ရောက်ခဲ့ကြပြီးနောက် ဦးမဟာကြာ ခေါင်းဆောင်သည့်အဖွဲ့သည် ဟိုမိန်းဒေသတွင်လည်းကောင်း၊ ဦးခွန်မိန်း ခေါင်းဆောင်သည့်အဖွဲ့သည် နတလမှ အိမ်ရာများ ဆောက်လုပ်ပေးထားသည့် ဖယ်ခုံမြို့နယ်၊ ရွှေပြည်အေး(ကသဲကွင်း)တွင်လည်းကောင်း၊ ဦးစိုင်းမွန်း(ဗိုလ်မွန်း)ခေါင်းဆောင်သည့်အဖွဲ့သည် တန့်ယန်းမြို့နယ်အတွင်းမှ မန်ပန်/နောင်လိုင် ဒေသတွင်လည်းကောင်း၊ ဦးလောမား ခေါင်းဆောင်သည့်အဖွဲ့သည် မိုင်းရယ်မြို့နယ်အတွင်းရှိ မုံးဟင်/မုံးဟဒေသတွင်လည်းကောင်း၊ ဦးလီချန်းခေါင်းဆောင်သောအဖွဲ့သည် နမ့်စန်မြို့နယ်၊ နားရိုင်းဒေသတွင်လည်းကောင်း၊ ဦးဆန်မွန်းအဖွဲ့သည် မုံးထော်/မုံးထဒေသတွင်လည်းကောင်း ပြန်လည်အခြေပြုနေထိုင်ကြပြီး အချို့က ဌာနေပြည်သူ့စစ်များအဖြစ် တာဝန်ထမ်းဆောင်လျက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည်။

(ဆက်လက်ဖော်ပြပါမည်)

လုပ်ငန်း(၄)ဟုခေါ်သော လုပ်ငန်းဌာနခွဲတစ်ခုကို သီးခြားတာဝန်ပေး၍ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများ၏ လမ်း/တံတား၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ အပါအဝင် နယ်စပ်ဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်း၊ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ရိက္ခာများအပါအဝင် ထောက်ပံ့ပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ လစဉ်/နှစ်စဉ် ငွေသားထောက်ပံ့မှုများပေးခြင်း၊ အခြေပြုနေထိုင်ရာဒေသများ၌ နေအိမ်များဆောက်လုပ်ပေးခြင်း၊ ကျေးရွာသစ် မြို့သစ်များ တည်ထောင်ပေးခြင်း စသောလုပ်ငန်းကိစ္စအဝဝကို ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရသည်

ရခိုင်ပြည်နယ်သို့ လှုဒါန်းရန် ညောင်ဦးမြို့တွင်း လှည်လည်အလှူခံလျက်ရှိ

ညောင်ဦး စက်တင်ဘာ ၁၁

ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့် နေအိမ်များကိုစွန့်ခွာ၍ တိမ်းရှောင်နေရသည့် ပြည်သူများနှင့် နယ်မြေလုံခြုံရေးအတွက် တာဝန်ယူဆောင်ရွက်နေကြသည့် တပ်မတော်သားများအတွက် စားနပ်ရိက္ခာနှင့် လိုအပ်သည့်အကူအညီများ ထောက်ပံ့လှူဒါန်းပေးနိုင်ရန် ရည်ရွယ်၍ ညောင်ဦးမြို့နယ် သဘာဝဘေးအန္တရာယ် ကူညီစောင့်ရှောက်ရေးအဖွဲ့ချုပ်နှင့် ပရဟိတ လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်း၍ စက်တင်ဘာ ၁၁ ရက်မှ စတင်ကာ တေးဂီတအစီအစဉ်မော်တော်ယာဉ်များဖြင့် မြို့နယ်အတွင်းလှည့်လည်၍ အလှူငွေများ လိုက်လံကောက်ခံလျက်ရှိကြောင်း မြင်ကပါ ကျေးရွာ ဖြူစင်မေတ္တာ ပရဟိတ လူမှုကူညီရေးအသင်းမှ သိရသည်။

"ရခိုင်ပြည်နယ်ရှိ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ဒုက္ခရောက်နေကြတဲ့ စစ်ဘေးရှောင်ပြည်သူများနဲ့ လုံခြုံရေးအတွက် တာဝန်ယူဆောင်ရွက်ပေးနေတဲ့ တပ်မတော်သားများအတွက် လိုအပ်သည့်စားနပ်ရိက္ခာများကို ကျွန်တော်တို့ ပုဂံ၊ ညောင်ဦးမြို့နယ်မှလည်း အခြားမြို့နယ်တွေလို ထောက်ပံ့လှူဒါန်းပေးနိုင်ရေးအတွက် ရည်ရွယ်ပြီးတော့ ဒီနေ့နံနက်မှာပဲ တေးဂီတ အစီအစဉ်တွေနဲ့ မော်တော်ယာဉ်များနဲ့ မြို့နယ်အတွင်း အလှူငွေတွေ လိုက်လံကောက်ခံသွားမှာ ဖြစ်ပါတယ်။ ဒီလို မြို့နယ်အတွင်း အလှူငွေများ ကောက်ခံရရှိနိုင်ရေးအတွက် ညောင်ဦးမြို့နယ် သဘာဝဘေးအန္တရာယ် ကူညီစောင့်ရှောက်ရေးအဖွဲ့ချုပ်နဲ့ ကျွန်တော်တို့ ပရဟိတ လူမှုကူညီရေးအသင်းအဖွဲ့တွေ ပူးပေါင်းပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု အလှူငွေကောက်ခံနေသည့် ပရဟိတ အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။

အလှူငွေ ကောက်ခံရရှိမှုအပေါ် မူတည်ပြီး ရခိုင်ပြည်နယ်ရှိပြည်သူများနှင့် တပ်မတော်သားတွေအတွက် စားနပ်ရိက္ခာဖူလုံစေရန်အတွက် အချိန်နှင့်တစ်ပြေးညီ ကူညီထောက်ပံ့ လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများထူထောင်နိုင်ရေး အသိပညာပေးဟောပြောပွဲပြုလုပ်

ရေတာရှည် စက်တင်ဘာ ၁၁

ပဲခူးရိုးမသစ်တောကြီး ပြန်လည်ထူထောင်ခြင်းနှင့် သစ်တောများ ပြန်လည်ဖူးလွမ်းနိုင်ရေးအတွက် သစ်တောကြိုးဝိုင်းဒေသများတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများအတွက် အစုအဖွဲ့ပိုင်သစ်တောများ ထူထောင်ပေးခြင်းနှင့်ပတ်သက်၍ ပညာပေးဆွေးနွေးပွဲကို ရေတာရှည်မြို့နယ် ဂုံမင်းကွင်းကျေးရွာအုပ်စု (၆)မိုင်ကျေးရွာရှိ သစ်တောပျိုးဥယျာဉ် ရှင်းလင်းဆောင်ခန်းမ၌ စက်တင်ဘာ ၁၀ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးကျော်ဆန်းမိုးက ဒေသခံပြည်သူများအား သစ်တောကြိုးပိုင်း၊ ကြိုးပြင်ကာကွယ်တောနှင့် အစိုးရစီမံခန့်ခွဲခွင့်ရှိသည့် မြေလွတ်မြေရိုင်းများတွင် ဒေသအစုအဖွဲ့ပိုင်သစ်တောများ ထူထောင်စိုက်ပျိုးနိုင်မည်ဖြစ်ပြီး ပျိုးပင်များကို မြို့နယ်သစ်တောဦးစီးဌာနမှ အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

"ဒီလို ဒေသအစုအဖွဲ့ပိုင်သစ်တောတွေ ထူထောင်ပေးခြင်းဖြင့် အခြားသော သစ်တောများကို ခုတ်ယူခြင်း လျော့ကျသွားတဲ့အတွက် သဘာဝသစ်တောတွေ အမြန်ဆုံး ပြန်လည်ရှင်သန်နိုင်မှာဖြစ်ပါတယ်။ ကိုယ်ကြိုက်နှစ်သက်တဲ့ သစ်ပင်အမျိုးအစားကို စိုက်ပျိုးနိုင်မယ့်အပြင် အရွယ်ရောက်လာတဲ့အခါ ကိုယ်ပိုင်ထုတ်လုပ်ရောင်းချနိုင်မှာဖြစ်လို့ ကိုယ်ပိုင်အကျိုးစီးပွားဖြစ်ထွန်း၊ ဆင်းရဲမှုလျော့ကျပြီး လူမှုစီးပွားဘဝမြင့်မားလာမှာ လည်းဖြစ်ပါတယ်"ဟု ဦးစီးအရာရှိက ဆက်လက်ပြောကြားသည်။ ဆွေးနွေးပွဲသို့ ပဲခူးရိုးမအတွင်း သစ်တောကြိုးပိုင်းများထဲတွင် နေထိုင်ကြသည့် ဒေသခံပြည်သူ ၁၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

မောင်တောဒေသလုံခြုံရေး၊ နယ်မြေစိုးမိုးရေး ၊ အခြေခံအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးနှင့် နေရပ်စွန့်ခွာပြည်သူများ ပြန်လည်နေရာချထားရေး ကွင်းဆင်းဆောင်ရွက်

စစ်တွေ စက်တင်ဘာ ၁၁

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့သည် ARSA အစွန်းရောက်အကြမ်းဖက်များ၏ တိုက်ခိုက်မှုကြောင့် မောင်တောဒေသအတွင်းပျက်စီးသွားသော ကျေးရွာများ၊ အခြေခံအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးနှင့် နေရပ်စွန့်ခွာဒေသခံများ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ယနေ့ မွန်းလွဲပိုင်းတွင် စစ်တွေမြို့မှ မောင်တောဒေသသို့ သွားရောက်ကြည့်ရှုသည်။

ခရီးစဉ်တွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မောင်တောခရိုင်အတွင်းရှိ အဋ္ဌမော်၊ ကျောက်ပန္နား အလယ်သံကျော်၊ ဥဒေါင်း၊ ကိုင်းကြီး၊ သရေကုန်းတောင်၊ ကျီးကန်းပြင်၊ လောင်းတုံ၊ ကြိမ်ချောင်း၊ တရိန်း၊ ဝက်ကြိမ်း၊ သက်ကိုင်ညာ၊ နန်းရာကိုင်း၊ ခမောင်းဆိပ်၊ အောင်ဇံကျေးရွာတို့ကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး ဘူးသီးတောင်မြို့၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇော်နှင့်တွေ့ဆုံကာ ဒေသလုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် နယ်စပ်ခြံစည်းရိုး၊ နယ်စပ်ပတ်လမ်း၊ ချဉ်းကပ်လမ်းပြုပြင်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

အဆိုပါခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒေသတွင်းနေထိုင်လျက်ရှိကြသည့် ပြည်သူလူထုအတွက် စားနပ်ရိက္ခာများ၊ အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများကို ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

(သတင်းအဖွဲ့)

ဒေသခံပြည်သူများ၏လိုအပ်ချက်များကို စနစ်တကျဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဝန်ထမ်းများအားစုဖွဲ့၍ အလှည့်ကျစေလွှတ်ပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၁

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို စနစ်တကျဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ရုံးချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ထမ်းများအားစုဖွဲ့၍ ရခိုင်ပြည်နယ်သို့ အလှည့်ကျစေလွှတ်ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဝန်ထမ်းများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက စက်တင်ဘာ ၁၀ ရက်တွင် စစ်တွေမြို့လေဆိပ်ဧည့်ခန်းမဆောင်၌တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် မောင်တောဒေသမှ လူနည်းစုဒေသခံတိုင်းရင်းသားများဖြစ်သော မြို၊ သက်၊ ဒိုင်းနက်၊ ခမီ၊ မရမကြီး လူမျိုးများနှင့် ဟိန္ဒူဘာသာဝင်များသည် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် စိုးရိမ်ထိတ်လန့်ပြီး မိမိတို့နေရပ်များကိုစွန့်ခွာကာ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ ဘူးသီးတောင်၊ မောင်တောမြို့ပေါ်များရှိ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိပါကြောင်း၊

နေရပ်စွန့်ခွာလာသူများကို ရိက္ခာနှင့် အခြားလိုအပ်သည်များအား ဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်ဆွေးနွေးခြင်းလုပ်ငန်းများ၊ ကလေးများအတွက် ကလေးပျော်နေရာများ ဖန်တီးခြင်းနှင့် ကလေးများ ကျန်းမာကြံခိုင်စေရန် ဆောင်ရွက်ပေးခြင်းနှင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းဆက်တက်နိုင်ရေးအတွက်လည်း ကူညီဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ဦးချင်းစီအတွက် အသေးသုံး ထောက်ပံ့ငွေနှင့် လိုအပ်သော လူသုံးကုန်ပစ္စည်းများကို ဝန်ကြီးဌာနသို့ အလှူရှင်များက လှူဒါန်းထားရှိသော လှူဒါန်းငွေများဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများကိုဆောင်ရွက်ရာတွင် ပြည်သူနှင့်တစ်သားတည်းဖြစ်ရန် လိုအပ်ပါကြောင်း မှာကြားသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ကလည်း အဆိုပါအလုပ်ညှိကာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား ဒေသအခြေအနေများကို ရှင်းလင်းပြောကြားကာ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများအတွက် အလုပ်သင်ဝိုလ်၊ ဝိုလ်လောင်းသင်တန်းအမှတ်စဉ်(၁)မှ ညီအစ်ကိုများနှင့် မိသားစုများ၏ လှူဒါန်းငွေကျပ် ၁၀ သိန်းကို စက်တင်ဘာ ၁၀ ရက် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဧည့်ခန်းမဆောင်၌ အလှူရှင်များကိုယ်စား ဝိုလ်မှူးကြီး မျိုးမြင့်(ငြိမ်း) က လည်ကောင်း၊ ယနေ့တွင် နေပြည်တော်လူဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနခွဲ တောင်တွင်းကြီးမြို့နယ် ရခိုင်ဒေသ ဒုက္ခသည်များ ကူညီထောက်ပံ့ရေးအဖွဲ့၏ အလှူငွေကျပ် ၁၈၅၅၀၀၀၀ ကို မကွေးတိုင်းဒေသကြီး အမှတ် (၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွှန့်နှင့် အလှူရှင်များက လည်းကောင်း **(ဝဲအောက်ပုံ)**၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ လှူဒါန်းငွေကျပ် ၁၀ သိန်းကို ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က လည်းကောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကျန်းမာ ရေးစောင့်ရှောက်မှုအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်း၊ မြန်မာခရီးသွားဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (ရခိုင်ဇုန်)၊ တံတားဦးဟိုတယ်စီမံကိန်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့က လှူဒါန်းသော စုစုပေါင်း အလှူငွေကျပ် ၇၆၀၅၀၀၀၀ ကို တာဝန်ရှိသူများကလည်းကောင်း ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လှူဒါန်းပစ္စည်းနှင့် လှူဒါန်းငွေများကို ရခိုင်ပြည်နယ်ရှိ ဒေသခံတိုင်းရင်းသားများအတွက် လိုအပ်သော ကူညီထောက်ပံ့မှုများတွင် စနစ်တကျထိရောက်စွာ အသုံးပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ *ကျောဖုံးမှ*

ထန်းတပင်မြို့နယ်အတွင်းရှိသော နဲပျောကျေးရွာအုပ်စုနှင့် သဲအင်းကလေးကျေးရွာ အုပ်စုနှစ်ခုအတွင်းရှိ ပြွန်တလန်ချောင်းသည် နဲပျောရွာကမ်းပတ်တာထိပ်တွင် ထိပ်တိုက်နေပြီး ရေသွင်း၊ ရေနုတ်မဖြစ်ဘဲ မိုးရေ၊ ဒီရေများကြောင့် ကျေးရွာပေါင်း ၂၀ ၏ မိုးစပါးစိုက်ဧက တစ်သောင်းကျော် ရေနစ်မြုပ်မှုဖြစ်ပေါ်သဖြင့် ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုမှီမံခန့်ခွဲရေးဦးစီးဌာနမှ ထန်းတပင်မြို့နယ် တက်သစ်ကျွန်းအတွင်း ရေကြီးနစ်မြုပ်မှုလျော့နည်းသက်သာစေရေးအတွက် ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ချောင်းကော၊ မြောင်းကောတူးဖော်ခြင်း လုပ်ငန်းတို့ကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ ချောင်းကော၊ မြောင်းကောတူးဖော်ခြင်းလုပ်ငန်း ၂၂ ခု၊ အလျားမိုင် ၄၃ ဒသမ ၉၉ မိုင်ကို တူးဖော်ဆောင်ရွက်ခဲ့၍ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ မိုးစပါးစိုက်ဧရိယာများ ရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာခဲ့ပါကြောင်း၊ ထန်းတပင်မြို့နယ် တက်သစ်ကျွန်းအတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ချောင်းကော၊ မြောင်းကောတူးဖော်ခြင်းလုပ်ငန်း ၁၅ ခု၊ အလျားမိုင် ၂၉ ဒသမ ၆၃၁ မိုင်အား တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ ရန်ပုံငွေရရှိပြီးဖြစ်ပါ၍ ပွင့်လင်းရာသီတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး နဲပျောရွာကမ်းပတ်ထိပ်နှင့် ပြွန်တလန်ချောင်းဆုံရာနေရာတွင် ရေတံခါးတည်ဆောက်ရန် ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၀-၂၀၂၁ ခုနှစ်အထိ ငါးလတာစီမံကိန်းတွင် တည်ဆောက်ရန်လျာထားပြီးဖြစ်ကြောင်း၊ ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဦးစွာပဏာမ ဖြစ်မြောက်နိုင်စွမ်း ရှိ၊ မရှိ ကွင်းဆင်းလေ့လာကာ ရေတံခါးဒီဇိုင်းပုံစံများ ရေးဆွဲရမည်ဖြစ်ပြီး ကုန်ကျမည့်တန်ဖိုးတွက်ချက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ရန်ပုံငွေတင်ပြတောင်းခံကာ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယနေ့ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၊ ပဉ္စမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)တွင် ဗဟန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြတ်ကျော်၏ ဆရာစံရပ်ကွက် တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့်ရှိ ဗဟိုသမဝါယမအသင်းအဆောက်အအုံအား မည်သည့်နှုန်းထား၊ မည်သည့်ကာလအပိုင်းအခြားအထိ ငှားရမ်းထားသည်ကို သိရှိလိုပါကြောင်း၊ တွဲတေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ဇင်ဦး၏ တွဲတေးမြို့နယ် ခတ္တိယတိုက်နယ်နှင့် အနီးဝန်းကျင်ကျေးရွာများရှိ နွေစပါးစိုက်ဧကများပြားလာခြင်းကြောင့် စိုက်ပျိုးရေလုံလောက်စွာရရှိရန် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း စသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာအသီးသီးမှ နှစ်စဉ် ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်လျက်ရှိသော စီမံကိန်း၊ စီမံချက်ပါ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းနှင့်ပတ်သက်သည့် လုပ်ငန်းတစ်ခုချင်း အသေးစိတ်တွက်ချက်မှုစာရင်း (Detailed Estimate) နှင့် (Drawing) တို့ကို ဘဏ္ဍာငွေလျာထားချက်တင်သွင်းခြင်းနှင့်အတူ ပြည်သူ့ငွေစာရင်းကော်မတီသို့ အချိန်မီပေးပို့နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သက်ဆိုင်ရာဌာနအသီးသီးသို့ ညွှန်ကြားတိုက်တွန်းပေးရန်အဆိုကို တောင်ဥက္ကလာပမဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်က အဆိုတင်သွင်းခဲ့ပြီး တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီတွင်အဖွဲ့ဝင်တစ်ဦးအဖြစ် တာမွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးလှသိန်းအား တာဝန်ပေးအပ်ခြင်း၊ အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ဇင်ဦး၏ တွဲတေးမြို့နယ် ခတ္တိယတိုက်နယ်နှင့် အနီးဝန်းကျင်ကျေးရွာများရှိ နွေစပါးစိုက်ဧကများပြားလာခြင်းကြောင့် စိုက်ပျိုးရေလုံလောက်စွာရရှိရန် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း စသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာအသီးသီးမှ နှစ်စဉ် ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်လျက်ရှိသော စီမံကိန်း၊ စီမံချက်ပါ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းနှင့်ပတ်သက်သည့် လုပ်ငန်းတစ်ခုချင်း အသေးစိတ်တွက်ချက်မှုစာရင်း (Detailed Estimate) နှင့် (Drawing) တို့ကို ဘဏ္ဍာငွေလျာထားချက်တင်သွင်းခြင်းနှင့်အတူ ပြည်သူ့ငွေစာရင်းကော်မတီသို့ အချိန်မီပေးပို့နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သက်ဆိုင်ရာဌာနအသီးသီးသို့ ညွှန်ကြားတိုက်တွန်းပေးရန်အဆိုကို တောင်ဥက္ကလာပမဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်က အဆိုတင်သွင်းခဲ့ပြီး တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီတွင်အဖွဲ့ဝင်တစ်ဦးအဖြစ် တာမွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးလှသိန်းအား တာဝန်ပေးအပ်ခြင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကတိကဝတ်၊ အာမခံချက်များနှင့် လွှတ်တော် အခွင့်အရေးကော်မတီတွင် အဖွဲ့ဝင်တစ်ဦးအဖြစ် ကျောက်တန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးဖော်မိုးလွင်အား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တရားစီရင်ရေး၊ ဥပဒေ စိုးမိုးရေးနှင့် တိုင်ကြားစာများ၊ အသနားခံစာများ၊ စိစစ်ရေးကော်မတီတွင် အဖွဲ့ဝင်နှစ်ဦးအဖြစ် လမ်းမတော်မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွန်းနှင့် သုံးခွမဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေကိုလည်းကောင်း ထည့်သွင်းတာဝန်ပေးအပ်ခဲ့ပြီး ရန်ကုန်တိုင်း ဒေသကြီးလွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးနှင့် စက်မှုလက်မှုရေးရာကော်မတီတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဒုတိယဗိုလ်မှူးကြီး သန့်ဇင်လှိုင်အား ပြောင်းလဲတာဝန်ပေးအပ်ခဲ့ကြောင်း သိရ သည်။

ဒုတိအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ပြီစီးခဲ့ပြီး စက်တင်ဘာ ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဆောင်ရွက်ချက်များ

နေပြည်တော် စက်တင်ဘာ ၁၁
ရခိုင်ပြည်နယ် မောင်တောဒေသ အကြမ်းဖက်မှုအန္တရာယ်ကြောင့် ထွက်ပြေးတိမ်းရှောင်လာသူများအား စစ်တွေမြို့နှင့် အခြားမြို့များတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကူညီကယ်ဆယ်ရေးဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ရေးကော်မတီက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။ အဆိုပါသတင်းတွင် -

မောင်တောမြို့မှ ထွက်ပြေးတိမ်းရှောင်လာသူများအား ကူညီ

ကြက်ခြေနီဝန်ထမ်းများနှင့် စေတနာလုပ်အားရှင် စုစုပေါင်း ၂၅ ဦးတို့သည် ဩဂုတ် ၂၈ ရက် မွန်းတည့် ၁၂ နာရီတွင် ဘူးသီးတောင်မြို့မှ ရွှေပြည်တန်ရေယာဉ်ဖြင့် မောင်တောဒေသမှ ထွက်ပြေးတိမ်းရှောင်လာသော ပြည်သူများကို စစ်တွေဆိပ်ကမ်းမှ ဘုန်းတော်ကြီးကျောင်းများသို့ ရွှေ့ပြောင်းပေးရန်အတွက် ကူညီဆောင်ရွက်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်ပါက ကူညီဆောင်ရွက်ပေးရန် အသင့်ရှိနေပါကြောင်းနှင့် စစ်တွေလူမှုကွန်ရက်အဖွဲ့များနှင့်လည်း ချိတ်ဆက်ပြီး လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ သတင်းစကား

ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် စတင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကြောင့် အသက်စွန့်လွှတ်ခဲ့ရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် ထပ်တူဝမ်းနည်း ကြေကွဲရပါကြောင်း။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ရခိုင်ပြည်နယ်အတွင်းတွင် လူမှုကရုဏာလုပ်ငန်းများဖြစ်သည့် လူထုအခြေပြု ရှေးဦးပြုစုခြင်းသင်တန်းများပို့ချခြင်း၊ လူထုအခြေပြု ကျန်းမာရေးနှင့်စောင့်ရှောက်မှုပေးခြင်း၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများစသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် စစ်တွေ၊ မြောက်ဦးနှင့် မင်းပြားတို့တွင် မြို့နယ်ရုံးခွဲများရှိပြီး ဝန်ထမ်းများနှင့် စေတနာလုပ်အားရှင်များ၏ ဘေးကင်းလုံခြုံရေးကို အလေးထားသည့်အတွက် ရုံးခွဲများကို ဖွင့်လှစ်ထားသော်လည်း ဆောင်ရွက်နေသည့်လုပ်ငန်းများကို ယာယီရပ်တန့်ထားပြီး အခြေအနေပေးလာပါက အကြမ်းဖက်မှုများကြောင့် ထိခိုက်ခံစားရသူများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဆက်လက်ပေးအပ်ရန် အသင့်ရှိနေပါကြောင်း သတင်းစကားပေးပို့ခဲ့သည်ဟု သိရသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူက "မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေနဲ့ ထိခိုက်ခံစားရသူတွေကို လူမှုကရုဏာအကူအညီတွေပေးဖို့အဆင်သင့်ရှိနေပါတယ်။ ရခိုင်က ရုံးခွဲတွေမှာ ဝန်ထမ်းနဲ့ စေတနာလုပ်အားရှင်တွေရှိသလို ဌာနချုပ်အနေနဲ့လည်း လိုအပ်လာရင် စေလွှတ်ဖို့အဖွဲ့ကို အဆင်သင့်ပြင်ထားပါတယ်။ နောက်ပြီး အဓိကလိုအပ်လာနိုင်တဲ့ အစားအစာနဲ့ သောက်သုံးရေရရှိစေဖို့လည်း ကြိုတင်ပြင်ဆင်ထားပါတယ်။ ဝန်ထမ်းတွေနဲ့ စေတနာလုပ်အားရှင်တွေရဲ့ ဘေးကင်းလုံခြုံမှုရှိရေးအတွက်လည်း စီစဉ်ဆောင်ရွက်နေပါတယ်"ဟု ပြောကြားခဲ့သည်။

အသင့်စားခေါက်ဆွဲခြောက်ထုပ်များ လာရောက်လှူဒါန်း

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုများကြောင့် ထိခိုက်ခံစားခဲ့ရသော ပြည်သူများအတွက် ရည်ရွယ်၍ ဩဂုတ် ၃၀ ရက်တွင် Yathar Cho Industry Limited - Yum Yum Factory မှ မန်နေဂျာနှင့်အဖွဲ့သည် ငွေကျပ်သိန်း ၉၀ ခန့် တန်ဖိုးရှိ အသင့်စားခေါက်ဆွဲခြောက်ထုပ် ၅၆၁၆၀ ကို မြန်မာနိုင်ငံကြက်ခြေနီအသင်း ရန်ကုန်ရုံးခွဲသို့ လာရောက်လှူဒါန်းခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှုအကူအညီများဆောင်ရွက်

မောင်တောနှင့် ဘူးသီးတောင်မြို့တို့မှ ရေယာဉ်ဖြင့် တိမ်းရှောင်လာသောပြည်သူများအား ဩဂုတ် ၃၁ ရက်တွင် ရခိုင်အထူးစီမံချက်မှ ဝန်ထမ်းသုံးဦး အပါအဝင် ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် ကြက်ခြေနီကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များက ယာယီခိုလှုံရာစခန်းများတွင် နေရာချထားပေးခြင်း၊ ဒဏ်ရာရသူများအား စစ်တွေဆေးရုံသို့ ပို့ဆောင်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု အကူအညီများ ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် နေရပ်စွန့်ခွာသူများ ယာယီနေထိုင်ရာ ဘုန်းကြီးကျောင်းများသို့ ရခိုင်အထူးစီမံချက်မှ ဝန်ထမ်းများနှင့် စေတနာလုပ်အားရှင်တို့က လိုအပ်ချက်များကို သွားရောက် ဆန်းစစ်ခဲ့ပြီးနောက် နေရာအခင်းများအတွက် တာပေါ်လင်များ ခင်းပေးခဲ့သည်။

ထို့နောက် ICRC မှ WASH အဖွဲ့နှင့်အတူ အမျိုးသမီးများရေချိုးရန် အရေးပေါ်တာပေါ်လင် ရေကန်များနှင့် သောက်ရေအတွက် ဖိုင်ဘာရေပုံးကြီးများကိုလည်း တပ်ဆင်ပေးရန် ဆောင်ရွက်ခဲ့သည်။

တိမ်းရှောင်လာသော ပြည်သူများအတွက် အရေးပေါ်လိုအပ်လျက်ရှိသော တာပေါ်လင်များ၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများနှင့် အစားအစာတို့ကို ထောက်ပံ့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး သောက်သုံးရေရရှိရေးအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (အိုင်စီအာစီ)နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

လူတိုင်းအတွက် အမြဲကူညီ

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဝန်ထမ်းများ၊ စေတနာလုပ်အားရှင်များသည် မောင်တောနှင့် ဘူးသီးတောင်မြို့တို့မှ စစ်တွေမြို့သို့ တိမ်းရှောင်လာသောပြည်သူများအား ယာယီခိုလှုံရာ စခန်းများတွင် နေရာချထားပေးခြင်း၊ ဒဏ်ရာရသူများအား စစ်တွေဆေးရုံသို့ပို့ဆောင်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

စက်တင်ဘာ ၂ ရက်က မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဝန်ထမ်းများ၊ စေတနာလုပ်အားရှင်များသည် မောင်တော၊ ရသေ့တောင်နှင့် ဘူးသီးတောင်မြို့တို့မှ စစ်တွေမြို့သို့ တိမ်းရှောင်လာသော ပြည်သူများအား ယာယီခိုလှုံရာစခန်းများတွင် နေရာချထားပေးခြင်း၊ ဒဏ်ရာရသူများအား စစ်တွေဆေးရုံသို့ ပို့ဆောင်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ကယ်ဆယ်ရေးဦးစီးဌာန၏ ချိတ်ဆက်မှုဖြင့် မောင်တောမြို့နယ်ရှိ ယာယီခိုလှုံရေးစခန်းများတွင် အရေးပေါ်အိမ်သာများ ဆောက်လုပ်ရန်အတွက် တာပေါ်လင်များ ထောက်ပံ့ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စက်တင်ဘာ ၃ ရက်တွင် ဘူးသီးတောင်၊ မောင်တောမြို့တို့မှ စစ်တွေမြို့သို့ အမြန်ရေယာဉ်များဖြင့် တိမ်းရှောင်လာသော ပြည်သူများကို ရခိုင်အထူးစီမံချက်မှ ဝန်ထမ်းများနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များက ယာယီခိုလှုံရာ စခန်းများတွင် နေရာချထားပေးခြင်း၊ ဒဏ်ရာရသူများအား စစ်တွေဆေးရုံသို့ ပို့ဆောင်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု အကူအညီများ ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် တာပေါ်လင်ဖြင့် ပြုလုပ်သော ရေကန်များကို ဓမ္မာရာမ ကျောင်းတွင် နှစ်ကန်နှင့် မဏိရတနာကျောင်းတွင် တစ်ကန်ပြုလုပ်ပေးခဲ့ပြီး အဓိဋ္ဌာန်ဘုန်းကြီးကျောင်းတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ခဲ့သည်။

မြောက်ဦးမြို့ လောကမာန်အောင်ဘုရားဓမ္မာရုံတွင် နေရပ်စွန့်ခွာသူ ၃၀ ရောက်ရှိလာပြီး မြောက်ဦးခရိုင် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမောင်လှ ဦးဆောင်သောအဖွဲ့တို့က အလှူငွေများဖြင့် ဆန်၊ ခြင်ထောင်၊ ခေတ်ဆားထုပ်တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

စက်တင်ဘာ ၅ ရက်တွင် မင်းပြားမြို့နယ် ကြက်ခြေနီစေတနာလုပ်အားရှင်များသည် CBHFA စီမံချက်မှ ထောက်ပံ့သော ဓာတ်ဆားထုပ် ၃၀၀ ကို ဘူးသီးတောင်၊ မောင်တောမှ နေရပ်စွန့်ခွာ ရွှေ့ပြောင်းလာသောအိမ်ထောင်စု ၅၃ စု၊ ကျား ၆၅၊ မ ၁၀၇ ဦး စုစုပေါင်း ၁၇၂ ဦးအတွက် ထောက်ပံ့ပေးခဲ့သည်။ စက်တင်ဘာ ၆ ရက်တွင် ဘူးသီးတောင်၊ မောင်တောမြို့တို့မှ စစ်တွေမြို့သို့ အမြန်ရေယာဉ်များဖြင့် တိမ်းရှောင်လာသော ပြည်သူများကို ကြက်ခြေနီစေတနာ လုပ်အားရှင်များက ယာယီခိုလှုံရာစခန်းများတွင် နေရာချထားပေးခြင်း၊ ဒဏ်ရာရသူများအား စစ်တွေဆေးရုံသို့ပို့ဆောင်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု အကူအညီများဆောင်ရွက်ပေးခဲ့သည်။

မောင်တောဒေသ အကြမ်းဖက်မှုအန္တရာယ်ကြောင့် ထွက်ပြေးတိမ်းရှောင်လာသူများအနက် သက်ကြီးရွယ်အိုတစ်ဦးအား မြန်မာနိုင်ငံကြက်ခြေနီအသင်းတပ်ဖွဲ့ဝင်များက ကူညီဖေးမပေးစဉ်

မောင်တောဒေသ အကြမ်းဖက်မှုအန္တရာယ်ကြောင့် ထွက်ပြေးတိမ်းရှောင်လာသူမိသားစုများအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက လိုအပ်သည်များ ကူညီထောက်ပံ့ပေးစဉ်

ထို့ပြင် အဓိဋ္ဌာန်ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်းတွင် ကျန်းမာရေး ဦးစီးဌာနမှ ဆရာဝန်တစ်ဦး၊ သူနာပြုနှစ်ဦးတို့နှင့်အတူ ကြက်ခြေနီ စေတနာလုပ်အားရှင်နှစ်ဦးတို့သည် နေ့စဉ်ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့သည်။

သံတွဲခရိုင်နှင့် တောင်ကုတ်မြို့နယ်တို့မှ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် မအီမြို့ရှိ ဆွေမျိုးများ နေအိမ်သို့ရောက်ရှိနေသည့် မောင်တောမြို့နယ်မှ နေရပ်စွန့်ခွာရွှေ့ပြောင်းလာသော အိမ်ထောင်စု ကိုးစု၊ လူဦးရေ ၄၂ ဦးတို့ကို လိုအပ်သည်များ ကူညီနိုင်ရန် သွားရောက်ခဲ့ပြီး Family Kit ကိုးခု၊ Hygiene Kit ကိုးခုနှင့် Dignity Kit ကိုးခုတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံ

စက်တင်ဘာ ၇ ရက်က မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှ ဦးဆောင်သောအဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့်တွေ့ဆုံကာ ပြည်နယ်အတွင်း ရှေ့ဆက်ဆောင်ရွက်မည့် လူမှုကရုဏာလုပ်ငန်းများအကြောင်း ဆွေးနွေးခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် စီမံချက်လုပ်ငန်းများကိုသာမက အကြမ်းဖက်မှုများကြောင့် ထိခိုက်ခံစားရသူများကို လူမှုကရုဏာဆိုင်ရာ အကူအညီများအား ထိထိရောက်ရောက်ပေးနိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပစ္စည်းများပေးအပ်

စက်တင်ဘာ ၈ ရက်က သံတွဲခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ခရိုင်ဦးစီးမှူး(ဒုတိယတန်း) ဦးသန်းထွန်းဦးဆောင်၍ တပ်ဖွဲ့ဝင် လေးဦးသည် သံတွဲခရိုင် သံတွဲမြို့ ဒေါ်မြကျေးရွာသို့ နေရပ်စွန့်ခွာ တိမ်းရှောင်လာသူ အိမ်ထောင်စု ခြောက်စုအတွက် လိုအပ်သော ထောက်ပံ့ပစ္စည်းများ သွားရောက်ပေးအပ်ခဲ့ကြောင်း ဖော်ပြ ထားသည်။ **(သတင်းစဉ်)**

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၁၁
ကယားပြည်နယ်တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးတွင်နေရာစိပ်စိပ်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့်ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **(မိုး/ဇလ)**

မြေပုံမြို့နယ် ဒိုင်းပုံကျေးရွာအုပ်စုမှအလှူငွေများ နေရပ်စွန့်ခွာတိုင်းရင်းသားများအတွက် လာရောက်လှူဒါန်း

စစ်တွေ စက်တင်ဘာ ၁၁
ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာတိုင်းရင်းသားများနှင့် ကျောင်းသား ကျောင်းသူများအတွက် မြေပုံမြို့နယ် ဒိုင်းပုံကျေးရွာအုပ်စုမှ အလှူငွေများကောက်ခံပြီး စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်ပညာရေးဌာနတို့သို့ လာရောက်လှူဒါန်းခဲ့ကြသည်။

ထိုသို့လှူဒါန်းရာတွင် ဒိုင်းပုံကျေးရွာမှ ဦးဖြူဒေါင်းနှင့် ဦးမောင်ဖြူတို့က ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်နှင့် ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်းတို့ထံ ငွေကျပ် ၁၀၀၇၃၀၀၊ ပြည်နယ်ပညာရေးဌာန ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးစိန်ထွန်းလှထံ ငွေကျပ် သုံးသိန်းတို့အား လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောခရိုင်အတွင်းARSAအစွန်းရောက်အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေကြသည့်ဒေသခံတိုင်းရင်းသားပြည်သူများအား ကူညီထောက်ပံ့ပေးနိုင်ရေးအတွက် ၁၉၈၃-၁၉၈၄ ရန်ကုန်တက္ကသိုလ်(ဗိုလ်တထောင်နယ်မြေ) ရူပဗေဒကျောင်းသား ကျောင်းသူဟောင်းများစုပေါင်း လှူဒါန်းသည့် အလှူငွေကျပ် ၂၁ သိန်းကို အဆိုပါဒေသသို့ သွားရောက်လှူဒါန်းမည့် ဝေဠုကျော်ဖောင်ဒေးရှင်းထံသို့ စက်တင်ဘာ ၉ ရက်က ပေးအပ်ခဲ့စဉ်
အောင်သန်းထွန်း

မောင်တောဒေသမှာဖြစ်တဲ့ဖြစ်စဉ်က ဘာသာရေးလည်း မဟုတ်ဘူး၊ လူမျိုးရေးလည်း မဟုတ်ဘူး၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိခိုက်စော်ကားနေခြင်းဖြစ်

တင်မောင်လွင်၊ မင်းထက်အောင်၊ ဓာတ်ပုံ-မောင်မွေး

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်တို့ ဦးဆောင်၍ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တာဝန်ရှိသူများသည် စက်တင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ရသေ့တောင်၊ ဘူးသီးတောင်နှင့် စစ်တွေမြို့တို့ရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ၎င်းတို့၏ လိုအပ်ချက်များ အပေါ် မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ထိုသို့ သွားရောက်တွေ့ဆုံဆွေးနွေးမှုများနှင့်ပတ်သက်၍ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တာဝန်ရှိသူတချို့၏ ပြောကြားချက်များကို ဇော်ပြလိုက်ပါသည်။

ဒေါက်တာသာဉာဏ်

ပါမောက္ခ ဒေါက်တာခင်မောင်ထူး

ဦးညွန့်မောင်သိန်း

ဦးရာဂူးနေမြင့်

ဒေါက်တာသာဉာဏ်(အထွေထွေ အတွင်းရေးမှူး၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ခရစ်ယာန်ဘာသာ)

ကျွန်တော့်အနေနဲ့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ အစီအစဉ်နဲ့ လာရောက်ခြင်းဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ဩဂုတ် ၂၅ ရက်ဖြစ်စဉ်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဘာသာပေါင်းစုံအဖွဲ့ အစည်းအဝေးလုပ်တယ်။ အစည်းအဝေးလုပ်ပြီးတဲ့အခါ ဒေသခံတွေရဲ့အခက်အခဲတွေကို ကူညီဖို့ ကျွန်တော်တို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ အဲဒီတော့ မောင်တောဒေသကို သွားဖို့ ၁၀ ဦးပါဝင်တဲ့အဖွဲ့ ဖွဲ့လိုက်တယ်။ ဗုဒ္ဓဘာသာဝင် နှစ်ဦး၊ အစ္စလာမ်ဘာသာဝင် နှစ်ဦး၊ ဟိန္ဒူဘာသာဝင် နှစ်ဦး၊ ခရစ်ယာန်ဘာသာဝင် နှစ်ဦးအပြင် ကျွန်တော်ကတော့ အထွေထွေအတွင်းရေးမှူး တာဝန်နဲ့ လာရောက်ခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကိုယ်စားရောဆိုရင် အားလုံးပေါင်း ၁၀ ဦး လာရောက်ခြင်း ဖြစ်ပါတယ်။

အဲဒီတော့ တစ်ခုခုဖြစ်ပြီဆိုရင် ဒုက္ခသည်ရှိပြီ။ ဒုက္ခသည်တွေကို နေရာချထားကျွေးမွေးဖို့လိုလာပြီ။ နောက်ပိုင်း ပြန်လည်ထူထောင်ရေး၊ နေရာချထားရေး အဲဒါတွေလည်း လိုပါတယ်။ ဒီဒေသမှာတော့ ကယ်ဆယ်ရေးက တော်တော်လေးကို အရေးကြီးနေပါတယ်။ နောက်ပြီး အထင်မမှားကြဖို့လည်း လိုတယ်။ မောင်တောဒေသမှာ ဖြစ်တဲ့ဖြစ်စဉ်က ဘာသာရေးလည်း မဟုတ်ဘူး၊ လူမျိုးရေးလည်း မဟုတ်ဘူး၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိခိုက်စော်ကားနေခြင်းဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာလည်း ဒီလိုဖြစ်နေတာတွေရှိပါတယ်။ ထိုင်းနိုင်ငံတောင်ပိုင်းမှာဆိုလည်း ဒီလိုပြဿနာရှိနေတာပဲ။ အင်ဒိုနီးရှားမှာလည်း အသေးအဖွဲပြဿနာရှိနေတာပဲ။ ဒီတော့ ကျွန်တော်တို့ နိုင်ငံမှာက ကြိုတင်ကာကွယ်ဖို့ အချိန်မီသေးတယ်။ အဲဒီအချိန်မီသေးတာကို ကျွန်တော်တို့ အစိုးရ၊ တပ်မတော်၊ ပြည်သူတွေ အတူတကွ ပူးပေါင်းလုပ်ဆောင်ဖို့ လိုပါတယ်။

ဒီမှာရှိတဲ့ တိုင်းရင်းသားပြည်သူတွေကို ကိုယ်ချင်းစာပါတယ်။ ဒီဒေသက သူတွေ အားလုံးငြိမ်းချမ်းဖို့၊ နေရေးထိုင်ရေးမှာ အခက်အခဲမရှိဖို့ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်လေးစားဖို့ လိုပါတယ်။ အမှန်မြင်ဖို့လည်း အရေးကြီးပါတယ်။ ကျွန်တော်တို့ ကူညီဖို့လာခဲ့ခြင်းဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

ပါမောက္ခ ဒေါက်တာခင်မောင်ထူး (အဖွဲ့ဝင်၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ပုဒ္ဓဘာသာ)

မောင်တောဒေသမှာဖြစ်တဲ့ ကိစ္စတွေအပေါ် ကျွန်တော်တို့အနေနဲ့ ဘယ်လိုများ တတ်နိုင်သလောက် ကူညီနိုင်မလဲဆိုတဲ့သဘောနဲ့ လာခဲ့တာပါ။ လိုအပ်ချက်တွေကို ဘယ်လိုများ ဖြည့်ဆည်းပေးနိုင်မလဲဆိုတာကို သိချင်တဲ့အတွက်လည်း လာခဲ့တာပါ။ ကျွန်တော်တို့ ဒီမှာရောက်ပြီး သိရတာကတော့ အကြမ်းဖက်သမားတွေက ဘာသာရေးကို ခုတုံးလုပ်ပြီး သူတို့လိုချင်တာကို အကြမ်းဖက်နည်းနဲ့ ရအောင်ယူမယ်ဆိုတဲ့ သဘောမျိုးနဲ့ လုပ်ကြတာပါ။ ကျွန်တော့်အနေနဲ့လည်း ဒေသခံပြည်သူတွေကို ဖြတ်ပွစိုရိတရား လေးပါးနဲ့ နေပေးဖို့ မှာခဲ့ပါတယ်။ နောက်ပြီး ပြောသမျှ ကောလာဟလတွေကိုမယုံကြည်ဖို့၊ စူးစမ်းဆင်ခြင်ဆုံးဖြတ်ပြီးမှ လုပ်ဖို့၊ ညှိညှိတ်ဖို့ ပြောခဲ့ပါတယ်။ နောက်တစ်ချက်က ကျန်းမာရေးနဲ့ပတ်သက်ပြီး တာဝန်ပေးရင်လည်း ကျွန်တော့်အနေနဲ့ လာဦးမှာပါ။ ကျန်းမာရေးအတွက် ဆရာဝန်တွေနဲ့ လိုအပ်တဲ့ ဆေးပစ္စည်းတွေကို ကူညီပေးမယ်။ အစားအစာတွေလည်း ထောက်ပံ့ကူညီပေးဖို့ စီစဉ်ထားပြီးပါပြီ။

ဦးညွန့်မောင်သိန်း(ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ အစ္စလာမ်ဘာသာ)

ကျွန်တော်တို့အနေနဲ့ ဩဂုတ် ၂၅ ရက်ကဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေ အားလုံးအပေါ်မှာ စာနာစိတ်ထားပြီးတော့ ဘယ်လိုပဲပုံပိုးကူညီဆောင်ရွက်သွားမလဲ။ နိုင်ငံတကာမှာ ဖြစ်ပေါ်နေတဲ့ ကောလာဟလသတင်းတွေကို အဖြစ်မှန်တွေနဲ့ ဘယ်လိုဖြေရှင်းပေးနိုင်မလဲ။ ဒီမှာ ဒုက္ခရောက်နေတဲ့ ပြည်သူတွေအားလုံးကို အစွမ်းထားဘဲနဲ့ ဘယ်လို အကူအညီပေးနိုင်မလဲ၊ အမြန်ဆုံး သူတို့ရဲ့ မူလနေရာတွေကိုရောက်အောင် ဘယ်လိုလုပ်ပေးနိုင်မလဲဆိုတဲ့ ကိစ္စရပ်တွေကို သိရအောင် လာရောက်တာပါ။ ကျွန်တော်တို့ လာတာဟာ အကူအညီပေးဖို့ သက်သက်သာဖြစ်ပါတယ်။ ကျန်တာ ဘာမှမပါဘူး။ ရသေ့တောင်၊ မောင်တောနဲ့ ဘူးသီးတောင်မြို့တွေကိုသွားပြီး ဒေသခံဘာသာပေါင်းစုံက ပြည်သူတွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့တယ်။ မောင်တောမှာလည်း လူတွေ ခံစားနေရတာတွေကို တွေ့ရတယ်။ ဒီလို ခံစားနေရတာက အကြမ်းဖက်မှုကြောင့်ပါ။ ဒီအကြမ်းဖက်မှုတွေကို ကျွန်တော်တို့ လက်မခံပါဘူး။

ဦးရာဂူးနေမြင့် (အဖွဲ့ဝင်၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ဟိန္ဒူဘာသာ)

မြေပြင်မှာ အသက်အိုးအိမ်စည်းစိမ်အတွက် ဒုက္ခရောက်နေတဲ့သူတွေအတွက် ကူညီကယ်ဆယ်ရေးအပိုင်းတွေ ဘယ်လိုဆောင်ရွက်ပေးရမလဲ။ ကူညီကယ်ဆယ်ရေးအပိုင်းပြီးရင် နောက်ပိုင်းမှာ လိုအပ်ချက်တွေ ဘယ်လိုဖြည့်ဆည်းဆောင်ရွက်ပေးရမလဲ။ အနာဂတ်မှာ သူတို့ရဲ့ ပြန်လည်ထူထောင်ရေးတွေ ဘယ်လိုလုပ်ပေးရမလဲဆိုတာကို လာရောက် လေ့လာတာပါ။

ဒီလိုအချိန်မှာ ဘာသာပေါင်းစုံ ငြိမ်းငြိမ်းချမ်းချမ်း နေရအောင်ဆိုပြီး ဆွေးနွေးဖို့အတွက် မဟုတ်ပါဘူး။ အဖြစ်မှန်ကို သိရဖို့လိုပါတယ်၊ ဒါမှလည်း ကျွန်တော်တို့က နိုင်ငံတကာကို ပြန်ပြောပြလို့ရမယ်။ နောက်တစ်ခုက တကယ်လက်တွေ့အခက်အခဲဖြစ်နေတဲ့၊ ဒုက္ခတွေ ခံစားနေရတဲ့ နေရပ်ရွောင်တွေကို ဘယ်လိုကူညီရမလဲ။ ပြီးတော့ သူတို့ဝတ္တရဲ့ အနာဂတ်မှာ ဘယ်လိုပြန်လည်ထူထောင်ရေးတွေ လုပ်ပေးရမလဲဆိုတဲ့ ရည်ရွယ်ချက်နဲ့ လာခဲ့တာလည်း ပါပါတယ်။

နိုင်ငံတကာမှာ လူနည်းစုတွေကို လူမျိုးတုံးသတ်ဖြတ်တယ်ဆိုတဲ့ ပုံစံမျိုးအထိ ဖော်ပြနေတာတွေရှိတယ်။ ရခိုင်ပြည်နယ်မှာရှိတဲ့ လူနည်းစုဆိုတာ ဘင်္ဂလီလူနည်းစုလို့ သူတို့က ဆိုလိုချင်တာ။ ဒါပေမယ့် အဲဒီထဲမှာ တော်တော်နည်းတဲ့ လူနည်းစုမှာ ကျွန်တော်တို့ ဟိန္ဒူလူမျိုးတွေပါတယ်။ အခု ဒီဖြစ်စဉ်မှာလည်း ကျွန်တော်တို့ ဟိန္ဒူလူမျိုးတွေ တော်တော်အထိနာပါတယ်။ အသတ်လည်း ခံကြရတယ်။ အမျိုးသမီးတွေဆိုလည်း အဓမ္မပြုကျင့်ခံရတယ်။ တချို့ဆိုဘာသာကူးပြောင်းခံရတယ်။ ကျွန်တော်တို့သွားရောက် လေ့လာကြည့်တော့ ကလေးငယ်လေးတွေမှာဆို သေနတ်ဒဏ်ရာတွေရတာ တွေ့ရတယ်။ ဘင်္ဂလီရွာတွေထဲမှာက ကျွန်တော်တို့ ဟိန္ဒူလူမျိုးတွေက လူနည်းစုတွေဖြစ်တယ်၊ ဟိန္ဒူတွေ အခုလို ထိခိုက်နေတယ်၊ သေကျေပျက်စီးနေတယ်၊ ဒုက္ခရောက်နေတယ်ဆိုတာတွေကို နိုင်ငံတကာ မီဒီယာတွေက ပြောဆိုတာမရှိဘူး။

ကျွန်တော်တို့ မောင်တောဒေသခံတွေနဲ့ သွားရောက်တွေ့ဆုံတဲ့အခါမှာ ဟိန္ဒူဘာသာဝင်တွေလည်း ပါတယ်။ ခရစ်ယာန်တချို့လည်းပါတယ်။ အစ္စလာမ်ဘာသာဝင်တွေလည်း ပါတယ်။ အများစုကတော့ ရခိုင်တိုင်းရင်းသားဗုဒ္ဓဘာသာဝင်တွေပါ။ အဲဒီမှာ တကယ်ဖြစ်ပျက်သွားတဲ့ ဖြစ်စဉ်တွေကို အားလုံးရှေ့မှာ ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်း မေးကြတယ်။ ရခိုင်တိုင်းရင်းသားတချို့ဖြစ်သွားတာတွေနဲ့ပတ်သက်ပြီး အတိအကျ အသေအချာ ပြန်ပြောတဲ့အခါ အစ္စလာမ်ဘာသာဝင်တွေရှေ့မှာပဲ ပြောတာပါ။ သူတို့မငြင်းခဲ့ကြပါဘူး။ အခုလို ဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီး စိတ်မကောင်းဘူးဆိုတာကို အစ္စလာမ်ဘာသာဝင်တွေက ပြန်ပြောကြတယ်။

သေချာတာတစ်ခုကတော့ သူတို့ပြောသွားတာ မောင်တောမှာဆို ဥရောပခိုင်နှန်းက ဘင်္ဂလီလူမျိုးတွေ ဖြစ်တယ်။ ရခိုင်တိုင်းရင်းသားတွေက နှစ်ရာခိုင်နှုန်းလောက်ပဲရှိတယ်။ အဲလိုနေခဲ့ရာမှာ လူနည်းစုတိုင်းရင်းသားတွေက ဘယ်သောခါမှ ပြဿနာကို စလုပ်ခဲ့တယ်ဆိုတာ သမိုင်းမှာမရှိခဲ့ဘူး။ အခုလည်း မလုပ်ဘူး။ နောင်လည်း လုပ်မှာမဟုတ်ဘူး။ ပြဿနာကို စလိုက်တိုင်းက ဒီ ဥရောပခိုင်နှုန်းရှိတဲ့ ဘင်္ဂလီတွေက စတယ်လို့ သူတို့က အားလုံးရှေ့မှာ ပြောတယ်။ အစ္စလာမ်ဘာသာဝင်တွေ ရှေ့မှာလည်း ပြောတယ်။ အစ္စလာမ်ဘာသာဝင်တွေ ဘက်ကလည်း ငြင်းချက်ထုတ်တာ မတွေ့ရဘူး။ ဘယ်လိုနည်းနဲ့ပဖြစ်ဖြစ် ဒီလို အကြမ်းဖက်တဲ့နည်းနဲ့ဆိုရင် အားလုံး ထိခိုက်နစ်နာတယ်။ အကြမ်းဖက်မှုမျိုးကို လုံးဝလက်မခံဘူးဆိုတာ ပြောချင်ပါတယ်။

ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များဆောင်ရွက်နေသော တပ်မတော်သားများနှင့် နေရပ်စွန့်ခွာဒုက္ခသည်များအား လူသုံးကုန်နှင့် စားသောက်ဖွယ်ရာများပေးအပ်ပြီး နှစ်သိမ့်ဆွေးနွေးအားပေး

နေပြည်တော် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့သည် စက်တင်ဘာ ၉ ရက်က ဘူးသီးတောင်မြို့သို့ သွားရောက်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များ ဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များအား အလှူငွေကျပ်သိန်း ၁၂၀ နှင့် အဝတ်အထည်များ ဂုဏ်ပြုပေးအပ်ခဲ့ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်စိုးက လက်ခံရယူခဲ့သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် မောင်တောသာသနာ့ဝိဓာန်ကျောင်းရှိ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာခဲ့ရသည့် ဒုက္ခသည်များအား သွားရောက်အားပေးပြီး အဝတ်အထည်၊ စားသောက်ကုန်နှင့် အမျိုးသမီးသုံးပစ္စည်းများ၊ ဆေးစိမ်ခြင်ထောင်များ ပေးအပ်လှူဒါန်းခဲ့သည်။

ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်တို့၌ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များအတွက် ငွေကျပ်သိန်း ၆၀ နှင့် စားသောက်ကုန်၊ အဝတ်အထည်များကိုပေးအပ်ခဲ့ရာ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှူးက လက်ခံရယူသည်။

ထို့နောက် ဘူးသီးတောင်လမ်းမဘုန်းကြီးကျောင်းရှိ ရခိုင်တိုင်းရင်းသားနှင့် ဟိန္ဒူဘာသာဝင်များ နေထိုင်သည့် ဒုက္ခသည်စခန်းသို့ သွားရောက်၍ စားသောက်စရာများ၊ အဝတ်အထည်များ၊ ကလေးဝတ်များ၊ အခင်းများ၊ ရေချိုးခန်းလိုက်ကာများ၊ အခွေးထည်များကို ပေးအပ်လှူဒါန်းခဲ့ပြီး ဒုက္ခသည်များအား ရင်းနှီးစွာ နှစ်သိမ့်ဆွေးနွေးအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အမှုဆောင်သစ်များ ရွေးချယ်

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ (၂၀၁၇/၂၀၂၀)ခုနှစ်အတွက် ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ ရွေးချယ်ပွဲကို စက်တင်ဘာ ၉ ရက် နံနက်က မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ကုန်စည်ဒိုင်ဝင်းအတွင်းရှိ ကုန်စည်ဒိုင်များ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ရွေးဦးစွာ ရွေးချယ်တင်မြှောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးမောင်မောင်က ရွေးချယ်ပွဲ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး အသင်းဝင်များက ဆန္ဒမဲများပေးကြသည်။

ရွေးချယ်တင်မြှောက်ပွဲတွင် ဥက္ကဋ္ဌ ဦးမြင့်ကြူ ဦးဆောင်သော ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင် ၁၆ ဦးတို့ကို ဆန္ဒမဲပေး ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အထိမ်းအမှတ် လွှတ်တော်ရေးရာဥာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၁

၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ (International Day of Democracy 2017) အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် လွှတ်တော်ရေးရာ ဥာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယနေ့ ညနေ ၆ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ကျင်းပရာ လွှတ်တော်ရေးရာ ဥာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးဘိုဘိုဦးနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုများ တက်ရောက်ကြသည်။

လွှတ်တော်ရေးရာ ဥာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုနှင့် နေပြည်တော်တို့မှ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို စက်တင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ဆက်လက်ကျင်းပကာ Hluttaw Channel၊ Skynet Education Channel တို့မှ တိုက်ရိုက် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခိုးထွက်သူတစ်ဦးအား လုံခြုံရေးရဲကင်းမှ ထိန်းသိမ်းခဲ့

နေပြည်တော် စက်တင်ဘာ ၁၁

စက်တင်ဘာ ၁၀ ရက်က စစ်တွေမြို့အောင်မင်္ဂလာရပ်ကွက်နေသူတစ်ဦးသည် သတ်မှတ်နေရာမှခိုးထွက်၍ ဈေးသွားဝယ်ရာမှ ဒေသခံတိုင်းရင်းသားများက ဝိုင်းဖမ်းစဉ် ကြည့်ရှုသူများဖြင့် လူအုပ်စုဖြစ်ပေါ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ထိန်းသိမ်းခဲ့ရကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ အောင်မင်္ဂလာရပ်ကွက်နေသူ အီစွတ် (ခ) ပိုင်ပြည့်စုံသည် ရပ်ကွက်အတွင်းမှ စက်ဘီးဖြင့်ခိုးထွက်၍ ဈေးသွားဝယ်ရာ ဒေသခံတိုင်းရင်းသားသုံးဦးကတွေ့ရှိပြီး ဝိုင်းဝန်းဖမ်းဆီးသဖြင့် ၎င်းအား မာရာကန်ရဲကင်းမှ ထိန်းသိမ်းထားစဉ် ဒေသခံတိုင်းရင်းသားများက လာရောက်ဝိုင်းအုံကြည့်ရှုရာ လူအုပ်စုအင်အား ၃၀ ခန့်ဖြစ်ပေါ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ထိန်းသိမ်းခဲ့ရကြောင်း၊ အီစွတ် (ခ) ပိုင်ပြည့်စုံအား ရပ်မိရပ်ဖများထံ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

သတ်မှတ်နေရာမှခိုးထွက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းသိမ်းခဲ့ရသည့် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်နေ အီစွတ်(ခ) ပိုင်ပြည့်စုံ

ယမ်းမှုန့်များထည့်ထားသည့် ပလတ်စတစ်ဘူး နှစ်ဘူးတွေ့ရှိ

စက်တင်ဘာ ၁၁ ရက် နံနက် ၃ နာရီခွဲခန့်တွင် မင်းပြားမြို့နယ် သင်္ဃာကျေးရွာရှိ ဦးညွှန့်သာအောင်၏ နေအိမ်အမိုးပေါ်တွင် မီးစတစ်ခုကို တွေ့ရှိခဲ့သည်။

အဆိုပါနေရာကို သံရှင်ရဲကင်းစခန်းမှူးနှင့် ရာအိမ်မှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ကြည့်ရှုခဲ့ရာ နေအိမ်ခေါင်မိုးပေါ်မှ အရှည် နှစ်လက်မခန့်ရှိ အစိမ်းတစ်ပိုင်း၊ အနီတစ်ပိုင်း ပလတ်စတစ်ဘူး၏ ထိပ်ပိုင်းတွင် စနက်တံတပ်ဆင်ကာ ဘူးထဲ၌ ယမ်းမှုန့်များထည့်ထားသည့် ဘူးနှစ်ဘူးကိုတွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့သည်။

ယမ်းမှုန့်များထည့်ထားသည့် ပလတ်စတစ်ဘူး နှစ်ဘူး

သိမ်းဆည်းရမိသည့် ဘူးနှစ်ဘူးကို ပေါက်ကွဲစေနိုင်သော၊ မီးလောင်စေနိုင်သော လက်လုပ်ပုံး ဟုတ်၊ မဟုတ် စိစစ်ခဲ့ရာ မီးလောင်လွယ်အောင်ပြုလုပ်ထားသည့် ပစ္စည်းဖြစ်ကြောင်း သိရသည်။

တောင်ပြိုလက်ဝဲမြို့ဆေးရုံသို့ အလောင်းတစ်လောင်း ရောက်ရှိ

မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့ဆေးရုံသို့ စက်တင်ဘာ ၁၀ ရက် နံနက် ၆ နာရီက လူသေလောင်းတစ်လောင်း ရောက်ရှိလာကြောင်း သိရသည်။

တောင်ပြိုလက်ဝဲမြို့ဆေးရုံသို့ လူသေလောင်းတစ်လောင်း ရောက်ရှိလာသဖြင့် နယ်မြေရဲစခန်းမှ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ တောင်ပြိုလက်ဝဲ (၁) ရပ်ကွက်နေသူ ဘတ်တာယ်(ခ) ဒီမာမောက် (၄၉ နှစ်)ဖြစ်ကြောင်း သိရသည်။

၎င်းသည် သြဂုတ် ၂၆ ရက် ညနေ ၄ နာရီ မိနစ် ၄၀ က တောင်ပြိုလက်ဝဲမြို့ (၂)ရပ်ကွက်အတွင်း အကြမ်းဖက်သမား သုံးဦးရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ဝင်ရောက်ရှာဖွေစဉ် ARSA အစွန်းရောက်အကြမ်းဖက်သမား သုံးဦးက သေနတ်ဖြင့်စတင်ပစ်ခတ်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည် ရှင်းလင်းပစ်ခတ်ရာမှ သေနတ်ထိမှန်ခဲ့သောဒဏ်ရာဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ကျီးကျွန်းရဲကင်းစခန်း၌ လောင်းလှေနှစ်စင်းနှင့် လှေပေါ်ပါ မသင်္ကာသူများအား ဖမ်းဆီးထိန်းသိမ်း

မောင်တောမြို့နယ် ကျီးကျွန်းရဲကင်းစခန်း၌ လောင်းလှေနှစ်စင်းနှင့် လှေပေါ်ပါရှိသူ အလောင်းတစ်လောင်းနှင့် လူ ၁၆ ဦးအား စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

ကျီးကျွန်းရဲကင်းစခန်းနယ်မြေတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကင်းလှည့်ဆောင်ရွက်နေစဉ် စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က အလယ်ချောင်းအတိုင်း တောင်ဘက်မှ ကျီးကျွန်းရဲကင်းဘက်သို့ လောင်းလှေနှစ်စင်း လှော်ခတ်လာသည်ကိုတွေ့ရ၍ ရပ်တန့်ရန်ဟန့်တားခဲ့သည်။

မောင်တောမြို့နယ် အလယ်ချောင်းအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ဖြတ်ကူးမည့် လောင်းလှေနှစ်စင်းပေါ်မှ ဖမ်းဆီးရမိသူများ

ထိုသို့ ဟန့်တားသော်လည်း ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်လှော်ခတ်သဖြင့် လက်နက်ငယ်ဖြင့် ခြောက်လှန့်ပစ်ခတ်စဉ် ကျည်ထိမှန်ဒဏ်ရာဖြင့် သေဆုံးနေသည့် ဂုံးနားကျေးရွာနေ ဇာဟတ် တူဆောင်းပါ မသင်္ကာသူ လေးဦး ၊ ဓားရှည် လေးလက်ကိုလည်းကောင်း၊ ကျန်လှေပေါ်မှ ကျွန်းခေါင်းကျေးရွာနေ မဆန်နာဝါရာဘေဂွပ်ပါအမျိုးသား တစ်ဦး၊ အမျိုးသမီး သုံးဦး၊ ကလေး ရှစ်ဦး စုစုပေါင်း လှေ နှစ်စင်းပေါ်ပါရှိသူ ၁၆ ဦးအား ထိန်းသိမ်းခဲ့သည်။

၎င်းတို့အား စစ်မေးရာ နယ်မြေ (၅) လောင်းခုံမှ ထွက်ပြေးလာခြင်းဖြစ်ပြီး နှတ်မြစ်အား ဖြတ်၍ ကျီးကျွန်းရဲကင်းစခန်းအနီး အလယ်ချောင်းအတိုင်း ဝင်ရောက်လာခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

သီးနှံစံပြကွက်၊ စမ်းသပ်ကွက်များ စိုက်ပျိုးရေးကျောင်းသား၊ ကျောင်းသူများ လေ့လာ

နေပြည်တော် စက်တင်ဘာ ၁၁

၂၀၁၇-၂၀၁၈ ခုနှစ် မိုးသီးနှံများ စိုက်ပျိုးရာသီတွင် စပါးမျိုးစေ့ထုတ် လုပ်ငန်းဆောင်ရွက်မှုများ၊ SRI စနစ် စံပြကွက်များကို မြို့နယ်တိုင်းတွင်စိုက်ပျိုးပြီး အပင်ပြုစုခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း စသည့်လုပ်ငန်းများသို့ စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်က ဦးဆောင်၍ ကျောင်းသား၊ ကျောင်းသူများက နေပြည်တော်ရှိ မြို့နယ်မျိုးစေ့ထုတ်လုပ်ငန်းများ၊ သစ်စိမ်းမြေဩဇာစံပြကွက်များ၊ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာများ၊ မျိုးစေ့ထုပ်ပိုးစက်ရုံများ၊ တပ်ကုန်းမျိုးစေ့ခြံတို့ကို အသီးသီးလေ့လာရေး သွားရောက်ခဲ့ကြသည်။

စိုက်ပျိုးရေးတက္ကသိုလ်မှ နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများသည် လေ့လာရေးခရီးစဉ်တွင် သက်ဆိုင်ရာမြို့နယ်များမှ မြို့နယ်ဦးစီးမှူးများက ရှင်းလင်းပြသကြကြောင်း သိရသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများသည် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန Internship programme စနစ်ဖြင့် တစ်လခွဲကာလဖြင့် မြို့နယ်များတွင် ကွင်းလက်တွေ့သင်တန်းပေးခြင်း ဆောင်ရွက်ပေးလျက်ရှိသည်။

မောင်ကျော်ကြီး

မကွေးနှင့် Southern အမှတ်ခွဲယူ

ရန်ကုန် စက်တင်ဘာ ၁၁

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၇) နောက်ဆုံးနေ့အဖြစ် မကွေးနှင့် Southern အသင်း ယနေ့ ညနေပိုင်းက YUSC ကွင်း၌ ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေကျခဲ့သည်။ Southern အသင်းသည် အဝေးကွင်းတွင် သရေတစ်မှတ်ရယူနိုင်ခဲ့ပြီး ၁၆ မှတ်ဖြင့် တန်းဆင်းဇုန်မှလွတ်ရန် အခြေအနေကောင်းများ ပိုင်ဆိုင်သွားခဲ့သည်။

ပထမပိုင်းတွင် မကွေးအသင်းက ပိုဖိကစားနိုင်ခဲ့သော်လည်း တိုက်စစ်မှူး ချိုထွန်း အပိုင်အခွင့်အရေး နှစ်ကြိမ်လွဲချော်ခဲ့၍ နစ်နာခဲ့ရသည်။ ပထမပိုင်းပြီး ခါနီးတွင် မကွေးအသင်း ဦးဆောင်ဂိုးရခဲ့ပြီး ပယ်နယ်တီ ဇရိယာစည်းထိပ်တွင် ရရှိသည့်ပြစ်ဒဏ်ဘောကို တိုက်စစ်မှူး အဗ္ဗဒူလာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် Southern အသင်းက ချေပဂိုးရရန် တိုက်စစ်အား မြှင့်လာခဲ့ပြီး ၇၉ မိနစ်တွင် ဆီမွန်က ချေပဂိုးပြန်သွင်းခဲ့သည်။

ပွဲစဉ်(၁၇)အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၄၁ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၃၉ မှတ်၊ ရတနာပုံအသင်းက ၃၈ မှတ်၊ ရခိုင်အသင်းက ၂၇ မှတ်၊ ဇရာဝတီ အသင်းက ၂၆ မှတ်၊မကွေးအသင်းက ၂၄ မှတ်၊ ဟံသာဝတီ အသင်းက ၁၉ မှတ်၊ ဇွဲကပင်အသင်းက ၁၇ မှတ်၊ Southern အသင်းက ၁၆ မှတ်၊ နေပြည်တော်အသင်းက ၁၂ မှတ်၊ ချင်း ယူနိုက်တက်အသင်းက ၁၁ မှတ်၊ GFA အသင်းက ၁၀ မှတ် ရရှိထားသည်။

သတင်း-ရဲရင့်ရှိုင်း

ကချင်ပြည်နယ်အတွင်း ပြန်လည်စွန့်လွှတ်သောမြေများအား မူလပိုင်ရှင်များသို့ ပြန်လည်ပေးအပ်

မိုးညှင်း စက်တင်ဘာ ၁၁

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ လွဲမွန်ကျေးရွာအုပ်စု ဒေါ်ပုလဲမွှာရုံ၌ စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက ကျင်းပသော ဝန်ကြီးဌာနနှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြန်လည်စွန့်လွှတ်သော မြေများအား မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ပွဲသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ တက်ရောက်ကြောင်း သိရသည်။

ထို့နောက် တာဝန်ရှိသူများက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စက်မှုလယ်ယာစနစ်တက္ကသိုလ်မြေယာမြေ ၂၂၅ ဧက ဖော်ထုတ်ရေးစီမံကိန်းမှ ချောင်းဝကျေးရွာမှတောင်သူ ၂၈ ဦးအား လယ်ယာမြေယာယီလုပ်ပိုင်ခွင့် လက်မှတ်များထုတ်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ နယ်မြေခံတပ်မှ စွန့်လွှတ်သည့် လယ်မြေ ၁၀ ဒသမ ၁၈ ဧကအား မူလပိုင်ရှင်ဖြစ်သည့် မိုးညှင်းမြို့နယ် ညောင်ကိုင်းကျေးရွာနေ ဦးဘစိန်တင်၏သားဖြစ်သူ ဦးထွန်းကြည်လက်ဝယ်သို့ လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်မြေများအား မိုးကောင်းမြို့နယ် သူဌေးကုန်းကျေးရွာနေသူများဖြစ်ကြသော မူလပိုင်ရှင် ဦးထွန်းရွှေ ၁၁ ဧက၊ ဦးအောင်ဘ ခြောက်ဧကနှင့် သုသာန်မြေနှစ်ဧကကို ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနစားသုံးသူရေးရာဦးစီးဌာနမှ ပြန်လည်စွန့်လွှတ်မြေများအား မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာနေ မူလပိုင်ရှင် ဒေါ်ခင်ခင်လှ ဝ ဒသမ ၁၀၃ ဧက၊ ပင့်သာကျေးရွာနေ ဦးစောလှ ဝ ဒသမ ၁၀၃ ဧကကိုလည်းကောင်း ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက အင်းတော်ကြီးဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မူးယစ်ဆေးဝါးများအန္တရာယ် ကာကွယ်တားဆီးနိုင်ရေးတို့ကို တင်ပြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ဝင်းနိုင် (ကချင်မြေ)

နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းအဖွဲ့များဖြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိ

ညောင်ဦး

အကြမ်းဖက်အဖွဲ့များသည် နိုင်ငံတစ်ဝန်းနေရာအနှံ့အပြားတွင် ဆူပူလှုပ်ရှားမှုများဖြင့် အကြမ်းဖက်လုပ်ငန်းများပြုလုပ်ရန် စီစဉ်နေကြောင်း သတင်းများထွက်ပေါ်လျက်ရှိကြောင်း သိရှိရသဖြင့် ယခုလဆန်းပိုင်းမှ စတင်ကာ ညောင်ဦးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးကျော်မြင့်ဌေးဦးဆောင်၍ အမှတ်(၉၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စု ဌာနစိတ်မှ ဒုရဲမှူးလှသိန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ကမ္ဘာလှည့်ရဲတပ်ဖွဲ့ (ပုဂံ)မှ ရဲအုပ်ညွှန့်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ညောင်ဦးမြို့မရဲစခန်းမှ ဒုရဲအုပ်သန်းဇော်ဦးနှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေဒေသရှိ လူစည်ကားရာနေရာများ၊ ကားဂိတ်များ၊ ရထားဂိတ်များနှင့် မြို့ဝင်/ထွက် လမ်းဆုံနေရာများ သို့သွားရောက်ပြီး နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ယာပုံ)**

ရဲဝင်းနိုင်(ညောင်ဦး)

ဖျာပုံ

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်စိုးသည် ဧရာဝတီတိုင်းဒေသကြီး ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှိုင်တင့်နှင့် ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးနှင့်အဖွဲ့နှင့်အတူ စက်တင်ဘာ ၉ ရက်က ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲအထိသွားရောက်၍ လုံခြုံရေးဆောင်ရွက်ထားမှုအခြေအနေများကို စစ်ဆေးကြည့်ရှု၍ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့သည် အမာမြို့နယ်ခွဲရှိ အမာနယ်မြေရဲစခန်း၊ ရဲစခန်းဗဟို သတင်းအဖွဲ့၊ ဗဟိုကင်းအား၊စစ်ဆေးခြင်း၊ တပ်ဖွဲ့ဝင်မိသားစုဝင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အပြင် ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲသည် ပင်လယ်ထွက်ပေါက်ဒေသတစ်ခုဖြစ်နေသည့်အတွက် အမာမြို့နယ်ခွဲ ဒေါ်ညိမ်းကျေးရွာ၊ ခါးပြတ်ကျေးရွာတို့ရှိ ပင်လယ်ထွက်ပေါက်များ ၏ လုံခြုံရေးအစီအမံများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

ဖလမ်း

ဒေသခံပြည်သူများ ဘေးကင်းလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေသည့်လုပ်ဆောင်မှုများ မရှိစေရေးအတွက် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ဖလမ်းမြို့အတွင်း လှည့်ကင်းစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုံခြုံရေးလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့ အမှတ်(၁၀၃)ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သည့် ပူးပေါင်း စစ်ဆေးရေးအဖွဲ့သည် စက်တင်ဘာ ၈ ရက်ကစတင်ကာ နေ့/ည လုံခြုံရေးလုပ်ငန်းများကို ကျင်မွာလရပ်ကွက် လွတ်လပ်ရေးစေတီရှေ့၌ ယာဉ်ဝင်/ထွက်များကို စစ်ဆေးခြင်း၊ မြို့တွင်းရှိ ရပ်ကွက်များကို မော်တော်ဆိုင်ကယ်များဖြင့် လှည့်ကင်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ အဆိုပါ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က လုံခြုံရေးတာဝန်များကို နေ့/ည မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မိုးကောင်း

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း မြို့ဝင်/ထွက်ဂိတ်များ၌ အရေးပေါ်ကာလစီမံချက် ကော်မတီဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က နယ်မြေလုံခြုံ ရေးအတွက် စက်တင်ဘာ ၁၀ ရက် ညပိုင်းကစ၍ လှည့်ကင်းများလှည့်လည် စစ်ဆေးခြင်း၊ ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များအား မြို့အဝင်/အထွက်ဂိတ်များ၌ ရပ်တန့်စစ်ဆေးခြင်းနှင့် ခိုးဝင်ဘဂိလီများဖြတ်ကျော်ဝင်ရောက် မှုရှိ၊ မရှိစစ်ဆေးခြင်း၊ ဖောက်ခွဲဖျက်ဆီးမှုများ မဖြစ်ပေါ်စေရေးအတွက် လှည့်လည်စစ်ဆေးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန်းလွင်ဦး(ပြန်/ဆက်)

ငါးသရောက်

အကြမ်းဖက်အဖွဲ့များ အကြမ်းဖက်လုပ်ငန်းများပြုလုပ်ရန် စီစဉ်နေကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိနေသဖြင့် စက်တင်ဘာ ၁၁ ရက် နံနက် ၈ နာရီက ငါးသရောက်မြို့အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းဦးဆောင်၍ ငါးသရောက်မြို့ နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဇေယျာနှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့စခန်းမှ ဦးစီးမှူး ဦးကျော်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အခြား သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက မြို့ဝင်/ထွက် လမ်းဆုံများနှင့် မြို့တွင်း လူစည်ကားရာနေရာများ၌ လုံခြုံရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း ငါးသရောက်မြို့အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းထံမှ သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြစ်ရေဝင်ရောက်မှုကြောင့် ပျက်စီးသွားသော စပါးခင်းများအတွက် မျိုးစပါးများဖြန့်ဖြူးပေး

ရေစကြို စက်တင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်၌ ဩဂုတ်လအတွင်း ဧရာဝတီမြစ်ရေနှင့် ချင်းတွင်းမြစ်ရေကြီးမှုကြောင့် မိုးစပါးပျိုးခင်းများ၊ မိုးစပါးစိုက်ခင်းများအတွင်း မြစ်ရေဝင်ရောက်ပြီး ကျေးရွာအုပ်စု ၃၅ အုပ်စုတွင် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများကွင်းဆင်းစာရင်းကောက်ယူခဲ့ရာ မြို့နယ်အတွင်း မြစ်ရေဝင်ရောက်မှုသည့် မိုးစပါးစိုက်ဧက ၂၂၈၃ ဧက ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

"အခုလို ပျက်စီးဆုံးရှုံးခဲ့ရတဲ့ စိုက်ဧကတွေအတွက် အချိန်မီပြန်လည်စိုက်ပျိုးနိုင်ဖို့ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းရဲ့ စီမံဆောင်ရွက်မှုနဲ့ တိုင်းဒေသကြီး အရန်မျိုးစပါးများထဲမှ ကျွန်တော်တို့ ရေစကြိုမြို့နယ်အတွက် တစ်ဧကကိုးမျိုးစပါးတစ်တင်းနှုန်းနဲ့ မျိုးစပါး ၂၂၈၃ တင်း ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။ အဲဒီထောက်ပံ့တဲ့ မျိုးစပါးတွေကို ကျွန်တော်တို့ရေစကြိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းတွေက ကျေးရွာများအရောက်သွားရောက်ပြီး အခမဲ့ဖြန့်ဖြူးပေးနေတာပါ"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်မောင်က ပြောပြသည်။

ပျက်စီးဆုံးရှုံးခဲ့ရသော မိုးစပါးစိုက်တောင်သူများအတွက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသိုလှောင်ရုံမှ မျိုးစပါးများကို တောင်သူများထံသို့ စက်တင်ဘာ ၉ ရက်က ဖြန့်ဖြူးပေးနေမှုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်သောင်းနှင့် ဦးမင်းဟန်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးများ ရေဝင်နစ်မြုပ်ပျက်စီးဆုံးရှုံးခဲ့ရသည့် ကျေးရွာအုပ်စု ၃၅ အုပ်စုမှ စပါးဇော ၂၂၈၃ ဧကအတွက် အခမဲ့ထောက်ပံ့ ဖြန့်ဖြူးပေးသည့် စပါးမျိုးများမှာ ရတနာတိုး၊ ရက်-၉၀၊ ပခန်းရွှေဝါ၊ မနောသုခ၊ ဆင်းသုခ၊ စပါးမျိုးများဖြစ်ပြီး စက်တင်ဘာ ၉ ရက်အထိ ကျေးရွာအုပ်စု ၃၅ အုပ်စုတွင် မျိုးစပါး ၂၂၈၃ တင်းကို အပြည့်အဝထောက်ပံ့ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

သစ်ကိုင်းများဖြင့် ဖုံးအုပ်ထားသောယာဉ်ကို စစ်ဆေးရှာဖွေရာမှ လူသုံးကုန်ပစ္စည်းများတွေ့ရှိ

နေပြည်တော် စက်တင်ဘာ ၁၁

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ၁၀ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅၆ စီး၊ သွင်းကုန် ၃၇၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၄ စီး ၊ သွင်းကုန် ၁၃၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၀ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၈၇၀ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁ ဒသမ ၇၉၈ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆ ဒသမ ၆၆၈ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၁၀ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းကို ရှောင်ကွင်းသည့် ကျိုက္ကသာ-မုဗွဲလင်းလမ်း ခလွန်ကျေးရွာ၌ သစ်ကိုင်းများဖြင့် ဖုံးအုပ်ထားသောယာဉ်အား ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၀ မျိုးနှင့် တင်ဆောင်လာသည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၈၇၈ သန်းခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ကျရေဝင်ရောက်မှုနှင့် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပျက်စီးဆုံးရှုံး

နေပြည်တော် စက်တင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၌ စက်တင်ဘာ ၁၀ ရက် ညနေ ၃ နာရီက မိုးရွာသွန်းပြီး မိုးကြိုးပစ်မှုကြောင့် ဆည်ရွာကျေးရွာနေ ဦးသိန်းထွေး (၄၃နှစ်)၏ လယ်စောင့်တဲ၌ချည်ထားသော ကျွဲနှစ်ကောင် မိုးကြိုးထိမှန်သေဆုံးခဲ့ပြီး လူထိခိုက်မှုမရှိဘဲ တဲတစ်လုံး မိုးကြိုးထိမှန်ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်အတွင်း စက်တင်ဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပတ္တမြားရပ်ရှိ နီလာစျေးကြီးအပေါ်ထပ် တံစက်မြိတ် အလျားပေ ၄၀၊ အနံ လေးပေ ပြုတ်ကျပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အလားတူ သပိတ်ကျင်းမြို့နယ်အတွင်း စက်တင်ဘာ ၁၀ ရက်က တောင်ကျရေဝင်ရောက်မှုကြောင့် ရေထွက်ကျေးရွာ၊ ကျောက်ဖြူကျေးရွာ၊ ကမ်းပါးနီကျေးရွာနှင့် လိပ်ကျကျေးရွာများရှိ တောင်ကျရေမျောပါခဲ့သည့်နေအိမ် ၁၂ လုံး၊ အိမ်ထောင်စု ၁၂ စုမှ လူဦးရေ ၁၁၈ ဦးသည် နီးစပ်ရာဘုန်းကြီးကျောင်းများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး နိုင်ငံး(ခ)နာဂ (၃၀နှစ်) ကွင်း(၃၀)ကျေးရွာ သပိတ်ကျင်းမြို့နယ်နေသူပါနှစ်ဦးတို့သည် တောင်ကျချောင်းရေနှင့်မျောပါပျောက်ဆုံးနေကြောင်း သိရသည်။

အဆိုပါ ရေဘေးဒဏ်ခံစားခဲ့ရသောအိမ်ထောင်စုများသို့ မန္တလေးတိုင်းဒေသကြီး

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူးရုံးက ပြိုကျပျက်စီးအိမ်ခြေ ၅၀ အတွက် ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုး၊ တစ်စိတ်တစ်ပိုင်းပျက်စီးအိမ်ခြေ ၈၂ အိမ်အတွက် ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုး၊ ရေဘေးသင့်အိမ်ခြေ ၁၃၂ အိမ်အတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၉၁၀၀၀၀၀၊ ရေဘေးသင့်လူဦးရေ ၅၄၉ ဦးအတွက် ဆန်ရိက္ခာဖိုးခုနစ်ရက်စာငွေကျပ် ၁၁၅၂၉၀၀၊ ရေသန့်ဆေးထုပ် ၅၇၆၀ တို့ကို ရေဘေးသင့်ပြည်သူများထံသို့ သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။ အလားတူ သဘာဝဘေး တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့(မန္တလေး)မှ ဆန်နှင့် ရေသန့်ဘူးများ နေ့ချင်းအပြီး သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။ ဆက်လက်၍ မန္တလေးတိုင်းကြက်ခြေနီ အသင်းမှ စက်တင်ဘာ ၁၁ ရက်တွင် လိုအပ်ချက်များအား ဆက်လက်ဖြည့်ဆည်း ထောက်ပံ့ပေးလျက်ရှိကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး၌လည်း စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် မြစ်ကမ်းပါးများပြိုကျသဖြင့် တိုက်ကြီးမြို့နယ် အဖျောက်မြို့အေးရွာကျေးရွာ၌ နေအိမ်သုံးလုံး၊ အိမ်ထောင်စုသုံးစုမှ လူဦးရေ ၁၃ ဦးတို့သည် နေအိမ်များအားဖျက်၍ ရေလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး၌လည်း ယမန်နေ့ညနေ ၆ နာရီ ၄၅ မိနစ်က မအူပင်မြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် အချောကျေးရွာမှ နေအိမ်လေးလုံးပြိုကျ၍ နေအိမ်ငါးလုံး အမိုးလန်ပျက်စီးဆုံးရှုံးခဲ့ပြီး အိမ်ထောင်စုကိုးစု၊ လူဦးရေ ၄၄ ဦးတို့မှာ ဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-သီဟစည်သူ

မုံရွာ-ခန္တီး အမြန်ရေယာဉ်တစ်စင်း ချင်းတွင်းမြစ်အတွင်းတိမ်းမှောက်၊ တစ်ဦးသေဆုံး

ဖောင်းပြင် စက်တင်ဘာ ၁၁

မုံရွာ-ခန္တီး မျိုးသော်တာ အမြန်ရေယာဉ်တစ်စင်းသည် မုံရွာမြို့မှ ခရီးသည် ၁၁ ဦး တင်ဆောင်ကာ ခန္တီးမြို့အထိ ချင်းတွင်းမြစ်ကို ဖြတ်ကျော်မောင်းနှင်ထွက်ခွာလာရာ စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၁၂နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် ချင်းတွင်းမြစ်အတွင်းရှိ တံငါကျေးရွာအနီး ရွှေပုလ္လင်ဝဲအရောက်၌ ဝဲခွက်လန်ကာ အမြန်ရေယာဉ်ပေါ်သို့ ရေများဝင်ရောက်ကာ တိမ်းမှောက်မှုဖြစ်ပွားရာ ခရီးသည် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူထံမှ ကနဦးသတင်းရရှိသည်။

အဆိုပါ ရေယာဉ်တိမ်းမှောက်ရာသို့ ဖောင်းပြင်မြို့နယ် မီးသတ်ဦးစီးမှူးဦးစာမှုအဲနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရေယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေနှင့် အဖွဲ့ဝင်များက ကယ်ဆယ်ရေးယာဉ်တစ်စင်းဖြင့် တံငါကျေးရွာ ဒေသခံပြည်သူများနှင့် ရေအောက်တောင်းရဲကင်းစခန်းမှ တာဝန်ရှိသူတို့နှင့် ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ အမျိုးသားခုနစ်ဦးနှင့် အမျိုးသမီးတစ်ဦး အန္တရာယ်ကင်းစွာ ကယ်ဆယ်နိုင်ခဲ့ပြီး အမျိုးသမီးတစ်ဦးအား တံငါတိုက်နယ်ဆေးရုံသို့ အရေးပေါ်ပို့ဆောင် ဆေးကုသမှုခံယူစေကာ ကျန်ခရီးသည် အမျိုးသမီးတစ်ဦးအား တာဝန်ရှိသူတို့က ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထွန်းကိုကို(ယင်းမာပင်)

သမီးရည်းစားချိန်းတွေ့နေစဉ် လူသတ်မှုဖြစ်

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ စက်တင်ဘာ ၁၀ ရက် ည ၇ နာရီခွဲခန့်က အမှတ်(၉၂)ရပ်ကွက် သပြေခြံနောက်ကျောကွန်ကရစ်လမ်းဘေး အုတ်ပုံအနီး လူငယ်တစ်ဦး လဲကျနေကြောင်း သတင်းရရှိသဖြင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ထိုးသွင်းဒဏ်ရာတစ်ချက်ဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

သေဆုံးသူမှာ မောင်ကမ်းဝင်းမွန်(ခ)မွန်ပီး (၂၀နှစ်) အမှတ် (၉၄) ရပ်ကွက် တိုက်(၃၅) ၁၀ လမ်းတွင်နေထိုင်သူဖြစ်ကြောင်းသိရှိပြီး အခင်းဖြစ်ပွားချိန်တွင် မောင်ကမ်းဝင်းမွန်(ခ)မွန်ပီးနှင့် မဆန်နူး တိုက် (၃၅) စပယ်လမ်းနေသူတို့ လူငယ်သဘာဝချိန်းတွေ့စဉ် လူနှစ်ဦးရောက်ရှိလာပြီး ၎င်းတို့အနက် တစ်ဦးက မောင်ကမ်းဝင်းမွန်၏ လည်ပင်းအား ဓားဖြင့်ထောက်သဖြင့် လုံးထွေးနေစဉ် မောင်ကမ်းဝင်းမွန်၏ ရင်ညွန့်အား ဓားဖြင့်ထိုးရာ မောင်ကမ်းဝင်းမွန်းမှာ လဲကျသွားခဲ့သဖြင့် မဆန်နူးက ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းရာ ထိုသူက မဆန်နူးအား ဓားဖြင့်ထိုးပြီး ထွက်ပြေးသွားကြောင်း သိရသည်။ မဆန်နူးအား ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူတို့က သယ်ဆောင်ကျွန်းစံပြဆေးရုံကြီးသို့ အတွင်းလူနာ(စိုးရိမ်ရ)အဖြစ် ပို့ဆောင်ဆေးကုသမှုခံယူစေပြီး ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံးဖမ်းမိနိုင်ရေး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်းက အမှုဖွင့် စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုကြီးစိုး (ဆိပ်ကမ်း)

ပင်လည်ဘူးမြို့နယ်၌ ငွေကျပ် သိန်း ၄၇၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

ပင်လည်ဘူး စက်တင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ပင်းကြိုင်းကျေးရွာအတွင်းမှ ငွေကျပ်သိန်း ၄၇၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၁ ရက် နံနက် ၈ နာရီခန့်က ပင်လည်ဘူးမြို့မရဲစခန်းမှ ဒုရဲအုပ်စောဖုန်းဝေနှင့်ရဲတပ်ဖွဲ့ဝင်များသည် ပင်လည်ဘူးမြို့နယ် ပင်းကြိုင်းကျေးရွာနေသူ ဝင်းဇော်၏နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ ဝင်းဇော်နှင့်အတူ ထွန်းရင်၊ သန်းဇော်ဝင်းတို့ကို တွေ့ရှိ၍ ရှာဖွေရာ ဘိန်းမည်း ၈၁၆ ဒသမ ၄၆ ဂရမ်ပါ အထုပ် ၁၇ ထုပ် အလေးချိန် (၁၃၈၇၉ ဒသမ ၈၂ ဂရမ်)၊ ဘိန်းမည်း ၄၀၈ ဒသမ ၂၃ ဂရမ်ပါ သုံးထုပ် အလေးချိန် (၁၂၂၄ ဒသမ ၆၉ ဂရမ်)၊ ဘိန်းဖြူ ၉ ဂရမ်ပါ ဆပ်ပြာခွက် နှစ်ခွက် စုစုပေါင်းကာလတန်ဖိုး ငွေကျပ် သိန်း ၄၇၁၁၃၅၃၀ ကိုတွေ့ရှိရသဖြင့် ဝင်းဇော် ပင်းကြိုင်းကျေးရွာ ပင်လည်ဘူးမြို့နယ်နေသူ၊ သန်းဇော်ဝင်း မန်ကျည်းကုန်းကျေးရွာ ဖန်းမောက်မြို့နယ်နေသူနှင့် ထွန်းရင်တို့ကို ပင်လည်ဘူးမြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

လူအောင်(ကသာ)

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း
ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ပြည်ပထွက်ခွာမည့် မြန်မာနိုင်ငံသားတစ်ဦးထံမှ နိုင်ငံခြားငွေများသိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၁

ရန်ကုန်လေဆိပ်၌ စက်တင်ဘာ ၁၀ ရက်က ပြည်ပထွက်ခွာမည့် မြန်မာနိုင်ငံသားတစ်ဦးထံမှ ငွေကျပ်သိန်းပေါင်း ငါးထောင်ကျော်တန်ဖိုးရှိ အိန္ဒိယ ရူပီး၂၀၀၀ တန်အရွက်ရေ ၁၃၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၁၀၀ တန် အရွက် ၂၀ နှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် ဖမ်းဆီးထိန်းသိမ်းစစ်ဆေးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၀ ရက် ည ၇ နာရီမိနစ် ၂၀ ခန့်က စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်သို့ Jetstar လေကြောင်းလိုင်းဖြင့် လိုက်ပါရန် ရန်ကုန်လေဆိပ်သို့ရောက်ရှိလာသည့်ခရီးသည် မြန်မာနိုင်ငံသား ဖြိုးသက်အောင်(၃၂နှစ်) ပတ်စ်ပို့အမှတ် MA-564056၊ ရွှေဘိုလမ်း (၂၆)ရပ်ကွက် အောင်ဇေယျအိမ်ရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေသူသည် Terminal-2 ပြည်ပထွက်ခွာဆောင် Main X-Ray စက်၌ ၎င်း၏ခရီးဆောင်အိတ်နှစ်လုံးအား စစ်ဆေးခံစဉ် နိုင်ငံခြားငွေပုံရိပ်များတွေ့ရှိသဖြင့် ၎င်းအား လုံခြုံရေးရဲတပ်ဖွဲ့ခွဲ (ရန်ကုန်)ရုံးခန်းသို့ခေါ်ဆောင်စစ်ဆေးခဲ့ရာ ခရီးဆောင်အိတ်နှစ်လုံးအတွင်းမှ အိန္ဒိယနိုင်ငံသုံး ရူပီးငွေ ၂၀၀၀ တန် အရွက်ရေ ၁၃၀၀၀ နှင့် ၎င်း၏ကျောပိုးအိတ်အတွင်းမှ အမေရိကန်ဒေါ်လာ ၁၀၀ တန် ၂၀ ရွက်တို့အား တွေ့ရှိခဲ့သဖြင့် အကောက်ခွန်ဌာနမှ သိမ်းဆည်းခဲ့ပြီး ၎င်းကို ဥပဒေအရ အရေးယူထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သိရသည်။

ဇင်ဦး(မြန်မာ့အလင်း)

ဖခင်အမည်မှန်
မိတ္ထီလာမြို့ အထက(ချည်စက်) တက္ကသိုလ်ဝင်တန်းမှ မောင်ဝင်းမိုး၊ တောင်သာမြို့ အထက(ရွာသစ်) တက္ကသိုလ်ဝင်တန်းမှ မဝင်းဝင်းနွယ်တို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းကျော်အောင် ၉/တသန(နိုင်)၁၁၃၈၀၅ ဖြစ်ပါသည်။

ဖခင်အမည်မှန်
မြောက်ဦးမြို့ မူလွန်ဆင်ချဆိပ်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မချစ်မြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးထွန်းကျော်စိန် ဖြစ်ပါသည်။
ဦးထွန်းကျော်စိန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၁/၂၀၁၇)
ပထမအကြိမ်တင်ဒါ

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေး(၄)၊ တံတားအထူးအဖွဲ့(၁၃)၊ မြိတ်မြို့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တနင်္သာရီတိုင်း ဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်တံတားတည်ဆောက်ခြင်းလုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်းနှင့် လုပ်ငန်းသုံးပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားသည့်လုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ဝယ်ယူလိုသည့်ပစ္စည်းများ
- (၁) ခွဲကျောက် (Chipping)(12.5mm-19mm)
- (၂) မြစ်သဲကြမ်း(ရေချိုသဲကြမ်း)
- (၃) သစ်ခွဲသား(အမာ)
- (၄) သစ်ခွဲသား(အခြားသား)
- (၅) Bentonite
- (၆) 10mm, 3mm, 2mm M.S Plate

(ခ) သယ်ယူပို့ဆောင်မည့် လုပ်ငန်းသုံးပစ္စည်းများ(လုပ်ငန်းခွင်အရောက်)
- (၁) ဘိလပ်မြေ
- (၂) သံချောင်းလုံး
- (၃) Plate Girder နှင့်ဆက်စပ်ပစ္စည်းများ

(၂) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၁၈-၉-၂၀၁၇ရက်
(၃) တင်ဒါလျှောက်လွှာပိတ်မည့်ရက်၊ အချိန် - ၂-၁၀-၂၀၁၇ရက် (ညနေ ၄နာရီ)
(၄) တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၃-၁၀-၂၀၁၇ရက် (နံနက် ၁၀နာရီ)
(၅) တင်ဒါဖွင့်လှစ်မည့်နေရာ - ဒုညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၁၃) မြန်မာ့စီးပွားရေးဘဏ်အနီး၊ မြိတ်မြို့
(၆) တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ - ဒုညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၁၃)၊ မြန်မာ့စီးပွားရေးဘဏ်အနီး၊ မြိတ်မြို့
(၇) တင်ဒါပုံစံနှင့်စည်းမျဉ်းစည်းကမ်းများအသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ ဖုန်း-၀၉-၄၄၀၇၈၆၅၉၅၊ ၀၉-၂၅၇၆၀၂၉၇၈၊ ၀၉-၇၇၃၃၀၅၈၃၃၊ ၀၉-၄၂၂၁၉၉၄၉၅

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
တံတားအထူးအဖွဲ့(၁၃)၊ မြိတ်မြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဝေးသင်တက္ကသိုလ်များ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်များ၏ ၂၀၁၈ပညာသင်နှစ်အတွက် အောက်ပါလုပ်ငန်းများ လုပ်ဆောင်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။
- (က) ပို့ချချက်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
- (ခ) လေ့လာမှုလမ်းညွှန်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
- (ဂ) စာစဉ်မေးခွန်းများနှင့် အဖြေလွှာစာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
- (ဃ) သင်ခန်းစာပို့ချချက် ဒီဗွီဒီချပ်များ ကူးယူ၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း

၂။ ဈေးနှုန်းလွှာတင်သွင်းရန်အတွက် လျှောက်လွှာပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို ၁၈-၉-၂၀၁၇ရက်(တနင်္လာနေ့)မှစ၍ တစ်စုံလျှင် ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် အောက်ပါလိပ်စာ၌ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပါသည်။

ပါမောက္ခချုပ်ရုံးခန်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်
အမှတ်(၄၇/က)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

၃။ ဈေးနှုန်းလွှာများကို ၆-၁၀-၂၀၁၇ရက်(သောကြာနေ့)ညနေ ၄း၃၀နာရီထက် နောက်မကျစေဘဲ အထက်ပါလိပ်စာရှိ တင်ဒါပုံးတွင် မှတ်ပုံတင်စာရင်းသွင်းပြီး တင်သွင်းရမည်။

၄။ ဈေးနှုန်းလွှာနှင့်အတူ တင်သွင်းမည့် နမူနာများကို လုံခြုံစွာထုပ်ပိုး၍ ပြည့်စုံစွာ တင်ပြရမည်။

၅။ ထုတ်ဝေမည့် နမူနာများကို အောက်ဖော်ပြပါနေရာများတွင် ကြည့်ရှုနိုင်သည်။
- (က) ရန်ကုန်အဝေးသင်တက္ကသိုလ်
- (ခ) မန္တလေးအဝေးသင်တက္ကသိုလ်

၆။ အသေးစိတ်သိရှိလိုသောအချက်များကို အထက်ဖော်ပြပါ လိပ်စာတွင်လည်းကောင်း၊ ဖုန်းနံပါတ်-၀၁-၅၃၆၅၅၅၊ ၀၁-၅၃၅၀၇၃၊ ၀၁-၅၂၅၁၃၇၊ ၀၂-၆၀၁၄၂၊ ၀၂-၆၀၅၄၄ နှင့် ၀၂-၆၂၄၁၀နှင့်ရန်ကုန်အဝေးသင်တက္ကသိုလ် website- www.yude.edu.mm နှင့် မန္တလေးအဝေးသင်တက္ကသိုလ် website- www.mude.edu.mm များတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အဝေးသင်တက္ကသိုလ်များ၏ စာအုပ်များနှင့် သင်ခန်းစာ ပို့ချချက် ဒီဗွီဒီချပ်များ ထုတ်လုပ်ရေးလုပ်ငန်းကော်မတီ

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ အမှတ် ၆၃၊ (၁၁)ရပ်ကွက်၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးထွဋ်ကျော်ဝင်း ၁၂/ဒဂန(နိုင်)၀၁၆၄၈၀၊ ဒေါ်အေးစန္ဒာကျော်ဝင်း ၁၂/ဒဂန(နိုင်)၀၁၆၄၈၁၊ ဦးအောင်ကျော်ဝင်း ၁၂/လမန(နိုင်) ၀၀၁၅၀၆တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ် ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွက်ပြင်(၄)၊ ဦးပိုင်အမှတ်(၆-က)ဟုခေါ်တွင်သော ဧရိယာ ၁ဒသမ ၇၀ဧကရှိ ဂရန်မြေကွက်သည် ကျွန်ုပ်မိတ်ဆွေများ၏မိခင် ဒေါ်ကြည်ကြည်အမည်ပေါက်ပိုင်ဆိုင်ပါသည်။သို့ရာတွင် ကျွန်ုပ်၏ မိတ်ဆွေများ၏မိခင် ဒေါ်ကြည်ကြည်မှာ ၁-၆-၂၀၁၅ရက်တွင် ကွယ်လွန်သွားခဲ့ပါသည်။ အဆိုပါ မြေဂရန်မူရင်းမှာ မိခင်ကွယ်လွန်သွားပါ၍ အိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားခဲ့သဖြင့် ဂရန်ပျောက်ပျက်မိတ္တူမှန်ထုတ်ပေးရန်အလို့ငှာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤကြေညာသည့်ရက်မှ ၁၄ရက်အတွင်းကန့်ကွက်လိုသူ မည်သူမဆိုခိုင်လုံသောအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက် ကျော်လွန်ပါက ဥပဒေနှင့်အညီ ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဂရန်ပျောက်ပျက်မိတ္တူထုတ်ပေးနိုင်ရန်အလို့ငှာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညွှန်ကြားချက်အရ သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နှင်းဝတ်ရည်စိုး LL.B
စဉ်-၄၂၃၈၀၊ အထက်တန်းရှေ့နေ
ထ-၁၇၊ တမာလမ်း၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့
ဖုန်း-၀၉-၂၅၉၆၃၆၉၄၄၊ ၀၉-၂၅၇၅၅၅၃၅

ဖခင်အမည်မှန်
ဟုမ္မလင်းမြို့နယ်၊ မြင်သာ (အထက) ကျောင်းဝင်အမှတ်(၅၆၁၀) တက္ကသိုလ်ဝင်တန်းမှ မောင်အောင်မင်း၏ ဖခင်အမည်မှန်မှာ ဦးသန်းပို ၅/ဟမလ(နိုင်)၁၀၅၇၄၁ ဖြစ်ပါကြောင်း။ ဦးသန်းပို

ဖခင်အမည်မှန်
အင်္ဂပူမြို့နယ်၊ အထက(ခွဲ) သက္ကယ်ပြင်(သံ) တက္ကသိုလ်ဝင်တန်းမှ မမေသူဝင်း၏ ဖခင်အမည်မှန်မှာ ဦးထန်းလုံး ၁၄/အဂပ(နိုင်)၀၈၃၂၄၃ ဖြစ်ပါကြောင်း။ ဦးထန်းလုံး

တစ်ဦးတည်းဖြစ်ပါကြောင်း
မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၊ စခတ-၃နေ ဦးကျော်လှဖြူ-ဒေါ်ဝင်းမြင့်ခိုင်တို့၏ သမီး မယဉ်မာအေး(ခ)မနှင်းအိဖြူဖြူခိုင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ဟုမ္မလင်းမြို့နယ်၊ မြင်သာ (အထက) ကျောင်းဝင်အမှတ်(၅၉၄၃) တက္ကသိုလ်ဝင်တန်းမှ မအေးမိစံ၏ ဖခင်အမည်မှန်မှာ ဦးဆန်းမောင် ၅/ဟမလ(နိုင်)၁၆၈၁၀၃ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
တောင်ငူမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(H)မှ မောင်ဟိန်းထက်ဇော် ၏ ဖခင်အမည်မှန်မှာဦးသိန်းနိုင် ၇/တငန(နိုင်)၀၀၁၂၄၁ ဖြစ်ပါသည်။

မိခင်အမည်မှန်
တောင်ငူမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(G)မှ မဆုပုံချစ်၏ မိခင်အမည်မှန်မှာ ဒေါ်အေးအေးမြိုင် ၇/တငန(နိုင်)၀၁၃၁၆၂ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ဟုမ္မလင်းမြို့နယ်၊ မြင်သာ(အထက) ကျောင်းဝင်အမှတ်(၅၉၆၇) တက္ကသိုလ်ဝင်တန်းမှ မရီရီမြင့်နိုင်၏ဖခင် အမည်မှန်မှာ ဦးစန်းမောင် ၅/ဟမလ(နိုင်) ၀၇၁၉၉၂ ဖြစ်ပါကြောင်း။

အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်
ဦးကျော်ရ ၅/ဟမလ(နိုင်)၀၆၃၇၇၆ ၏သား ဟုမ္မလင်းမြို့နယ် မြင်သာ(အထက) နဝမတန်းမှ မောင်စိုးလင်းထက်၏ အမည်မှန်မှာ မောင်စိုးထက်လင်း ၅/ဟမလ(နိုင်) ၁၅၁၅၁၈ ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၀-၁၁-၂၀၀၁ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ကြံခင်းမြို့နယ်၊ အထက(ဘက်ရဲ) တက္ကသိုလ်ဝင်တန်း(B)မှ မငြိမ်းဆုဆုလှိုင်၏ ဖခင်ဦးညီညီ၏ အမည်မှန်မှာ ဦးစောလယ်ထူး ၁၄/အဂပ(နိုင်)၁၄၀၂၇၅ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 4J/4264, Ford Ranger, P/U(4×4)L ယာဉ်လက်ဝယ်ရှိသူ ဦးဖရန်စစ် ၅/စကန(နိုင်)၀၃၂၄၈၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)

ဖခင်အမည်မှန်
ဟုမ္မလင်းမြို့နယ်၊ မြင်သာကျေးရွာ (အထက)ကျောင်းဝင်အမှတ်(၄၅၀၆) တက္ကသိုလ်ဝင်တန်းမှ မဝင်းဝင်းဆန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်စိန် ၅/ဟမလ(နိုင်)၀၈၄၀၀၈ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ယင်းမာပင်မြို့နယ်၊ ထန်းဇင် (အထက-ခွဲ)တက္ကသိုလ်ဝင်တန်း(B)မှ မထက်ဝေအောင်၊ ပဉ္စမတန်းမှမဇင်ဇင်စိုးတို့၏ ဖခင်အမည်မှန်မှာဦးနိုင်ဝင်း ၅/ယမပ(နိုင်)၀၄၆၀၈၄ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
တောင်ငူမြို့၊ အထက(၁) ဆဋ္ဌမတန်း(C)မှ နော်စတီးနာမူး၏ ဖခင်အမည်မှန်မှာစောခေါဘရာ ၃/သတန(နိုင်)၀၀၉၉၅၁ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်
ယင်းမာပင်မြို့နယ်၊ (အထက-ခွဲ) ထန်းဇင် နဝမတန်းမှ မောင်ချစ်ဝေအောင်၊ အဋ္ဌမတန်းမှ မသီသီအောင်တို့၏ မိခင်အမည်မှန်မှာ ဒေါ်နှင်းမူ ၅/ကနန(နိုင်)၁၁၀၀၅၄ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁ဟ/၉၉၅၄ Lifan LF-175 ZH-2 ယာဉ်လက်ဝယ်ရှိသူ ဦးလှမျိုးထွန်း ၁၄/ပသန(နိုင်)၁၇၇၉၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းရုံး(ပုသိမ်မြို့)

မိခင်အမည်မှန်
တောင်ငူမြို့၊အထက(၄)တက္ကသိုလ်ဝင်တန်း(D)မှ မောင်ဝေဇင်ကျော်၏ မိခင်အမည်မှန်မှာ ဒေါ်ဘုတ်ဆုံ ၇/တငန(နိုင်)၁၁၀၅၇၀ ဖြစ်ပါသည်။

ဖခင်အမည်မှန်
ယင်းမာပင်မြို့နယ်၊ စုန်းချောင်းကျေးရွာ(အထက) တက္ကသိုလ်ဝင်တန်းမှ မလင်းမာဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးထွန်း ၅/ယမပ(နိုင်)၀၇၉၁၆၇ ဖြစ်ပါကြောင်း။ ဦးဇော်မျိုးထွန်း

ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့ အထက(၂)အဋ္ဌမတန်းမှ မခင်မိုးလွင်၏ ဖခင်အမည်မှန်မှာ ဦးသောင်းထွဋ် ၇/လပတ(နိုင်)၁၁၅၁၉၀ ဖြစ်ပါသည်။
ဦးသောင်းထွဋ်

ဖခင်အမည်မှန်
ရေတာရှည်မြို့နယ် အထက နဝမတန်းမှ မကဗျာဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းဌေး ၇/ရတရ(နိုင်)၁၂၁၉၄၀ ဖြစ်ပါကြောင်း။
ဦးကျော်မင်းဌေး

မွေးသက္ကရာဇ်အမှန်
တနိုင်းမြို့နယ်၊ အထက(၁) အဋ္ဌမတန်း (F)မှ မောင်မြင့်မြတ်မင်း၏ မွေးသက္ကရာဇ်အမှန်မှာ (၂၀-၁၀-၂၀၀၄) ဖြစ်ပါသည်။
မောင်မြင့်မြတ်မင်း

ဖခင်အမည်မှန်
ဒီးမော့ဆိုမြို့နယ်၊ အထက(ခွဲ) ငွေတောင် ဒသမတန်း (B)မှ မရီမွန်းဒါ၏ ဖခင်အမည်မှန်မှာ ဦးစုလျားနီ ဖြစ်ပါကြောင်း။
ဦးစုလျားနီ

ဖခင်အမည်မှန်
မြင်းခြံမြို့နယ်၊ အမှတ်(၁)အထက်တန်းကျောင်း၊ ဒသမတန်း(ကုံကော်) အခန်းမှ မဝတီခင်ငှ ၏ ဖခင်အမည်မှန်မှာ ဦးညီညီလွင် ၉/မခန(နိုင်)၁၆၇၁၈၈ ဖြစ်ပါကြောင်း။
ဦးညီညီလွင် ၉/မခန(နိုင်)၁၆၇၁၈၈

ဖခင်အမည်မှန်
မြင်းခြံမြို့နယ်၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ ဒသမတန်း၊ အခန်း(ခ)မှ မမေဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးတိုးညွန့် ၉/မခန(နိုင်) ၀၅၁၅၃၆ ဖြစ်ပါကြောင်း။
ဦးတိုးညွန့် ၉/မခန(နိုင်) ၀၅၁၅၃၆

ဖခင်အမည်မှန်
မြင်းခြံမြို့နယ်၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ ဒသမတန်းအခန်း(ဂ)မှ မောင်မြင့်မြတ်အောင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းတန် ၉/မခန(နိုင်)၁၇၂၇၄၅ ဖြစ်ပါကြောင်း။
ဦးသိန်းတန် ၉/မခန(နိုင်)၁၇၂၇၄၅

ဖခင်အမည်မှန်
မြင်းခြံမြို့နယ်၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ ဒသမတန်း၊ အခန်း(A) မှ မချစ်ချစ်ဇော်၏ ဖခင်အမည်မှန်မှာ ဦးစိန်ကြည် ၉/မခန(နိုင်)၁၁၆၆၁၉ ဖြစ်ပါကြောင်း။
ဦးစိန်ကြည် ၉/မခန(နိုင်)၁၁၆၆၁၉

ဖခင်အမည်မှန်
နွားထိုးကြီးမြို့နယ်၊ လျှော်ဖြူ(တ)ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ ဒသမတန်းမှ မမိုးမိုးဇင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်မြင့် ၉/နထက(နိုင်)၁၂၀၂၆၄ဖြစ်ပါကြောင်း။
ဦးခင်မောင်မြင့် ၉/နထက(နိုင်)၁၂၀၂၆၄

✱ ကျော်ဖုံးမှ

ပထမပိုင်းတွင် မြန်မာအသင်း တိုက်စစ်မှူး ဝင်းနိုင်ထွန်း၏ ခေါင်းတိုက်ဂိုး၊ မြတ်ကောင်းခန့်၏ ကန်သွင်းချက်များ လွဲချော်ခဲ့၍ နစ်နာခဲ့ရသည်။ ပထမပိုင်းတွင် ဂိုးမသွင်းနိုင်သည့် မြန်မာအသင်းသည် ဒုတိယပိုင်းအစတွင် ပြည့်စုံနိုင်ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ ၅၁ မိနစ်တွင် မြန်မာအသင်း အဖွင့်ဂိုးရခဲ့ပြီး လူစားဝင်ကစားသမား ပြည့်စုံနိုင်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ဂိုးရပြီး နောက်ပိုင်းတွင် မြန်မာအသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၅၅ မိနစ်တွင် ဝင်းနိုင်ထွန်းက ဒုတိယ ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်း မြန်မာအသင်း စိတ်ကြိုက်ကစားသွားပြီး ဖိုလစ်ပိုင် နောက်တန်း ပြိုဆင်းသွားခဲ့သည်။ ၆၃ မိနစ်တွင် ဝင်းနိုင်ထွန်းက တတိယဂိုးသွင်းယူခဲ့ပြီး မိနစ် ၇၀ ကျော်မှ ဂိုးများထပ်ရခဲ့သည်။ ၇၃ မိနစ်တွင် ပြည့်စုံနိုင်၊ ၇၅ မိနစ်တွင် မြတ်ကောင်းခန့်တို့က ဂိုးများ ထပ်မံ သွင်းယူခဲ့သည်။ မြန်မာကစားသမားများမှာ ဂိုးထပ်ရရန် အားထည့်လာခဲ့ပြီး ၈၄ မိနစ်တွင် ဝင်းနိုင်ထွန်း၊ ၈၈ မိနစ်တွင် မြတ်ကောင်းခန့်တို့က ဂိုးများ ထပ်မံသွင်းယူခဲ့သည်။

ပထမပွဲတွင် ဗီယက်နမ်က အင်ဒိုနီးရှားကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။ ပွဲမှာ အပြန်အလှန်ရှိခဲ့သော်လည်း ဗီယက်နမ်က အဆုံးသတ် သေချာခဲ့၍ ဂိုးပြတ်ခဲ့ခြင်းဖြစ်ပြီး လီဗင်နမ်က နှစ်ဂိုး၊ မူဟောင်ဗီအန်က တစ်ဂိုးတို့ သွင်းယူခဲ့သည်။

ယခုပွဲအပြီးတွင် ဗီယက်နမ်က သုံးပွဲကစား ကိုးမှတ်၊ မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့က သုံးပွဲကစား ခြောက်မှတ်စီ၊ ဘရူနိုင်းက သုံးပွဲကစား သုံးမှတ်ရထားပြီး ဖိလစ်ပိုင်က လေးပွဲကစား လေးပွဲစလုံးရှုံးပြီး အမှတ်မရရှိခဲ့ပေ။

ရလဒ်များဆိုးရွားမှုကြောင့် ဒီဘိုးဝါးကို ပဲလေ့စ်နည်းပြအဖြစ်မှ ထုတ်ပယ်

ထုတ်ပယ်ခြင်းခံရသည့် ခရစ္စတယ်ပဲလေ့စ်အသင်း ဖရန့်ခ် ဒီဘိုးဝါး

ခရစ္စတယ်ပဲလေ့စ်အသင်းနည်းပြ ဖရန့်ခ် ဒီဘိုးဝါးကို တာဝန်ထမ်းဆောင်ပြီး ၇၇ ရက် အကြာ လိဂ်ဖလားပွဲတစ်ပွဲအပါအဝင် ငါးပွဲကစားပြီးနောက် နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်သည်။ ပဲလေ့စ်အသင်းသည် တနင်္ဂနွေနေ့တွင် ဘန်လေအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပရီမီယာလိဂ်လေးပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ လေးပွဲစလုံးရှုံးနိမ့်ခဲ့သည့်အပြင် ပြိုင်ဘက်အသင်းများကို ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိကြောင်းလည်း သတင်းများတွင် ဖော်ပြထားသည်။ ငါးပွဲကစားထားရာတွင် လိဂ်ဖလားပြိုင်ပွဲ၌ အစ်ဆွစ် တောင်းအသင်းကိုသာလျှင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။

အသက် ၄၇ နှစ်အရွယ် အိုင်းယက်စ်နည်းပြဟောင်း ဒီဘိုးဝါးသည် ဆမ်အလာဒိုက်စ်၏နေရာကို ယခုနှစ်နွေရာသီတွင် အစားထိုး ခန့်အပ်ထားသူလည်းဖြစ်သည်။ ဖရန့်ခ်ဒီဘိုးဝါးကိုင်တွယ်ခဲ့သည့် အသင်းမှတ်တမ်းများကို ပြန်ကြည့်လျှင် အိုင်းယက်စ်အသင်းတွင် ၁၈၇ ပွဲ ကိုင်တွယ်ခဲ့ရာ ၁၂၄ ပွဲနိုင်ပြီး ၄၅ ပွဲ သရေကျကာ ၁၈ ပွဲ ရှုံးနိမ့်ထားသည်။ ဂိုးသွင်းယူနိုင်မှုတွင်လည်း ၄၃၁ အထိ ဂိုးသွင်းယူနိုင်ပြီး ၁၅၈ ဂိုး ပြန်လည် ခွင့်ပြုပေးခဲ့ရသည်။ အင်တာမီလန်အသင်းတွင် ၁၁ ပွဲ ကိုင်တွယ်ခဲ့ရာ လေးပွဲနိုင်ပြီး နှစ်ပွဲသရေကျကာ ငါးပွဲ ရှုံးနိမ့်ထားသည်။ ဂိုးသွင်းယူနိုင်မှုတွင်လည်း ၁၃ ဂိုးသွင်းယူနိုင်ပြီး ၁၄ ဂိုးပြန်လည်ခွင့်ပြုပေးခဲ့ရသည်။ ပဲလေ့စ်အသင်း တွင် လေးပွဲကစားရာ လေးပွဲစလုံးရှုံးနိမ့်ထားပြီး ပြိုင်ဘက်အသင်းများကို ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ခုနစ်ဂိုးအထိခွင့်ပြုပေးခဲ့ရသည်။

ဇော်ဇော်

ညောင်ရွှေမြို့နယ် ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကျင်းပ

ညောင်ရွှေ စက်တင်ဘာ ၁၁

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ်ဘောလုံးကွင်းတွင် စက်တင်ဘာ ၁၁ ရက်က UBK သောက်ရေသန့်က အဓိကပါဝင်ပံ့ပိုးမှုဖြင့် ကျင်းပသော မြို့နယ်အုပ်ချုပ်ရေးမှူးဖလား (တန်းမြင့်) အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ(ကွင်းဖွင့်ပွဲ)ကျင်းပသည်။

ဘောလုံးပြိုင်ပွဲ (ကွင်းဖွင့်ပွဲ) အခမ်းအနားတွင် အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ ထွန်းလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး (ကိုယ်စား)ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် UBK သောက်ရေသန့်မှ ဦးမျိုးမင်းသူတို့က အမှာစကားပြောကြားကြသည်။ ပြိုင်ပွဲတွင် ဘောလုံး အသင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆု ၁၀ သိန်း၊ ဒုတိယဆု ခုနစ်သိန်းနှင့် တတိယဆု လေးသိန်း ချီးမြှင့်မည်ဖြစ်ပြီး UBK သောက်ရေသန့်က လှူဒါန်းကြောင်း သိရသည်။

(၀၅၄)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ရုပ်ရှင်ပွဲတော်

သရာစေတီ
ဒီမိုရစ်ကွက်
တိမ်ပြာသောနေ
နေခြည်မှာ ရွှေရည်လောင်း
ကြီးမြတ်သော မြန်မာ
ဇေအာ
ရုပ်ရှင်ဇာတ်ကား ၆ ကားကို
မြန်မာတနိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင်
ပြသပါမည်။

နေ့ရက် - (၁၅.၉.၂၀၁၇) မှ (၂၁.၉.၂၀၁၇) ထိ
အချိန် - ရုပ်ရှင်ပွဲချိန်များအတိုင်း
နေရာ - သတ်မှတ် ရုပ်ရှင်ရုံများ

ပဒေသာကပွဲ

ရုပ်ရှင်၊ ဂီတ၊ သဘင်
နိုင်ငံကျော် အနုပညာရှင်များ
များစွာ ပါဝင် ဖျော်ဖြေပါမည်။

နေ့ရက် - (၁၅.၉.၂၀၁၇) (၁၆.၉.၂၀၁၇)
အချိန် - ည ၇:၀၀ နာရီ
နေရာ - အမျိုးသားဇာတ်ရုံ

အငြိမ့်ပြိုင်ပွဲ

ခေတ်သစ်ကြေးမုံ
လှငယ်စတား
ရွှေညာမြေရဲ့ ကြယ်ပွင့်များ
ဖူးသစ်ကြယ်စင်
ဖွဲ့
မန်းစတား
စကားဝါမြေ
မော်ဒယ်လ်ဟား အငြိမ့်အဖွဲ့ (၈)ဖွဲ့တို့က
ဒိုင်လုပွဲ ယှဉ်ပြိုင်ကြပါမည်။

နေ့ရက် - (၂၀.၉.၂၀၁၇) (၂၁.၉.၂၀၁၇)
အချိန် - ည ၆:၀၀ နာရီ
နေရာ - အမျိုးသားဇာတ်ရုံ

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ ပဲခူးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ၏ အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) 9 Meter , 10 Meter , 12 Meter ကွန်ကရစ်တိုင်များ

(ခ) 11/0.4kV ထရန်စဖော်မာများ

(ဂ) 11kVနှင့် 400V ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်း

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန်** - ၁၄-၉-၂၀၁၇ရက် (၁၀နာရီ)

၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်/အချိန်** - ၂၈-၉-၂၀၁၇ရက် (၂နာရီ)

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်/အချိန်** - ၁၂-၁၀-၂၀၁၇ရက် (၂နာရီ)

၅။ **တင်ဒါတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ ပဲခူးမြို့

၆။ **တင်ဒါဆိုင်ရာများကြိုတင် ရှင်းလင်းမည့်ရက်/အချိန်** - ၂၂-၉-၂၀၁၇ရက် (၂နာရီ)

၇။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ အင်ဂျင်နီယာဌာနတွင် ၁၂-၉-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

၀၅၂-၂၂၂၂၂၈၇

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
ရွေးကောက်ပွဲကော်မရှင်
ကြေညာချက် ၀၆/၁၇

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအမှုဆောင်အဖွဲ့ကို နာယကကြီးများနှင့် ရွေးကောက်ပွဲကော်မရှင်မှ ကြီးကြပ်၍ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း အခြေခံအလွှာအလိုက် ဆန္ဒမဲပေးရွေးချယ်ကြမည်ဖြစ်ရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်နှင့်ဗီဒီယိုအနုပညာရှင်၊ အတတ်ပညာရှင်များအားလုံး အစည်းအရုံးဝင်ကတ်ဖြင့် မပျက်မကွက်ကြွရောက် မဲပေးကြရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေရာ - မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

ကျင်းပမည့်နေ့ရက် - ၂၃-၉-၂၀၁၇ရက်(စနေနေ့)
- ၂၄-၉-၂၀၁၇ရက်(တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် - နံနက် ၉နာရီမှ ၃နာရီအထိ

ကျင်းပမည့်အစီအစဉ်

(၁) စက်မှုလက်မှုအခြေခံအလွှာ
(၂) ဗီဒီယိုအခြေခံအလွှာ
(၃) ဇာတ်လမ်းဇာတ်ညွှန်းအခြေခံအလွှာ
(၄) ဒါရိုက်တာအခြေခံအလွှာ
} (၂၃-၉-၂၀၁၇) (စနေနေ့)

(၁) အဓိကသရုပ်ဆောင်အခြေခံအလွှာ
(၂) ဇာတ်ပို့/ဇာတ်ရံ အခြေခံအလွှာ
(၃) အုပ်ချုပ်ဖြန့်ချိပြသအခြေခံအလွှာ
(၄) တည်းဖြတ်မှတ်တမ်းအခြေခံအလွှာ
} (၂၄-၉-၂၀၁၇) (တနင်္ဂနွေနေ့)

မှတ်ချက်။ ။ထုတ်လုပ်သူအခြေခံအလွှာနှင့် ရုပ်ရှင်ပြဇာတ်တေးဂီတအခြေခံအလွှာများမှ အဆိုတင်သွင်းကြသူ (၂)ဦးစီသာရှိကြသဖြင့် ဆန္ဒမဲပေးခြင်းမပြုလုပ်တော့ဘဲ အဆိုတင်သွင်းသူများကို အတည်ပြုပြီးဖြစ်ပါသည်။

မြန်မာ့ရုပ်ရှင်လောကသားများအတွက် အရေးကြီးသော ရွေးချယ်ပွဲဖြစ်သည်နှင့်အညီ ဖော်ပြပါရက်များတွင် အနုပညာရှင်၊ အတတ်ပညာရှင်များ ဆန္ဒမဲလာရောက်ပေးနိုင်ရန်အတွက် ရုပ်ရှင်နှင့်ဗီဒီယိုများရိုက်ကူးခြင်းမပြုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ရွေးကောက်ပွဲကော်မရှင်

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ မြင်ကဝအုပ်စု၊ မဟာပေါင်းကျေးရွာနေ မဖင်နွယ်ဦး၏ ဖခင်အမည်မှန်မှာ ဦးဘန်းစိန် ၇/လပတ(နိုင်)၀၄၅၅၉၈ ဖြစ်ပါသည်။ **ဦးဘန်းစိန်**

ဖခင်အမည်မှန်

ကော့ကရိတ်မြို့နယ်၊ အထက(ခွဲ)၊ အံကောင်၊ နဝမတန်းမှ စောအဲ့နေစေး၏ ဖခင်အမည်မှန်မှာ ဦးစောဝါးနေဟာ ၃/ကဆက(နိုင်)၀၁၉၁၈၈ ဖြစ်ပါကြောင်း။

မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(C)မှ မသက်မှူးအောင်၏ မိဘအမည်မှန်မှာ ဦးကြည်စိုး ၇/လပတ(နိုင်)၁၁၁၂၂၂ နှင့် ဒေါ်စီစီလွင် ၇/လပတ(နိုင်)၀၈၆၀၇၉ ဖြစ်ပါသည်။ **ဦးကြည်စိုး-ဒေါ်စီစီလွင်**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်းတာချဲ့ခြင်း၊ လမ်းသစ်ဖောက်လုပ်ခြင်းနှင့် Shootcreteနံရံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၄-၉-၂၀၁၇ရက်

တင်ဒါပိတ်မည့်ရက်/အချိန် - ၁၂-၁၀-၂၀၁၇ရက်(ညနေ ၄နာရီ)

တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၃-၁၀-၂၀၁၇ ရက်(နံနက် ၁၀နာရီ)

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ ဟားခါးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၇၀-၂၁၁၄၃တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်း Exter Cab ယာဉ်၊ လမ်းခင်းကျောက်ရွယ်စုံ၊ဂန့်ဂေါ်သဲ၊ ဘိလပ်မြေ၊ ကတ္တရာ၊ ပရီမီယံဒီဇယ်၊ သစ်ခွဲသားများအား လမ်းအလိုက်၊ လုပ်ငန်းအလိုက်၊ မြို့နယ်အလိုက်၊ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၂-၉-၂၀၁၇ရက်

တင်ဒါပိတ်မည့်ရက်/အချိန် - ၁၂-၁၀-၂၀၁၇ရက်(ညနေ ၄နာရီ)

တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၃-၁၀-၂၀၁၇ရက်(နံနက် ၁၀နာရီ)

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ ဟားခါးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၇၀-၂၁၁၄၃တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ

အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ကျွဲသတ်အုပ်စု၊ တိုက်ကြီးကုန်း ကျေးရွာနေ ဦးသိန်းဟန်-ဒေါ်ခင်သန်း ကြည်တို့၏သမီး ရွှေဝတီကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(B)မှ မအိန္ဒြာစံအား ယနေ့မှစ၍ မမိုးသိင်္ဂီကျော်ဟု ပြောင်းလဲခေါ်ပါရန်။

တင်သွင်းဖြန့်ဖြူးသူအမည်ပြောင်းလဲသတ်မှတ်ခြင်း

Network Marketing Limited. မှ တင်သွင်းဖြန့်ချိနေသော အောက်ဖော်ပြပါ ပိုးသတ်ဆေး (၂) မျိုးအား Bloom Trading & Manufacturing Group Limited. သို့ လွှဲပြောင်းဖြန့်ဖြူးမည်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက (၇) ရက်အတွင်းဆက်သွယ် အကြောင်းကြားပေးပါရန် အသိပေးကြေငြာအပ်ပါသည်။

စဉ်	ပိုးသတ်ဆေး ကုန်သွယ်မှုအမည်	အဆိပ်ရှိပစ္စည်း	မှတ်ပုံတင်အမျိုးအစား	မှတ်ပုံတင်အမှတ်
၁။	Uni-Cart 50 SP	Cartap Hydrochloride 50%SP	Provisional	2014-2122
၂။	Uni-Cyperfos 55 EC	Chlorpyrifos 50%+ Cypermethrin 5% EC	Provisional	2015-2615

Network Marketing Limited
Phone : 09977121521

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(က)မှ မရွှန်းလက်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဦး(ခ)ဦးကျော်ကျော်ဖြစ်ပါကြောင်း။

ဦးကျော်ကျော်ဦး(ခ)ဦးကျော်ကျော်

အမည်မှန်

ဦးဉာဏ်ထွန်း၏သား ချောင်းဆုံမြို့နယ်၊ ကမာကေး(အထက) တက္ကသိုလ်ဝင်တန်း(ခ)မှ ကျောင်းဝင်အမှတ် (၁၈၀၁/၁၄)၏ အမည်မှန်မှာ မောင်ဥက္ကာစိုး ၁၀/ခဆန(နိုင်)၁၄၇၀၂၀ ဖြစ်ပါကြောင်း။

မောင်ဥက္ကာစိုး

ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ အထက (ကကူ) တက္ကသိုလ်ဝင်တန်းမှ ကျောင်းဝင်အမှတ် (၁၁၁၀၄) စောနယ်ကျော်ကျော်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးတင်စိုး ဖြစ်ပါကြောင်း။

ဦးတင်စိုး

မိဘအမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ ဆင်ခေါင်း (အထက) တက္ကသိုလ်ဝင်တန်း(A)မှ မောင်လှိုင်မျိုးဦးနှင့် ဆဋ္ဌမတန်း(B)မှ မရွှန်းလဲ့နွယ်တို့၏မိဘအမည်မှန်မှာ ဦးတင်အောင် ၈/မဘန(နိုင်)၁၆၉၆၄နှင့် ဒေါ်ခင်ခင်စိုး ၈/မဘန(နိုင်)၀၉၉၆၆၈ ဖြစ်ပါကြောင်း။

အမည်မှန်နှင့် မိဘအမည်မှန်

နမ့်ခမ်းမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်းမှ မအမိစိုး၏ အမည်မှန်မှာ လွေးအမ်စိုး ၁၃/နခန(နိုင်)၀၉၄၂၃၆ ဖြစ်ပြီး ၎င်း၏ မိဘအမည်မှန်မှာ ဦးလွယ်ဆိုင်ဆမ် ၁၃/နခန(နိုင်) ၀၂၅၉၅၉နှင့် ဒေါ်အမ်စိန် ၁၃/နခန(နိုင်)၀၂၅၉၆၀ ဖြစ်ပါကြောင်း။

အမည်မှန်နှင့် တစ်ဦးတည်းဖြစ်ပါကြောင်း

ဉာဏ်ပင်ရွာ၊ နန်းပုလင်းအုပ်စု၊ နောင်တရားမြို့နယ်(ခွဲ)နေ နန်းခမ်းချို၏ အမည်မှန်မှာ မူခမ်းချို ၁၃/ပလန(နိုင်)၀၇၄၅၈၄နှင့် ဖခင် ဦးလုမောင်နှင့်ဦးသော် ၁၃/ပလန(နိုင်) ၀၀၈၂၇၈မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

အမည်မှန်

ဦးတိုးမြင့်အောင်၏သား မိတ္ထီလာမြို့၊ အထက(၅)၊ ရှမ်းတဲ၊ တက္ကသိုလ်ဝင်တန်း(E)မှ မောင်တိုးတက်အောင်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်တိုးထက်အောင်ဖြစ်ပါသည်။ **မောင်တိုးထက်အောင်**

ဝရမ်းခွဲကပ်သူ တရားနိုင်သို့ပေးရန်အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ ၅၈)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတော်
၂၀၁၇ ခုနှစ် တရားမအထွေထွေမှုအမှတ် ၁၄
၂၀၁၆ ခုနှစ် ဇာရီမှုအမှတ် ၇၇

ဒေါ်ရှုပကျော် **နှင့်** ၁။ ဦးဇော်ဇော်ထွန်း
(၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်ဝတ်မှုန်နိုင်) ၂။ ဒေါ်နွယ်နွယ်စိုး
လျှောက်ထားသူ **လျှောက်ထားခံရသူများ**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ရွာသစ်ရွာနေ လျှောက်ထားခံရသူ (၂)ဒေါ်နွယ်နွယ်စိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ရုံးက ၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ် ၇၇ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် သင်ကလျှောက်ထားချက်အရ အမှတ် ၁၀၃၀၊ အေးသာယာရပ်ကွက်၊ အောင်ချမ်းသာတိုးချဲ့ ကွက်သစ်၊ သန်လျင်မြို့အပေါ်တွင်ခွဲကပ်ထားသည့် ဝရမ်းကို ခွာပေးပါမည့်အကြောင်းနှင့် ဤအကြောင်းကြားစာနှင့် ပူးတွဲပါရှိသည့် လျှောက်လွှာလက်ခံနှင့် ကျမ်းကျိန်လွှာအတိုင်း ဒေါ်ရှုပကျော် (၎င်း၏အခွင့်ရ ကိုယ်စားလှယ်ဒေါ်ဝတ်မှုန်နိုင်)က ဤရုံးတွင် လျှောက်ထားသည်ဖြစ်၍ ဝရမ်းခွဲကပ်သူ တရားနိုင်အနေနှင့် သင်က ဝရမ်းခွဲကပ်ပိုင်ကြောင်းကို လျှောက်လဲချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ လျှောက်လဲချေဆိုနိုင်သူ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၄ ရက် (၁၃၇၉ ခုနှစ် တော်သလင်းလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေရမည်။

၂၀၁၇ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးဝေ)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

အကြမ်းဖက်သမားဟု သံသယရှိသူ ၅၃ ဦးကို ဖမ်းဆီးနိုင်ခဲ့

ကရာချီ စက်တင်ဘာ ၁၁

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သည့် ကရာချီမြို့၌ လွန်ခဲ့သည့် ၂၄ နာရီက ပြုလုပ်ခဲ့သော ရဲတပ်ဖွဲ့စီးနင်းမှုအတွင်း စစ်သွေးကြွအဖြစ်သံသယရှိသူ ၅၃ ဦးကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း အဆိုပါစစ်ဆင်ရေးတွင် စစ်သွေးကြွအဖြစ် သံသယရှိသူ တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ကရာချီမြို့ရဲမှူး အက်ဒယ်ချန်ဒီယိုက နိုင်ငံတောင်ပိုင်း ဆင်းဒ်ပြည်နယ်မြို့တော် ကရာချီတွင် အကြမ်းဖက်သောင်းကျန်းသူများရှိနေကြောင်း သတင်းရရှိသဖြင့် ဝင်ရောက်စီးနင်းမှုလုပ်စဉ် ထိုသို့ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ မြို့တော်၏ ဒါရက်ရှန်ဒေသတွင် ပြုလုပ်ခဲ့သည့် စီးနင်းမှုများတွင် သံသယရှိသူ သုံးဦးကို တရားရုံးသို့ ဖမ်းဆီးခေါ်ဆောင်ခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင်များသည် လူဆိုးများပုန်းအောင်းရာနေရာအဖြစ် နာမည်ကြီးသည့် ဘာရာရီဒေသကို ပိတ်ဆို့စီးနင်းခဲ့ပြီး သံသယရှိသူများကို အောင်မြင်စွာဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။ သို့သော်လည်း တချို့က ပြန်လည်ခုခံသဖြင့် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး သံသယရှိသူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ ဖမ်းဆီးရမိသူများကို ဆက်လက်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်အတွက် လျှို့ဝှက်စခန်းများသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။ (ဆင်ဟွာ)

မြောက်ကိုရီးယားသို့ ရေနံတင်ပို့မှုများအား လုံးကို ပိတ်ပင်မည့်အစား ရေနံစိမ်းတင်ပို့မှုကိုသာ ပိတ်ပင်ရန် လုံခြုံရေးကောင်စီမဲခွဲဆုံးဖြတ်

ဂျီနီဗာ စက်တင်ဘာ ၁၁

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် မြောက်ကိုရီးယားသို့ ကုန်တင်ပို့မှု ပိတ်ပင်ရာတွင် ရေနံတင်ပို့မှုအားလုံးကို ပိတ်ဆို့မှုပြုလုပ်မည့်အစား ရေနံစိမ်းတင်ပို့မှုကိုသာပိတ်ပင်သွားရန် တနလ်ာနေ့တွင်မဲခွဲဆုံးဖြတ်ရန်စီစဉ်ခဲ့ကြောင်း သိရသည်။

အရေးယူပိတ်ဆို့မှုနှင့် ပတ်သက်၍ တရုတ်နှင့်ရုရှားက သဘောတူထောက်ခံခြင်းရှိမရှိကို မသိရသေးပေ။ ယင်းနှစ်နိုင်ငံလုံးသည် ပိတ်ဆို့မှုများအပေါ် တားဆီးကန့်ကွက်နိုင်သည့် အခွင့်အာဏာရှိပြီး ပြင်းထန်သောပိတ်ဆို့မှုများ ဖြစ်လာမည့်အရေးကို နှစ်နိုင်ငံလုံးက သတိထားစောင့်ကြည့်လျက်ရှိသည်။

ပြီးခဲ့သည့်စက်တင်ဘာ ၃ ရက်နေ့တွင် မြောက်ကိုရီးယားက ခြောက်ကြိမ်မြောက် နျူကလီးယားစမ်းသပ်မှုကို လုပ်ဆောင်ခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စုသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများအတွင်း အရေးယူပိတ်ဆို့မှုအတွက် မူကြမ်းတစ်ခုကို ရေးဆွဲကာ အသိပေးခဲ့သည်။

အဆိုပါအရေးယူပိတ်ဆို့မှု မူကြမ်းတွင် မြောက်ကိုရီးယားသို့ ရေနံစိမ်းတင်ပို့မှုနှင့် ဓာတ်ငွေ့တင်ပို့မှုတို့ကိုပိတ်ပင်သွားရန်ထည့်သွင်းဖော်ပြခဲ့သည်။

ရေနံစိမ်းတင်ပို့မှုကို ပိတ်ပင်လိုက်ခြင်းတစ်ခုတည်းဖြင့်ပင်လျှင် မြောက်ကိုရီးယား၏ အပြုအမူများကို ပြောင်းလဲသွားစေနိုင်မည့် လုံလောက်သည့် အကျိုးသက်ရောက်မှုဖြစ်ထွန်းစေနိုင်သည်ဟု အမေရိကန်က ယခင်ကတည်းက အခိုင်အမာပြောကြားခဲ့သည်။ ရေနံထောက်ပံ့သည့်နိုင်ငံများဖြစ်သည့် တရုတ်နှင့်ရုရှားတို့က ယင်းအချက်ကို ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြသည်။ ထိုသို့ပိတ်ဆို့မှုကြောင့် မြောက်ကိုရီးယားနိုင်ငံပြည်သူများအပေါ် သက်ရောက်လာမည့်ထိခိုက်မှုမှာ အလွန်ကြီးမားလာနိုင်သည်ဟုဆိုကာ တရုတ်နှင့်ရုရှားက ကန့်ကွက်ခဲ့ခြင်းဖြစ်သည်။ (အင်နှအိတ်ခ်ျကေ)

အိုင်အက်စ်တို့လက်မှ ထွက်ခွာလာသော ဇနီးများနှင့်သားသမီးများကို မိုဆူးလ်မြို့စခန်း၌ ထိန်းသိမ်းထား

မိုဆူးလ် စက်တင်ဘာ ၁၁

အီရတ်အာဏာပိုင်များသည် မကြာသေးမီက အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွတို့လက်မှ လွတ်မြောက်လာခဲ့သော ၎င်းတို့၏နိုင်ငံခြားသားဇနီးများနှင့် သားသမီး ၁၄၀၀ ကို မိုးဆူးလ်မြို့အနီးရှိ စခန်းတစ်ခု၌ ထိန်းသိမ်းထားကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက မကြာသေးမီတွင် ပြောခဲ့သည်။

မိုဆူးလ်တောင်ဘက် ကီလိုမီတာ ၅၀ အကွာရှိ ဟာမန်အယ်လ်အလီရှိ ထိန်းသိမ်းရေးစခန်း၌ ထိန်းသိမ်းထားသည့် အိုင်အက်စ်အကြမ်းဖက်အစွန်းရောက်များ၏ နိုင်ငံခြားသားမိသားစုဝင်များအနက် အများစုမှာ မူရင်းသက်သေခံစာရွက်စာတမ်းများမရှိသည့်အတွက် မည်သူက ၎င်းတို့၏ မိခင်ဆိုသည်ကို သိရှိရန် လုံခြုံရေးတပ်ဖွဲ့များက စစ်ဆေးလျက်ရှိကြောင်း နေရာချထားရေးနှင့် ရှေ့ပြောင်းနေထိုင်မှုဆိုင်ရာ ဝန်ကြီးဌာန၏ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဂျက်ဆင်အယ်လ်အတီယာက ပြောခဲ့သည်။

ထိန်းသိမ်းခံထားရသူများသည် ရုရှားနှင့် တူရကီအပြင် ဥရောပနှင့် အာရှနိုင်ငံများမှ နိုင်ငံသားများဖြစ်ကြကြောင်း မိုဆူးလ်မြို့ လုံခြုံရေးသတင်းရင်းမြစ်တစ်ခုက ဖော်ပြခဲ့သည်။

ယခုထိန်းသိမ်းထားသူများသည် တယ်လ်အဖာဒေသတွင် အီရတ်တပ်ဖွဲ့ဝင်များနှင့်ဖြစ်ပွားသော တိုက်ပွဲများတွင် သေဆုံးသွားသော အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွ၏ မိသားစုဝင်များသို့မဟုတ် အီရတ်တပ်ဖွဲ့နှင့် ကာဒ်တပ်ဖွဲ့ဝင်များထံ လက်နက်ချအညံ့ခံသည့် အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများ၏ မိသားစုဝင်များဖြစ်ကြောင်း အဆိုပါသတင်းရင်းမြစ်တွင် ဆက်လက်ဖော်ပြထားသည်။

အီရတ်ဝန်ကြီးချုပ် ဟိုင်ဒါအယ်လ် အဘာဒီက တယ်လ်အဖာမြို့အပါအဝင် အနီးနားဝန်းကျင် ဇရီယာများသည် အိုင်အက်စ်စစ်သွေးကြွများ၏ ထိန်းချုပ်မှုအောက်မှ အပြည့်အဝလွတ်မြောက်ခဲ့ပြီဖြစ်ကြောင်း မကြာသေးမီက ပြောခဲ့သည်။ (ဆင်ဟွာ)

အာဆီယံထိပ်သီးအစည်းအဝေး လုံခြုံရေးတာဝန်ရှိသူများ မိုဘိုင်းဖုန်းသုံးစွဲမှု ဖိလစ်ပိုင် ပိတ်ပင်မည်

မနီလာ စက်တင်ဘာ ၁၁

ဖိလစ်ပိုင်နိုင်ငံ၌ လာမည့်နိုဝင်ဘာလတွင်ကျင်းပမည့် အာဆီယံအဖွဲ့ဝင်များ၏ ထိပ်သီးအစည်းအဝေးနှင့် အရှေ့အာရှထိပ်သီးအစည်းအဝေးတို့တွင် လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့် တာဝန်ဆောင်ရွက်နေစဉ်အတွင်း မိုဘိုင်းဖုန်း ယူဆောင်ခြင်းကို ပိတ်ပင်သွားမည်ဖြစ်ကြောင်း ဒေသမီဒီယာက တနင်္ဂနွေနေ့တွင်ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်၊ ဂျပန်၊ အိန္ဒိယနှင့် ရုရှားအပါအဝင် အာဆီယံခေါင်းဆောင်များနှင့် အဓိကပြောဆိုဆွေးနွေးမှုပြုလုပ်ကြမည့် ဆွေးနွေးဖက်များအတွက် တာဝန်ချထားသည့် လုံခြုံရေးအစီအစဉ်အရ တာဝန်ထမ်းဆောင်ကြသူများသည် တာဝန်ချိန်အတွင်း မိုဘိုင်းဖုန်းအသုံးပြုမှုများကို ပိတ်ပင်သွားမည်ဖြစ်ကြောင်း အာဆီယံလုံခြုံရေးအဖွဲ့အင်အားစုဒါရိုက်တာ နပိုလီယွန်တာအက်စ်၏ ပြောဆိုမှုကိုကိုးကားလျက် GMA News Online က ဖော်ပြခဲ့သည်။

တာဝန်ဆောင်ရွက်နေချိန်အတွင်း မိုဘိုင်းဖုန်းသုံးစွဲမှုကို ပိတ်ပင်လိုက်ခြင်းသည် အာဆီယံအဖွဲ့ဝင်ကိုယ်စားလှယ်များအားလုံး၏လုံခြုံမှုနှင့်ဘေးကင်းမှုကို အာမခံပေးနိုင်မည်ဟု ယုံကြည်ကြောင်း တာအက်စ်က ပြောကြားခဲ့သည်။

ဆဲလ်လူလာဖုန်းများအသုံးပြုခွင့်ကို တင်းကျပ်စွာတားမြစ်ထားပြီး ထိုသို့အသုံးပြုသည်ကိုတွေ့မိသိရှိပါက အရေးယူခံရမည်ဖြစ်ကြောင်း သိရသည်။

အာဆီယံအဖွဲ့ကြီးကို ဘရူနိုင်း၊ကမ္ဘောဒီယား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံများဖြင့် ဖွဲ့စည်းထားသည်။ (ဆင်ဟွာ)

အော့စပရေးလေယာဉ်မတော်တဆဖြစ်ပွားမှုလေယာဉ်ပိုင်းလော့၏ အမှားကြောင့်ဖြစ်

ဝါရှင်တန် စက်တင်ဘာ ၁၁

ပြီးခဲ့သည့်နှစ်ဒီဇင်ဘာလက ဂျပန်တောင်ပိုင်း အိုကီနာဝါစီရင်စုရှိ ကမ်းခြေတွင် Osprey သယ်ယူပို့ဆောင်ရေးလေယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ရာ အဆိုပါမတော်တဆမှုမှာ လေယာဉ်ပိုင်းလော့၏မှားယွင်းမှုကြောင့်ဖြစ်သည်ဟု အမေရိကန်တပ်မတော်က အပြစ်ဆိုခဲ့ကြောင်း သိရသည်။

အော့စပရေးလေယာဉ်သည် ညအချိန်လောင်စာဆီဖြည့်လေ့ကျင့်ပျံသန်းမှုပြုလုပ်နေစဉ်အတွင်း နာဂိုမြို့ရှိ ရေတပ်မထဲသို့ အရေးပေါ်ဆင်းသက်မှုပြုလုပ်ခဲ့ရသည်။ လေယာဉ်၏ ပန်ကာသည် ဆီတင်လေယာဉ်၏ လောင်စာဆီဖြည့်နေသည့်ပိုက်နှင့် ထိခိုက်မိခဲ့သည်။

မတော်တဆဖြစ်သည့်လေယာဉ်ပေါ်မှ အမှုထမ်းငါးဦးလုံးကို ကယ်ဆယ်နိုင်ခဲ့သော်လည်း လေယာဉ်မှာဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးသွားခဲ့သည်။ ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက အမေရိကန်တပ်ဖွဲ့ထံမှ နောက်ဆုံးအစီရင်ခံစာတစ်စောင်ကို လက်ခံရရှိခဲ့ကြောင်း တနလ်ာနေ့က ပြောကြားခဲ့သည်။

လေယာဉ်သည် တစ်နာရီလျှင်လေတိုက်နှုန်း ၃၆မှ ၅၄ ကီလိုမီတာရှိသည့် ကြမ်းတမ်းသောရာသီဥတုအခြိန်၌ လေ့ကျင့်မှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဆီတင်ယာဉ်နှင့်မတော်တဆထိခိုက်မှုဖြစ်ပွားခဲ့ပြီးနောက်တွင် လေယာဉ်ကောင်းစွာဆက်လက်ပျံသန်းနိုင်ရန်ခက်ခဲနိုင်သည့်အတွက် ပိုင်းလော့က အရေးပေါ်ဆင်းသက်ရန်ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ (အင်နှအိတ်ခ်ျကေ)

နိုင်ငံတကာ သတင်းတိုထွာ

သိပ္ပံနှင့်နည်းပညာကဏ္ဍများတွင် တရုတ်အောင်မြင်မှုရရှိနေ

ပေကျင်း စက်တင်ဘာ ၁၁

ရာစုနှစ်အလယ်လောက်တွင် သိပ္ပံနှင့်နည်းပညာစွမ်းအင်ကဏ္ဍကို ဦးဆောင်နိုင်ရန်အတွက် အလျင်အမြန်ကြိုးပမ်းမှုများလုပ်ဆောင်ခဲ့သည့် တရုတ်နိုင်ငံသည် ပြီးခဲ့သည့်လများက သိပ္ပံနှင့်နည်းပညာကဏ္ဍတို့တွင် အောင်မြင်မှုများစွာကို ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် လုံခြုံစိတ်ချရသည့် ဆက်သွယ်မှုစနစ်ကို ဖယ်ထုတ်ပေးသည့် လျှပ်စစ်သံလိုက်စွမ်းအားနည်းပညာကဏ္ဍတွင် ဦးဆောင်နိုင်သူဖြစ်ခဲ့သည်။

ကမ္ဘာ့ပထမဆုံးဖြစ်သည့် ၂၀၀၀ ကီလိုမီတာရှိသည့် ကွန်ရက်ကို စစ်ရေး၊ ဘဏ္ဍာရေးနှင့်အစိုးရဆိုင်ရာကိစ္စရပ်များအတွင်း လုံခြုံစိတ်ချရသည့် အချက်အလက်ကူးပြောင်းမှုအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

ကင်ညာတရားရုံးဆုံးဖြတ်ချက်အရ အောက်တိုဘာလ၌ ရွေးကောက်ပွဲပြန်လည်ကျင်းပမည်

နိုင်ရိုဘီ ဩဂုတ် ၁၁

ကင်ညာ၌ ဩဂုတ်လ ၈ ရက်က ပြုလုပ်ခဲ့သည့်ရွေးကောက်ပွဲအပြီးတွင် သမ္မတအူဟူရူကင်ရတ်တာ အနိုင်ရရှိကြောင်း ရလဒ် ပေါ်ထွက်လာခဲ့သော်လည်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့က မသမာမှုများလုပ်ဆောင်ခဲ့ကြောင်းတွေ့ရှိရသဖြင့် ကင်ညာထိပ်တန်းတရားရုံးက သမ္မတကင်ရတ်တာ၏ အနိုင်ရရှိမှုကို တရားမဝင်ကြောင်း ကြေညာခဲ့ပြီးရက်ပေါင်း ၆၀ အတွင်း နောက်ထပ်ရွေးကောက်ပွဲယှဉ်ပြိုင်စေရန် ဆုံးဖြတ်ခဲ့သည်။

ထိုကဲ့သို့ ကြေညာခဲ့ပြီးနောက်တွင် ကင်ညာရွေးကောက်ပွဲကို အောက်တိုဘာ ၇ ရက်တွင် ထပ်မံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကင်ညာနိုင်ငံသားများသည်လည်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရန် မျှော်လင့်နေကြောင်း သိရသည်။

(ဆင်ဟွာ)

မြောက်ကိုရီးယားကို ဥရောပသမဂ္ဂထပ်မံပိတ်ဆို့မည်

ပြုံယမ်း စက်တင်ဘာ ၁၁

မြောက်ကိုရီးယား၏နျူကလီးယားစမ်းသပ်မှုသည်(၆)ကြိမ်မြောက်ရှိသွားပြီဖြစ်ရာ ထိုသို့စမ်းသပ်ခဲ့မှုများအတွက် ဥရောပသမဂ္ဂမှနိုင်ငံခြားရေးဝန်ကြီးများက သဘောတူညီခဲ့ကြကြောင်း သိရသည်။ ဘတ်စတိုနီးယားနိုင်ငံ၏မြို့တော်တယ်လင်တွင် ပြီးခဲ့သည့်သောကြာနေ့က ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၈နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများနှစ်ရက်တာတွေ့ဆုံမှုအတွင်း၌ မြောက်ကိုရီးယားက ကမ္ဘာ့လုံခြုံရေးကို ခြိမ်းခြောက်နေမှုများလက်ပိုက်ကြည့်နေလိမ့်မည်မဟုတ်ကြောင်းနှင့် အရေးယူပိတ်ဆို့မှုများပြုလုပ်သွားရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

ယူကရိန်းကို အမေရိကန်စစ်လက်နက်ထောက်ပံ့ရင် ဘာတွေဖြစ်လာမလဲ

ကလျာမိုးမြင့်

အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းမက်တစ်ဟာ ယူကရိန်းအရှေ့ပိုင်း ဒွန်ဘတ်စ်ဒေသရဲ့အစိတ်အပိုင်းတွေမှာ နေရာယူထားကြတဲ့ ရုရှားထောက်ခံသော ခွဲထွက်ရေးသမားတွေကို ချေမှုန်းဖို့အတွက် ထရန့်အစိုးရက ယူကရိန်းကိုစစ်လက်နက်တွေထောက်ပံ့ပေးစေချင်တဲ့သဘောထားမျိုးရှိနေပါတယ်။ မကြာသေးခင်ကသွားခဲ့တဲ့ ကီရက်ဗ်ခရီးစဉ်မှာ ကာကွယ်ရေးဝန်ကြီးမက်တစ်က ဘယ်လိုပြောသလဲဆိုတော့ သင်ကိုယ်တိုင်ကကျူးကျော်ရန်စလိုသူမဟုတ်သရွေ့ ဒီလက်နက်တွေကလည်း ကျူးကျော်ရန်စရာရောက်တဲ့ လက်နက်တွေဖြစ်လာမှာမဟုတ်ပါဘူး။ ယူကရိန်းဟာ ကျူးကျော်ရန်စတဲ့နိုင်ငံ တစ်ခုမဟုတ်ဘူးဆိုတာ သေချာတယ်လို့ သတင်းစာရှင်းလင်းပွဲတစ်ခုမှာ ပြောကြားခဲ့ပါတယ်။

သမ္မတထရန့်အနေနဲ့ ယူကရိန်းကို စစ်လက်နက်ထောက်ပံ့ပေးဖို့ ခုထိဆုံးဖြတ်ချက်မချရသေးပေမယ့် စစ်လက်နက်ထောက်ပံ့ဖို့အတွက် အကျိုးသင့်အကြောင်းသင့် ဆွေးနွေးတာတွေကိုတော့ လုပ်နေပြီလို့ မက်တစ်က အလေးအနက်ဆိုထားပါတယ်။ ရုရှားဟာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ် မတ်လအတွင်းမှာ ယူကရိန်းကပိုင်ဆိုင်တဲ့ ခရိုင်းမီးယားဒေသကို ကျူးကျော်ခဲ့ပြီး အဲဒီကျူးကျော်မှုမှာ ယူကရိန်းကိုရင်ဆိုင်တိုက်ခိုက်နိုင်ဖို့ ကရင်မလင်နန်းတော်က ၎င်းရဲ့ခွဲထွက်ရေးအုပ်စုတွေကို လက်နက်နဲ့ ရုရှားတပ်ဖွဲ့ဝင်တွေကို ထောက်ပံ့ပေးခဲ့ပါတယ်။

ယူကရိန်းကို စစ်လက်နက်အင်အားခိုင်မာတောင့်တင်းအောင် ကူညီပံ့ပိုးခြင်းက ရုရှားရဲ့ခြိမ်းခြောက်မှုကို ဒီထက်ပိုကောင်းအောင် ထိပ်တိုက်ရင်ဆိုင်နိုင်စေမှာ ဖြစ်ပြီး နယ်စပ်ဒေသကို အင်အားသုံးပြီး အတင်းပြောင်းလဲဖို့ ကြိုးစားတာဟာလက်ခံနိုင်ဖွယ်မရှိတဲ့လုပ်ရပ်ဖြစ်တယ်လို့ သမ္မတထရန့်က ရုရှားသမ္မတဗလာဒီမာပူတင်ကို ပြင်းထန်တဲ့မက်ဆေ့ချ်ပေးပို့လိုက်တဲ့ သဘောလည်း သက်ရောက်စေပါတယ်။

ဒါပေမယ့်ရုရှားရဲ့ အပြုအမူနဲ့ပတ်သက်ပြီး ပြင်းပြင်းထန်ထန်ဆောင်ရွက်လိုက်မယ်ဆိုရင် ပြန်လည်လက်တုံ့ပြန်လာနိုင်တဲ့ အန္တရာယ်ကို သိထားဖို့လိုအပ်မှာ ဖြစ်ပါတယ်။ တကယ်လို့ အမေရိကန်က ယူကရိန်းကိုလက်နက်ထောက်ပံ့လိုက်ရင် ကရင်မလင်နန်းတော်က အမေရိကန်အမျိုးသားလုံခြုံရေးကို ထိခိုက်စေမယ့် နည်းလမ်းတွေကိုအသုံးပြုလာတော့မှာ သေချာသလောက်ရှိနေပါတယ်။

အဲဒီလို လုပ်လိုက်တာနဲ့ သမ္မတပူတင်ကြိုပြောထားခဲ့သလို ယူကရိန်းမှာရှိနေတဲ့ ခွဲထွက်ရေးအုပ်စုတွေကို ရုရှားက လက်နက်တွေနဲ့ တပ်ဖွဲ့ဝင်တွေပေးပို့ပြီး ပဋိပက္ခတွေဖြစ်လာအောင်ရုရှားကရန်ပွဲကို စတင်လာတော့မှာပါ။

ဒီလိုဖြစ်လာတဲ့အခါ ထရန့်ဟာ ယူကရိန်းသို့စစ်လက်နက်တွေ ပိုမိုပေးပို့နိုင်ဖို့ ဖိအားတွေနဲ့ရင်ဆိုင်လာရနိုင်ပြီး ရုရှား-အမေရိကန် တင်းမာမှုတွေဖြစ်လာအောင် နှိုးဆွလိုက်သလိုအခြေအနေကို ရောက်ရှိလာနိုင်ပါတယ်။

ဒ့ါအပြင် ရုရှားဟာ နိုင်ငံတကာမှာ အမေရိကန်က ပါဝင်ပတ်သက်နေတဲ့ အရေးပါမှုတွေကိုပါ အတိုက်အခံပြုခြင်းဖြင့် တုံ့ပြန်လာတော့မှာဖြစ်ပါတယ်။ မြောက်ကိုရီးယားမှာဆိုရင် ပြုံယမ်းက လုပ်ဆောင်နေတဲ့ နျူကလီးယားအစီအစဉ်တွေ အောင်မြင်ခြင်းမရှိဘဲ အဆုံးသတ်သွားအောင် အမေရိကန်က ချမှတ်ဆောင်ရွက်နေတဲ့အရေးယူပိတ်ဆို့မှုတွေကို ကဖျက်ယဖျက် လုပ်လာနိုင်ပါတယ်။

ကုန်သွယ်ရေးဆိုင်ရာပိတ်ပင်မှုတွေရှိနေတဲ့အတွက် ရုရှား-မြောက်ကိုရီးယားစီးပွားရေးလုပ်ငန်း စီမံကိန်းတွေဟာ အေးခဲနေတယ်လို့ဆိုရပေမယ့် ရုရှားက မြောက်ကိုရီးယားရဲ့နျူကလီးယားအစီအစဉ်အတွက် လိုအပ်တဲ့ငွေကြေးအခိုင်အမာကူညီမှုတွေ ထပ်မံအကူအညီပေးအပ်လိုက်ခြင်းအားဖြင့် စီမံကိန်းတွေကို ပြန်စတင်လာနိုင်ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးပါဘူး။ ဆီးရီးယားအရေးကိစ္စမှာလည်း ရုရှားဘက်က လုပ်ဆောင်နိုင်တာတွေ ရှိနေပါသေးတယ်။ ဆီးရီးယားတောင်ပိုင်းမှာ အပစ်အခတ်ရပ်စဲရေးအတွက် အမေရိကန်နဲ့ ရုရှားကကြားဝင်ပြီး အာမခံပေးထားတဲ့ ပူးပေါင်းဆောင်ရွက်မှုကို ရုရှားဘက်က တစ်ခန်းရပ်ပစ်လိုက်နိုင်ပါသေးတယ်။

ပိုလန်နဲ့ လစ်သူယေးနီးယားကို နယ်နိမိတ်ပိုင်းခြားထားတဲ့ ကျွန်းဆွယ်တစ်ခုဖြစ်တဲ့ ကာလီနင်ဂရက်ဒေသဆီသို့ နျူကလီးယားလက်နက် အပါအဝင် အခြားသော လက်နက်ထောက်ပံ့မှုတွေ ပြုလုပ်ခြင်းအားဖြင့် ရန်စလာနိုင်သလို အာဖဂန်မှာရှိနေတဲ့ထရန့်ရဲ့တပ်ဖွဲ့ဝင်တွေ အမြောက်အမြားချထားမှုကို အနှောင့်အယှက်ဖြစ်အောင် ရုရှားရဲ့လက်နက်တွေကို အာဖဂန်မှာရှိတဲ့ တာလီဘန်အစွန်းရောက်စစ်သွေးကြွအုပ်စုတွေကို ပေးပို့တာတွေကိုလည်း လုပ်ဆောင်လာနိုင်ပါတယ်။

အမေရိကန်ပြည်ထောင်စုအနေနဲ့ ယူကရိန်းကို စစ်လက်နက်ထောက်ပံ့ပေးရေးအတွက် စွန့်စားဖို့ကြံရွယ်နေတယ်ဆိုရင်တော့ အဲဒီခြေလှမ်းအတွက်ဖြစ်လာနိုင်တဲ့ အကျိုးနဲ့အပြစ်နှစ်မျိုးလုံးအတွက် သေသေချာချာထည့်သွင်းစဉ်းစားထားဖို့ လိုအပ်ပါလိမ့်မယ်။

အမေရိကန်အနေနဲ့ ယူကရိန်းကို အကူအညီပေးချင်တယ်ဆိုရင်အကူအညီပေးနိုင်တဲ့ အခြားသောနည်းလမ်းတွေရှိပါတယ်။ ယူကရိန်းရဲ့အကျင့်ပျက်ခြစားမှုကိုတိုက်ဖျက်ရေး ပြင်ဆင်ရေးဆွဲသူတွေကို ကူညီထောက်ပံ့မှုတိုးမြှင့်ခြင်း၊ စစ်ဘေးသင့်ထိခိုက်ပျက်စီးခဲ့ရတဲ့ ဒေသတွေကို ပြန်လည်တည်ဆောက်ရာမှာ နိုင်ငံတကာက စေတနာရှင်တွေကို အာရုံစိုက်လာအောင်အားပေးနှိုးဆော်ခြင်း၊ ဥရောပနိုင်ငံတွေအနေနဲ့ ၎င်းတို့ရဲ့စီးပွားရေးကုမ္ပဏီတွေကို ရုရှားရဲ့ကာကွယ်ရေးဆိုင်ရာ ကန်ထရိုက်တာတွေဆီ မရောင်းချနိုင်အောင် တားဆီးဖို့ တိုက်တွန်းဆော်ဩခြင်းစတဲ့ နည်းလမ်းတွေနဲ့တစ်ဖက်တစ်လမ်းကနေကူညီပေးနိုင်ပါတယ်။

ယခုအချိန်မှာ ယူကရိန်းကလိုအပ်နေတဲ့အရေးအကြီးဆုံးအချက်ကတော့ သက်တမ်းနုနေသေးတဲ့ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာစေဖို့အတွက် စီးပွားရေးနဲ့နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေအောင်မြင်ပြီးမြောက်စေမယ့် ထွက်ရပ်လမ်းကြောင်းတစ်ခုပဲဖြစ်ပါတယ်။ စစ်ပွဲအဆုံးသတ်ဖို့ ၂၀၁၅ ခုနှစ်ဖေဖော်ဝါရီလမှာ ရုရှားနဲ့ယူကရိန်းတို့ က စည်းကမ်းချက်ပေါင်းများစွာပါဝင်တဲ့ Minsk (II) သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပေမယ့် ယူကရိန်းအနေနဲ့အဲဒီထွက်ရပ်လမ်းကြောင်းကို ရှာဖွေနိုင်ခြင်းမရှိခဲ့ပါဘူး။

ဒါဟာ အမေရိကန်က သံတမန်ရေးအရဆောင်ရွက်ပေးနိုင်တဲ့ အပိုင်းဖြစ်ပါတယ်။ ရုရှားနဲ့ယူကရိန်း နှစ်ဖက်စလုံးက ကျေနပ်မှုမရှိတဲ့ အပေးအယူ ပြုလုပ်မှုတွေမှာ သံတမန်ရေးအရ ဖန်တီးနိုင်စွမ်းရှိမှု လိုအပ်မှာဖြစ်ပြီး ဒီအချက်ကို အမေရိကန်ကကူညီပေးနိုင်ပါတယ်။ ဒီတော့ ဝါရှင်တန်က ယူကရိန်းကို အကူအညီပေးတော့မယ်ဆိုရင် ပထမအချက်အနေနဲ့ ယူကရိန်းနဲ့ နေတိုးတပ်ဖွဲ့ဝင်တွေ ပူးပေါင်းမယ်ဆိုတဲ့ အချက်ကို ညှိနှိုင်းရေးစားပွဲပေါ်ကနေ အရင်ဆုံးဖယ်ထုတ်ပစ်ရပါမယ်။

နေတိုးအဖွဲ့ထဲမှာ ယူကရိန်းအဖွဲ့သားတွေပါဝင်လာခြင်းက ကရင်မလင် အစိုးရအဖွဲ့ကို ခေါင်းခဲစေမယ့်ကိစ္စတစ်ခုပါ။ ၂၀၁၄ခုနှစ်ကခရိုင်းမီးယားကို ကျူးကျော်သိမ်းပိုက်ကြောင်းကြေညာခဲ့တဲ့ မိန့်ခွန်းပြောဆိုမှု အတွင်းမှာ ရုရှားသမ္မတဗလာဒီမာပူတင်က မကြာခင်မှာယူကရိန်းက နေတိုးအဖွဲ့နဲ့ ပူးပေါင်းမယ်လို့ ပြောကြားလိုက်တဲ့ယူကရိန်းရဲ့ဖော်ပြချက်ဟာ ဖော်ပြချက်သက်သက်သာမဟုတ်ဘဲ ရုရှားတောင်ပိုင်းတစ်ခုလုံးကို အမှန်တကယ်ကျရောက်လာမယ့် ခြိမ်းခြောက်မှုကြီးတစ်ခုဖြစ်လာနိုင်တယ်လို့ ပြောဆိုခဲ့ပါတယ်။

ယူကရိန်းကို နေတိုးအဖွဲ့နဲ့ ဝေးဝေးမှာနေစေတာက အဖွဲ့ဝင်တွေအတွက် အပန်းကြီးတဲ့ကိစ္စတစ်ခု မဟုတ်ပါဘူး။ ပြီးတော့ဝါရှင်တန်အနေနဲ့ အခြားသောနယ်ပယ်ကိစ္စရပ်တွေမှာ သဘောတူညီမှုတွေ ထပ်မံရရှိအောင် ရုရှားနဲ့ယူကရိန်းကို အကူအညီပေးမယ်ဆိုရင် ပထဝီနိုင်ငံရေးဆိုင်ရာ အကြောင်းအရာတွေကို ကူညီဖြေရှင်းပေးရာရောက်နိုင်မှာဖြစ်ပါတယ်။ အပြီးသတ်သဘောတူညီချက်ရရှိဖို့ကတော့ ကရင်မလင်နန်းတော်ဟာ ယူကရိန်းအရှေ့ပိုင်းမှာရှိနေတဲ့ ခွဲထွက်ရေးအုပ်စုတွေကို စစ်ရေးအကူအညီပေးနေတာတွေကို အဆုံးသတ်ဖို့လိုအပ်မှာဖြစ်ပြီး ရုရှားနဲ့ထိစပ်နေတဲ့ ယူကရိန်းနယ်စပ်ကို ယူကရိန်းက အပြည့်အဝပြန်လည်ထိန်းချုပ်ခွင့်ကို ပေးအပ်လိုက်ဖို့ပဲရှိပါတယ်။

(ရိုက်တာ)

ရေအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် ယနေ့ရေကမ္ဘာ

မောင်ပါဝါ

စက်တင်ဘာ ၁၀ ရက်နေ့မှအဆက်

ရေလိုအပ်ချက်ကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ခြင်း မရှိမူသည် အာဟာရလိုအပ်ချက်မြင့်မားနှုန်း ပေါ်လွင်စေခြင်း ဖြစ်ပေါ်မှုအား လှစ်ဟပြခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍ ထွက်ပေါ်လာသောရလဒ်များဖြင့် စီးပွားရေးပိုင်းဆိုင်ရာ ရေရှားပါးမှု ဖော်ပြအညွှန်းနည်းတူ၊ ရုပ်ပိုင်းဆိုင်ရာရေရှားပါးမှု ဖော်ပြအညွှန်းနှင့် အလားတူဖြစ်သော ရေဆုတ်လျော့မှု ပြဿနာ ဖော်ပြအညွှန်းများ (Water stress indicators) အား အသေးစိတ်ဖော်ပြထားခြင်းဖြစ်သည်။ ကမ္ဘာ့ဒေသအသီးသီးတွင် IWMI ၏ ရေရှားပါးမှုအခြေအနေကို ပုံ (၄) ဖြင့် ဖော်ပြထားသည်။

ရေစီမံအုပ်ချုပ်ရေး (Water Governance)

ကောင်းမွန်သော ရေစီမံအုပ်ချုပ်ရေး (Good water governance) ကို မည်သူတစ်ဦး တစ်ယောက်ကမှ ဆန့်ကျင်ကြခြင်း ရှိမည်မဟုတ်ပါ။ အမှန်အကြောင်းတရားမှာ စီးပွားရေးအရ အောင်မြင်ဖြစ်ထွန်းမှုရှိသောရေပေးဝေနိုင်မှု နည်းလမ်းကျဆင်းလာမှုနှင့် ထာဝရလိုအပ်ချက် ဖြည့်ဆည်းနိုင်ခြင်း မရှိသော ရေစီမံမှုတို့နှင့်အတူ ရေစီမံအုပ်ချုပ်ရေး (Water governance) သည် ၂၁ ရာစုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ရေသယံဇာတ အသိုက်အဝန်းအတွင်း အရေးကြီးသော ဘာသာရပ်ခေါင်းစဉ်အဖြစ် ချင်းနင်းဝင်ရောက်နေရာယူလာပြီဖြစ်ပေသည်။ (UNDP, 2004; UNESCO, 2006) ၂၀၀၆ ခုနှစ် UNESCO ၏ ဒုတိယအကြိမ် World Water Development Report တွင် ရေသယံဇာတအရင်းအမြစ်များဖွံ့ဖြိုးလာစေရန် ရေစီမံအုပ်ချုပ်ရေး (Water governance) ၏ အဓိကအရေးကြီးသည့် အခန်းကဏ္ဍတွင် ကမ္ဘာ့ရေအကျပ်အတည်းသည် ရေစီမံအုပ်ချုပ်ရေးတစ်ခုတည်း၏ အကျပ်အတည်းသာဖြစ်သည်ဟု ဆိုနိုင်ပြီး ရေရှားပါးမှုတစ်ခုခု၏ အကျပ်အတည်းမဟုတ်ပါဟု ဖွင့်ဆိုထားသည်။ " The world water crisis is a crisis of governance not one of security" ဟု ကြေညာထားသည်။ ကမ္ဘာ့ဘဏ် အဖွဲ့အစည်းကလည်း အဆိုပါ သော့ချက်ကျ၍ ထိရောက်အရေးပါသော ရေစီမံအုပ်ချုပ်ရေး၏ အဓိက စံနှုန်းများဖြစ်ကြသည့် တာဝန်ယူ မှု၊ တာဝန်ခံမှု၊ ရေရှားပါးခြင်း သက်ရောက်မှု၊ လျော့ကျစေရေး ကြိုးပမ်းမှုတို့အပေါ် အသိအမှတ်ပြုခဲ့ကြသည်။

ရေစီမံအုပ်ချုပ်ရေးအဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် အဓိက အချက် ၃ ချက်ကို အခြေခံသည်။ ပထမအချက်မှာ စီမံအုပ်ချုပ်ရေးကို စဉ်ဆက်မပြတ်စောင့်ကြည့်၍ ကွင်းဆက်ဖြစ်ထွန်းလာမှုများအပေါ် ဆုံးဖြတ်ချက် ချမှတ်ပေးခြင်းဖြစ်သည်။ ဒုတိယအချက်မှာ ဆုံးဖြတ်ချက်ချမှတ်သည်မှ အဆင့်ဆင့်ဖြစ်ထွန်းလာမှုများကို လူမှုစီးပွားဖွံ့ဖြိုးမှု အဖွဲ့အစည်းများ (Institutions) အား အသိပေးဆောင်ရွက်ခြင်း ဖြစ်သည်။ တတိယအချက်မှာ အဆင့်ဆင့် ဆောင်ရွက်ချက်များနှင့် ဆုံးဖြတ်ချက်ချမှတ်နိုင်သော လူမှုစီးပွား ဖွံ့ဖြိုးမှု အဖွဲ့အစည်းများတွင် ကဏ္ဍပေါင်းစုံမှ ပါဝင်ပတ်သက်ခြင်း ဖြစ်သည်။

ရေစီမံအုပ်ချုပ်ရေးဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုမှု ကောက်နုတ်ချက်

နိုင်ငံတကာမှ ရေသယံဇာတပညာရှင်များနှင့် နယ်ပယ်ပေါင်းစုံအဖွဲ့အစည်းများက၊ မိမိတို့၏ ရေစီမံအုပ်ချုပ်ရေးဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုးကို ရေးသားဖော်ပြလျက်ရှိကြရာ အနှစ်သာရအားဖြင့် လွန်စွာကွာဟချက်မရှိကြောင်း တွေ့ရှိရသည်။ လွယ်ကူရှင်းလင်း၍ နားလည်လွယ်နိုင်သည်ဟု ယူဆသော အချက်အလက်များကိုသာ ကောက်နုတ်ဖော်ပြထားပါသည်။

(က) လူမှုအသိုက်အဝန်းအတွင်း တာဝန်နှင့် လုပ်ပိုင်ခွင့်၊ ဩဇာညောင်းမှု၊ မူဝါဒများ ချမှတ်နိုင်မှုနှင့် ပြည်သူ့ဘဝနှင့် ဆက်စပ်၍ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးမှု အထောက်အပံ့ပေးနိုင်သည့် အဆင့်ဆင့်ဆောင်ရွက်ချက် လမ်းစဉ်ဖြစ်သည်။ (International Institute of Administrative Science, 1996)

(ခ) ရေစီမံအုပ်ချုပ်ရေး တွေးခေါ်ခံယူချက်သည် ရေစီမံအုပ်ချုပ်ရေး လေ့လာသုတေသနပြုအဖွဲ့အစည်းများ (Institute of Governance Studies, IGS) က လူမှုစီးပွားဖွံ့ဖြိုးမှု အခြေခံအဆောက်အအုံများနှင့် သင်းပင်းအဖွဲ့အစည်းများ၏ စုပေါင်းလုပ်ဆောင်သည့် အကြောင်းအရာများကို ရှုမြင်သုံးသပ်သည်။(IGS, 2008)

(ဂ) ရေစီမံအုပ်ချုပ်ရေးသည် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်နှင့် အဆိုပါ ဆုံးဖြတ်ချက်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခြင်းရှိသည် (သို့မဟုတ်) အကောင်အထည်ဖော်ခြင်းမရှိပါဟူသော ကိစ္စရပ် နှစ်မျိုးလုံးနှင့် အကျုံးဝင်သည်။ (UN-ESCAP, 2009)

(ဃ) ရေစီမံအုပ်ချုပ်ရေးသည် နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးအာဏာပိုင်များက နိုင်ငံတစ်ခု၏ အရေးကိစ္စများဆိုင်ရာတို့ကို စီမံလုပ်ဆောင်ရာတွင် ကျင့်သုံးသည့်စနစ် ဖြစ်သည်။ ယင်းသည် နက်ရှိုင်းရောစပ်ရှုပ်ထွေးသော ဖွဲ့စည်းမှုစနစ်လည်း ဖြစ်သည်။ (UNDP, 1997)



ပုံ(၄) ကမ္ဘာ့ဒေသအသီးသီး၌ ရေရှားပါးမှုအခြေပြပုံ

GWP ၏ မူလအခြေခံနည်းစနစ်များ

ရေစီမံအုပ်ချုပ်ရေး ပိုမိုထိရောက်စေရန်အတွက်လည်း Global Water Partnership (GWP) အဖွဲ့အစည်းက လိုက်နာရမည့် အခြေခံစံနှုန်း နည်းစနစ်များ (Principles) ၁၂ ခုကို ရေးဆွဲချမှတ်နိုင်ခဲ့သည်။

(က) ပွင့်လင်းမှုရှိသော (Open)
(ခ) ထင်သာမြင်သာရှိသော (Transparent)
(ဂ) ပါဝင်ပတ်သက်မှုရှိသော (Participative)
(ဃ) တာဝန်ခံမှုရှိသော (Accountable)
(င) ထိရောက်မှုရှိသော (Effective)
(စ) ကျိုးကြောင်းဆီလျော်မှုရှိသော (Coherent)
(ဆ) သွက်လက်သက်ရောက်မှုရှိသော (Efficient)
(ဇ) ဆက်သွယ်နိုင်စွမ်းရှိသော (Communicative)
(ဈ) တန်းတူညီမျှရှိသော (Equitable)
(ည) ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုရှိသော (Integrative)
(ဋ) ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးမှုရှိသော (Sustainable)
(ဌ) အမှားနှင့်အမှန် ခွဲခြားသိနိုင်စွမ်းသော (Ethical) စသည်တို့ ဖြစ်ကြသည်။

ရေစီမံအုပ်ချုပ်ရေး၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် ရေအရင်းအမြစ်ပေါင်းစပ်စီမံခန့်ခွဲမှု

ရေစီမံအုပ်ချုပ်ရေး၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ ရေအရင်းအမြစ် ပေါင်းစပ်စီမံခန့်ခွဲမှုတို့အတွင်း ဘာသာရပ်တစ်ခုနှင့် တစ်ခု တွေးခေါ်ယူဆချက်များ ရောထွေးယှက်တင်ဖြစ်လျက်ရှိကြရာ ယင်းခေါင်းစဉ်သုံးရပ်သည် အခြေခံအားဖြင့် တူညီသယောင်ရှိကြသော်လည်း ကွဲပြားခြားနားမှုများရှိသည်ကို သုံးသပ်နိုင်သည်။

ရေစီမံအုပ်ချုပ်ရေး (Water Governance)

ရေစီမံအုပ်ချုပ်ရေးသည် အဆင့်ဆင့်ဖြစ်ထွန်းလာမှုများနှင့် လူမှုစီးပွားရေးအဖွဲ့အစည်းများ (Institutions) ဆိုင်ရာ ရေနှင့်ဆက်စပ်ပတ်သက်မှုများအပေါ် ဆုံးဖြတ်ချက်ချမှတ်ပေးခြင်းဖြစ်သည်။ ရေစီမံအုပ်ချုပ်ရေးသည် လက်တွေ့ဆောင်ရွက်ရသော နည်းပညာရပ်ပိုင်းနှင့် ရေသယံဇာတပိုင်းတို့ ဆိုင်ရာ နမူနာပြရွေ့ပြေးစမ်းသပ်ချက်များ (Modelling)၊ ကြုံတင်ခန့်မှန်းချက်များ၊ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များတွင် ပါဝင်ရေအရင်းအမြစ်နည်းစနစ်များကို အကွဲကွဲအပြားပြား ခွဲခြားလုပ်ဆောင်ကြခြင်းမရှိဘဲ ပုဂ္ဂလိက (Private) နှင့် အများပြည်သူအစုအဖွဲ့များ (Institutions) တို့၏ ဈေးကွက်ကို ယှဉ်ပြိုင်လုပ်ကိုင်ခြင်းဖြစ်သည်ဟု ဆိုသည်။

ရေအရင်းအမြစ်ပေါင်းစပ်စီမံခန့်ခွဲမှု (Integrated Water Resources Management-IWRM)

IWRM သည် ရေအရင်းအမြစ်၊ မြေယာနှင့် ဆက်စပ်အရင်းအမြစ်များ ဖွံ့ဖြိုးမှုအတွက် စီမံခန့်ခွဲမှုအဝဝမှ သာတူညီမျှစွာ ထွက်ပေါ်လာသည့် စီးပွားရေး၊ လူမှုရေး အကျိုးအမြတ်ရလဒ်များအား ထာဝရရှင်သန်ဖွံ့ဖြိုးမှုနှင့် ဂေဟစနစ်တို့အပေါ် နားလည်မှုမယူဘဲ ညှိနှိုင်းပေါင်းစပ် ကြိုးပမ်းလုပ်ဆောင်သွားခြင်း ဖြစ်သည်။ (GWP, 2000, USAID, 2007)။

တစ်ဖန် IWRM သည် ပထဝီအနေအထားအတိုင်းအတာအရ မြစ်ဝှမ်းဒေသများဖွံ့ဖြိုးမှု စီမံဆောင်ရွက်ခြင်းကို ဦးစားပေးဖော်ပြကြပြီး သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်မှု၊ စားနပ်ရိက္ခာဖူလုံမှု၊ စီးပွားရေး ကုန်ထုတ်လုပ်ငန်းများတွင် ရေကိုလိုအပ်သလို ရယူသုံးစွဲနိုင်မှု၊ ကောင်းမွန်သော ရေစီမံအုပ်ချုပ်ရေး၊ သာတူညီမျှ အခွင့်အရေးရှိသော စီးပွားရေးစျေးကွက်များ၏ ဈေးနှုန်းများပေါ်ထွက်လာမှုနှင့်အတူ လူမှုအဖွဲ့အစည်းများ အခြေခံအဆောက်အအုံပြုပြင်ပြောင်းလဲခြင်းပင် ဖြစ်သည်။

ရေလုံခြုံစိတ်ချရမှု (Water Security)

မကြာမီနှစ်ကာလများအတွင်း ရေလုံခြုံစိတ်ချရမှုသည် ရှေ့တန်းစင်မြင့်ပေါ်သို့ ထင်ရှားဝင့်ထည်စွာ ပေါ်ထွက်တက်ရောက်လာခဲ့သည်။ ရေလုံခြုံစိတ်ချရမှုသည် တစ်နည်းအားဖြင့် အရာရာကို စိုးမိုးလွှမ်းခြုံလျက်ရှိသည့် ပန်းတိုင်ဟုလည်း ဆိုကြသည်။ (GWP, 2000)။ လူတိုင်းသည် သန့်ရှင်းကျန်းမာ၍ လူသားတို့အတွက် အကျိုးပြုနိုင်သည့် ဘဝခရီးကို လျှောက်လှမ်းကြရာတွင် လုံလောက်ဘေးကင်းလုံခြုံသော ရေကို မျှတခြေရှိ၍ ကျခံနိုင်စွမ်းရှိသော ဈေးနှုန်းဖြင့် ခံစားနိုင်သည့် လမ်းကြောင်းအာမခံချက် ရှိရပေမည်။ ရေလုံခြုံစိတ်ချရမှုဆိုသည်မှာ နေ့စဉ်လူမှုရေးသုံး၊ စိုက်ပျိုးရေးသုံး၊ စက်မှုလက်မှုသုံးနှင့် ဂေဟစနစ်သုံး စသည်တို့အတွက် အရည်အသွေးပြည့်ဝ၍ လုံလောက်သောပမာဏနှင့် မျှတခြေရှိသည့် ဈေးနှုန်းဖြင့် ကျခံနိုင်စွမ်းရှိသော ရေလိုအပ်ချက်ပင်ဖြစ်သည်။

ရေလုံခြုံစိတ်ချရမှုကို အခြားတစ်နည်းအားဖြင့် ဖွင့်ဆိုရာတွင် ထိန်းသိမ်းကာကွယ်ထားသော ရေသယံဇာတဆိုင်ရာ ပတ်ဝန်းကျင်၊ ရေနှင့် ဆက်စပ်သည့် မိုးခေါင်မှု၊ ရေကြီးမှုကို ကာကွယ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များအပေါ် အာမခံခြင်း၊ ကျန်းမာပျော်ရွှင်စွာ နေထိုင်ပြီး စားနပ်ရိက္ခာထုတ်လုပ်မှု ပေးစွမ်းနိုင်ခြင်းတို့နှင့်အတူ မျှတခြေရှိ၍ ကျခံနိုင်စွမ်းရှိသည့် ဈေးနှုန်းဖြင့် လုံခြုံအာမခံသော ရေရရှိရေးနည်းလမ်းဖြစ်သည်။

ရေလုံခြုံစိတ်ချရမှုကို အခြားတစ်ဖက်တွင် ဖွင့်ဆိုရာတွင်လည်း ပြည်သူများအား ရေနှင့် ဆက်စပ်သော စွန့်စားမှု၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးလုပ်ငန်းများ၏ လက်ခံနိုင်စွမ်း အဆင့်မြင့်တင်ခြင်းနှင့်အတူ လက်ခံနိုင်သော ရေပမာဏ၊ အရည်အသွေးစသည်တို့မှာ ကျန်းမာနေထိုင်ရေး၊ ဂေဟစနစ်နှင့် ကုန်ထုတ်လုပ်ခြင်းတို့အတွက် အာမခံရမည်ဖြစ်သည်။ အချက်အလက်အချို့သည် တစ်ခုနှင့်တစ်ခု ကွဲလွဲချက်များ အနည်းနှင့်အများရှိကြသော်လည်း ဘုံရပ်တည်ချက်များမှာ တူညီကြသည်ဟု ဆိုနိုင်သည်။

(က) **ပထမဘုံရပ်တည်ချက်။** လူသားတို့အတွက် သောက်သုံးရေနှင့် နေ့စဉ် လူမှုရေးသုံး ရေလိုအပ်ချက် အာရုံစိုက်မှု (Focus) ဖြစ်သည်။

(ခ) **ဒုတိယဘုံရပ်တည်ချက်။** စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် စက်မှုထုတ်ကုန်များ ထုတ်လုပ်ရန်လိုအပ်သော ရေဖြည့်ဆည်းရရှိရန်နှင့် ဆက်နွှယ်သည့် အာရုံစိုက်မှု (Focus) ဖြစ်သည်။

(ဂ) **တတိယဘုံရပ်တည်ချက်။** သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း အာရုံစိုက်မှု (Focus) ဖြစ်သည်။

(ဃ) **စတုတ္ထဘုံရပ်တည်ချက်။** အထက် အပိုဒ်ခွဲ (ခ) နှင့် (ဂ) တို့ပါ အချက်များနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် ကွဲလွဲမှုမရှိဘဲ ယင်းမှာ ရေနှင့် ဆက်စပ် သဘာဝဘေးအန္တရာယ်များ ကာကွယ်ခြင်း အာရုံစိုက်မှု (Focus) ဖြစ်သည်။

ရေလုံခြုံစိတ်ချရမှု (Water Security) နှင့် ဆက်စပ်လျက် (က) အခြေခံလိုအပ်ချက်များ (Basic needs)၊ (ခ) စိုက်ပျိုးထုတ်ကုန်အတွက် လိုအပ်ချက် (Agricultural production)၊ (ဂ) သဘာဝပတ်ဝန်းကျင် (Environment)၊ (ဃ) စွန့်စားမှုစီမံခန့်ခွဲခြင်း (Risk management) နှင့် (င) ပြည်ပအမှီခိုကင်းစွာဖြင့် မိမိနိုင်ငံအတွင်း လုံလောက်အားကိုးနိုင်သည့် လွတ်လပ်မှု (Independence) ဟူ၍ ကဏ္ဍအလိုက် ခွဲခြားထားသည်။ သို့ရာတွင် အသေးစိတ်ဆွေးနွေးခြင်းမပြုတော့ဘဲ ကမ္ဘာ့ဒေသအသီးသီးနှင့် အာရှ-ပစိဖိတ်ဒေသများ၏ အခြေအနေများကို လေ့လာသိရှိနိုင်ကြရန် ပုံ (၅)၊ ပုံ (၆)၊ ပုံ (၇)၊ ပုံ (၈) နှင့် ပုံ (၉) တို့ဖြင့် ဖော်ပြထားပါသည်။ (WRM, J.Lautze, 2014)



ပုံ(၅) အာရှ-ပစိဖိတ်ဒေသနိုင်ငံများ၏ ရေရရှိရေး လုံခြုံစိတ်ချရမှု အမှတ်စဉ်အများ-အနည်းအလိုက်ဖော်ပြပုံ

ထို့အပြင် အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများ၏ ရေလုံခြုံစိတ်ချရမှု ခြုံငုံဖော်ပြချက် (Overall water security) အခြေအနေဖော်ပြချက်အရ မြန်မာ၊ ဘူတန်နှင့် ကာဂျစ်ရီပတ်ဗလစ် (Kyrgyz Republic) နိုင်ငံများသည် အမြင့်ဆုံးအဆင့်တွင် ပါဝင်လျက်ရှိကြောင်း အံ့အားသင့်ဖွယ်ရာ တွေ့ရှိရသည်ကို ကမ္ဘာ့ရေနေ့၌ ဆက်စပ်အဖွဲ့အစည်းများက မှတ်ချက်ပြုခဲ့ကြသည်။

ဆက်လက်၍ အာရှ - ပစိဖိတ်ဒေသတွင်းနိုင်ငံများ၏ ရေလုံခြုံစိတ်ချရမှု အခြေခံလိုအပ်ချက်များ (Water security for basic needs) ဖော်ပြချက်နှင့် စိုက်ပျိုးရေးအတွက် ရေလုံခြုံစိတ်ချရမှုတို့ကိုလည်း ဖော်ပြထားပါသည်။

မှတ်ချက်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပေတံနှင့် တိုင်းတာရာတွင် ကာဇာစတန် (Kazakhstan)၊ ကာဂျစ်ရီပတ်ဗလစ် (Kyrgyz Republic)၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်တို့သည် အထိုက်အလျောက် သင့်တင့်မျှတစွာ မြင့်မားလျက်ရှိပြီး ကိုရီးယားရီပတ်ဗလစ်နှင့် စင်ကာပူတို့သည် ယင်းနိုင်ငံများနှင့် နှိုင်းယှဉ်ချက်အရ နိမ့်ကျနေကြောင်း တွေ့ရှိနိုင်သည်။

(ဆက်လက်ဖော်ပြပါမည်)

လယ်တွင်း ၁၁ ခရိုင်မှ သုံးထပ်ဆင်းတုများ

မောင်သာ(ရွှေဟောင်းသုတေသန)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပျူမြို့ဟောင်း ပင်လယ်ရှိ မိုင်းမောရွာတွင် ပျူယဉ်ကျေးမှုအထောက်အထားပစ္စည်းများ စုဆောင်းပြသမည့် နန္ဒပူရယဉ်ကျေးမှုပြတိုက် ဖွင့်လှစ်ရန် စီစဉ်နေသော မိုင်းမောဆရာတော်၏ ဖိတ်ကြားချက်အရ ပင်လယ်မြို့ဟောင်း အနီးဝန်းကျင်ဒေသများသို့ ရောက်ရှိခဲ့ပါသည်။

ခရစ်နှစ် ၁ ရာစုမှ ၉ ရာစုအတွင်း သမိုင်းအကြို(ကာလ(Proto Historic Period)တွင် ပျူလူမျိုးများသည် လက်ရှိမြန်မာနိုင်ငံဖြစ်လာမည့် နယ်မြေအတွင်း မိုင်းမောဟုထင်ရှားသည့် ပင်လယ်မြို့ဟောင်းအပါအဝင် ပျူမြို့ပြများကို တည်ထောင်နေထိုင်ခဲ့ကြသည်။ ပင်လယ်မြို့ဟောင်းသည် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့မှ အရှေ့တောင်ဘက် ငါးမိုင်အကွာတွင် တည်ရှိကာ ပုဂံခေတ်နောင်းပိုင်း၊ ကျော်စွာမင်းလက်ထက်(ခရစ်နှစ် ၁၂၈၇-၁၂၉၈)တွင် ရှမ်းညီနောင်သုံးဦးအနက် ညီဖြစ်သူ သီဟသူ မင်းပြခဲ့သည့် နေရာဖြစ်သည်။

ပထမမြန်မာနိုင်ငံတော်ဖြစ်သည့် ပုဂံခေတ်တွင် နိုင်ငံတော်၏ စပါးကျီဖြစ်ခဲ့သော ကျောက်ဆည်လွင်ပြင်သည် လယ်တွင်း ၁၁ ခရိုင်ဟု ထင်ရှားပြီး စမုံ၊ စမာ၊ ဇော်ဂျီ၊ ပန်းလောင်၊ ဒုဋ္ဌဝတီမြစ်များ ဖြတ်သန်းစီးဆင်းနေသည့် နေရာဖြစ်သည်။ လယ်တွင်း ၁၁ ခရိုင်သည် ယခုကျောက်ဆည်မြို့နယ်ရှိ ပန်၊ တမုတ်၊ မြင်းခုံတိုင်၊ ရွာမုန်းနှင့် သင်တောင်း၊ မြစ်သားမြို့နယ်ရှိ ပင်လယ်၊ ပြည်မနှာနှင့် မြစ်သာ၊ စဉ့်ကိုင်မြို့နယ်ရှိ မက္ခရာ၊ တပြက်သာနှင့် ခံလူးဟူသည့် ခံမြို့ ၁၁ မြို့ကို အစွဲပြုခေါ်ဆိုခြင်းဖြစ်သည်။

ကုန်းဘောင်ခေတ် ဗဒုံမင်းလက်ထက်(ခရစ်နှစ် ၁၇၈၂-၁၈၁၉)တွင် ဇော်ဂျီခရိုင် မြောင်လှ၊မြင်းခုန်တိုင်၊ ပန်နှီး၊မြင်စိုး၊ မက္ခရာနှင့် ပန်းလောင်ခရိုင် စောလှ၊ ပင်လယ်၊ မြစ်သား၊ပြည်မနှာတို့ကို ပေါင်း၍ လယ်တွင်းကို ခရိုင်ဟု ဖွဲ့စည်းခဲ့သဖြင့် လယ်တွင်း ၁၁ ခရိုင်နှင့် လယ်တွင်း ကိုးခရိုင်ဟု အမည်နှစ်မျိုး ဖြစ်ခဲ့သည်။ ကျောက်ဆည် မြို့နယ်အတွင်းရှိ လယ်တွင်းကို အရှေ့ဘက်တွင် ရှမ်းရိုးမတောင်ခြေ၊ အနောက်ဘက်တွင် စမုံမြစ်၊ တောင်ဘက်တွင် ပြက္ခရွေတောင်နှင့် မြောက်ဘက်တွင် ဒုဋ္ဌဝတီခေါ် မြစ်ငယ်မြစ်ဟု ပိုင်းခြားခဲ့သည်။

အစဉ်အလာပြောစကားများအရ "ဆပ်သွားကိုးဆူ၊ ဂူကိုးဂူ၊ မုဋ္ဌောကိုးခု၊ ဆည်ကိုးခု၊ အနော်ရထာ ကောင်းမှု"ဟု ဆိုခဲ့ကြရာ ဆပ်သွားကိုးဆူအနက် ကျောက်ဆည်မြို့နယ် ညောင်ရွှေရွာနှင့် စဉ့်ကိုင်မြို့နယ် ကြက်လျှာရွာတွင် ရှင်ပင်ရွှေဆပ်သွားဘုရားတို့ကို ယနေ့တိုင် မြင်တွေ့ကြရပေသည်။

ရှင်ပင်ရွှေဆပ်သွား ထပ်ဘုရား

ကျောက်ဆည်မြို့မှ အနောက်တောင်ဘက် ငါးမိုင်အကွာရှိ ညောင်ရွှေရွာတွင် တည်ရှိသည့် ရှင်ပင်ရွှေဆပ်သွားစေတီကို အနော်ရထာမင်းကြီးတည်ခဲ့သည်ဟု ယုံကြည်ကြသည်။ စေတီတော်အနီးဝန်းကျင်ရှိ ညောင်ရွေ့၊ ညောင်ဝန်း၊ ညောင်ပင်စောက်၊ ကြောင်ပန်းကုန်း၊ ကြက်လျှာ၊ ငါးအိုး၊ အနောက်ရွာနန်း၊ ရေတွင်းပြည့်၊သင်ပုတ်၊ ငါးလုံကုန်း၊ ပွတ်တိုင်နှင့် ပုထိုးတိုင်ရွာများမှ ရွာသူရွာသားများက မိမိတို့ရွာများသည် ရှင်ပင်ရွှေဆပ်သွားစေတီတော်၏အရိပ်အောက်တွင် တည်ရှိကြောင်း ယုံကြည်ကြသည်။

အနော်ရထာမင်းကြီး မူလတည်ခဲ့သည့် စေတီသည် အမြင့်ကိုးတောင်ရှိပြီး စေတီဝင်းသည် မုခ်လေးခုရှိခဲ့သည်ဟု ဆိုကြသည်။ စေတီတော်သည် အုတ်နှစ်ထပ်၊ ကျောက်နှစ်ထပ် ငုံထားသည့်စေတီဖြစ်ပြီး အုတ်စေတီနှစ်ထပ်ကို ပုဂံခေတ်နောင်းဘုရင်တစ်ပါးနှင့် အင်းဝဘုရင် မင်းရဲကျော်စွာတို့က တည်ထားခဲ့ကြောင်း အဆိုရှိခဲ့သည်။ မြန်မာသက္ကရာဇ် ၁၂၆၃ ခုနှစ်တွင် ညောင်ဝန်း သပြေကျောင်းတိုက်တွင် သီတင်းသုံးခဲ့သည့် ဂိုဏ်းထောက်ဆရာတော် ဦးဇိနနှင့် ရွာသူရွာသားများက လက်ရှိစေတီကို တည်ထားခဲ့ကြသည်။ ရသေ့ကြီးဦးခန္ဓိသည် မြန်မာသက္ကရာဇ် ၁၂၉၃ ခုနှစ် နယုန်လပြည့်ကျော် ၃ ရက်(ခရစ်နှစ် ၁၉၃၁ ခုနှစ် ဇွန်လ ၄ ရက်)၊ ဗုဒ္ဓဟူးနေ့တွင် ဉာဏ်တော် ၇၅ တောင်ရှိသည့် ရှင်ပင်ရွှေဆပ်သွားစေတီတော်ကို ပြုပြင်မွမ်းမံ၍ ထီးတော်အသစ်တင်လှူခဲ့သဖြင့် အုတ်နှစ်ထပ်၊ ကျောက်နှစ်ထပ် စေတီဟု ထင်ရှားခဲ့သည်။

ဦးခန္ဓိသည် ကြေးချိန် ပိသာ ၁၃၅၀ ရှိသည့် ရုပ်ပွားတော်ကြီးကို သွန်းလုပ်၍ ရှင်ပင်ရွှေဆပ်သွားစေတီတွင် လှူဒါန်းခဲ့သည်။ ယင်းရုပ်ပွားတော်ကြီး ထားရှိသည့် နေရာ၏ နောက်ဘက်နံရံတွင် ခြောက်လက်မပတ်လည် အပေါက်တစ်ပေါက်ရှိခဲ့ပြီး ယင်းအပေါက်မှ လိုဏ်အတွင်းသို့ မီးရောင်ဖြင့်ကြည့်ပါက အနော်ရထာမင်းကြီး တည်ခဲ့သည့် မူလစေတီတော်ကို ဖူးတွေ့ရသည်ဟု ဆိုခဲ့ကြသည်။

ရှင်ပင်ရွှေဆပ်သွားစေတီကို ၁၉၉၈ ခုနှစ်တွင် ပြုပြင်ခဲ့စဉ်က စေတီတော်ပုံသည် မူလလက်ရာများနှင့် ကွဲလွဲနေခဲ့သဖြင့် ၂၀၀၉ ခုနှစ်တွင် ပြန်လည်မွမ်းမံပြင်ဆင်ခဲ့သည်။ ဦးခန္ဓိလှုဒါန်းခဲ့သည့် ရုပ်ပွားတော်ကြီးနှင့် ပိတ်နေသည့် လိုဏ်အတွင်း၌ အနော်ရထာမင်း၏ ကုသိုလ်တော်များရှိနေကြောင်း အစဉ်အဆက် ယူဆခဲ့ကြသဖြင့် ဆရာတော်များ၏ ခွင့်ပြုချက်ဖြင့် ခြောက်လက်မပတ်လည်အပေါက်ရှိသည့် လိုဏ်ကို ဖွင့်ခဲ့ကြသည်။

လိုဏ်အတွင်းမှ အင်း၀ခေတ်လက်ရာ ဉာဏ်တော် ၁၀ ပေရှိသည့် အင်္ဂတေမံဘုရားကြီးတစ်ဆူကို တွေ့ရှိခဲ့ကြရသည်။ ဘုရားကြီးနှင့်အတူ ကျောက်သားဆင်းတု ၂၅ ဆူ၊ ကြေးဆင်းတုတော် တစ်ဆူ၊ ချိတ်ဖြင့်ထုလုပ်ပြီး ရွှေငွေကြေး သွန်းအုပ်ထားသည့် ဆင်းတုတော် ၁၆၈ ဆူနှင့်သစ်သားဆင်းတု ငါးဆူတို့ကိုတွေ့ရှိခဲ့သည်။ ကျောက်ဆင်းတုတော်များသည် ပင်းယ၊ ညောင်ရမ်း၊ အမရပူရနှင့် ရတနာပုံခေတ် လက်ရာများဖြစ်ကြောင်း ရှင်ပင်ရွှေဆပ်သွားဘုရားကြီး စာအုပ်တွင် မှတ်တမ်းပြုထားသည်။

အုတ်နှစ်ထပ်စေတီဟုဆိုသည့် အုတ်သားစေတီတော်၏ ပစ္စယာအဆင့်ဆင့်ကို မဖူးတွေ့ကြရသော်လည်း မြန်မာဘုရင်အဆက်ဆက်က ငုံ၍ အထပ်ထပ်ထုလုပ်ခဲ့သည့် ဆင်းတုတော်ကြီးကို ဖူးမြင်နိုင်ကြသည်။ ယခုအခါတွင် ယင်းဆင်းတုတော်ကြီးကို ဦးခန္ဓိလှုဒါန်းခဲ့သည့် ကြေးရုပ်ပွားတော်အောက်ခြေရှိ ပလ္လင်တော်လိုဏ်အတွင်း ကျားမ မရွေး ဝင်ရောက်ဖူးမြော်နိုင်ကြပေသည်။

ဦးဇိနတည်ခဲ့သည့် ကျောက်သားစေတီတော်၏ ကျောက်ပလ္လင်ကို စေတီတော်အနောက်ဘက်ရှိ အဓိဋ္ဌာန်မုခ်ဦးအတွင်း ပူဇော်နိုင်သကဲ့သို့ ကျောက်သားစေတီတော်၏ ထီးတော်ကို လက်ရှိစေတီတော်၏ အရှေ့တောင်ထောင့် ခေါင်းလောင်းအောက်ခြေရှိ အပေါက်ငယ်အတွင်း၌ ရဟန်း၊ သာမဏေနှင့် အမျိုးသားများ တက်ရောက် ဖူးမြင်နိုင်ကြသည်။

တမုတ်ရှင်ပင် ငုံဘုရားများ

ရှင်ပင်ရွှေဆပ်သွားစေတီတော်ရှိ ထပ်ဘုရားကဲ့သို့ ခေတ်သုံးခေတ်လက်ရာ ငုံဘုရားဆင်းတုတော် သုံးဆူကို ကျောက်ဆည်မြို့နယ် တမုတ်ရွာတွင် ဖူးတွေ့နိုင်သည်။ တမုတ်သည် ကျောက်ဆည်မြို့မှ အနောက်သို့ ခြောက်မိုင်ကွာဝေးပြီး ကျောက်ဆည်-တံတားဦး ကားလမ်းတောင်ဘက် ကျောက်ဆည်မြို့နယ် ကြောင်ပန်းကုန်းကျေးရွာအုပ်စု ညောင်ပင်စောက်ကျေးရွာတွင် ရှိသည်။ တမုတ်မြို့ဟောင်းသည် လယ်တွင်း ၁၁ ခရိုင်တွင် ပါဝင်ကာ ပန်းလောင်မြစ်၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိပြီး ဧရိယာ ၂၅ ဧက ကျယ်ဝန်း၍ အုတ်မြို့ရိုးသည် မြင်းခွာပုံသဏ္ဌာန်ရှိသည်။

အနော်ရထာမင်းကြီးသည် ပန်းလောင်မြစ်ရိုးတစ်လျှောက် ရွှေဂူစေတီကိုးဆူ တည်ထားခဲ့ရာ ကျောက်ဆည်မြို့နယ်အတွင်း ငါးဆူ၊ မြစ်သားမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်အတွင်း၌ နှစ်ဆူစီ တည်ရှိသည်။ ကျောက်ဆည်မြို့နယ်အတွင်း၌ ပန်း(မကျည်းတော)၊ တမုတ်၊ မြင်းခုံတိုင်(ချက်မ)၊ ပန်နှင့် ရွာမုန်း(ရွှေအင်း) ရွှေဂူစေတီများ တည်ရှိနေပြီး မြစ်သား၊မြို့နယ်တွင် မြစ်သာ(ကျွန်းလှ)နှင့် ပြည်မနား ရွှေဂူစေတီတော်ရှိကာ စဉ့်ကိုင်မြို့နယ်၌ ခံလူး(ဝံပတေ့)နှင့် ခံလူး(စောခဲ) ရွှေဂူစေတီတော်တို့ တည်ရှိသည်။

ငုံဘုရားဆင်းတုတော်များ တည်ရှိသည့် ရွှေဂူကြီးစေတီတော်သည် တမုတ်မြို့ဟောင်းကို အစွဲပြု၍ တမုတ်ရွှေဂူကြီးဟု ထင်ရှားခဲ့သည်။ အနော်ရထာမင်းကြီးသည် တမုတ်တွင် တစ်ထပ်လိုဏ်ဂူပုံ အမိုးလျော ရွှေဂူကြီးစေတီကို ပုဂံခေတ်ဦးပိုင်း ၁၁ ရာစုတွင် တည်ထားခဲ့ပြီး ရွှေဂူကြီးနှင့်အတူ အနောက်ဘက်တွင် သိမ်တော်ကြီး တစ်ခုကို ဆောက်လုပ်ခဲ့သည်။

ပုဂံခေတ် ၁၂ ရာစု၊ နရပတိစည်သူမင်း လက်ထက်(ခရစ်နှစ် ၁၁၆၅-၁၂၁၁)တွင် ပျက်စီးယိုယွင်းနေသည့် မူလစေတီတော် တစ်ထပ်ဂူဘုရားကို ကွမ်းတောင်ပေါက် နှစ်ထပ်ဂူဘုရားအဖြစ် တည်ခဲ့ကာ ဂူဘုရားအပြင်ပိုင်းကို ကနတ်ပန်းများ၊ တိရစ္ဆာန်ရုပ်များ၊ ငှက်ရုပ်များ၊ လူနတ်ပြဟ္မာ ကိန္နရာရုပ်များဖြင့် အလှဆင်ခဲ့သည်။ ပင်းယခေတ် ဥစ္စနာမင်းလက်ထက် သက္ကရာဇ် ၆၈၄ ခုနှစ်တွင် စေတီတော်၊ သိမ်တော်နှင့် ဆင်းတုတော်တို့ကို ငုံ၍ ပုဂံ ရွှေစည်းခုံစေတီပုံစံ စေတီတော်ကို တည်ထားခဲ့သည်။

သိမ်အတွင်းတွေ့ရှိခဲ့ရသည့် ကျောက်စာအရ ပင်းယဘုရင် ဆင်ဖြူရှင် ကျော်စွာမင်း(ခရစ်နှစ် ၁၃၄၄-၁၃၅၀)သည် မိဖုရားနှင့်အတူ သက္ကရာဇ် ၇၁၈ ခုနှစ်တွင် တမုတ် ရှင်ပင် ရွှေဂူကြီးဘုရားသို့ လာရောက်ဖူးမြော်ပြီး ဘုရားဝတ်တော်မြေ ၁၉ ပယ်၊ အမှုထုပ်ဘုရားကျွန် လေးယောက်တို့ကို လှူဒါန်းခဲ့ကြောင်း သိရှိရပေသည်။

ပင်းယခေတ်တွင် နောက်ဆုံးပြုပြင်တည်ထားခဲ့သည့် တမုတ် ရွှေဂူကြီးစေတီတော်သည် နှစ်ကာလကြာမြင့်စွာ ပြုပြင်ထိန်းသိမ်းမှု မရှိခဲ့သဖြင့် ပြိုကျပျက်စီးကာ အုတ်ပုံကြီးတစ်ခုအသွင် ဖြစ်နေခဲ့ပြီး စေတီတော်နှင့် ၁၃ ဒသမ ၆၂ ဇက ကျယ်ဝန်းသည့် ဘုရားကုန်းမြေတစ်ခုလုံးသည် ချုံနွယ်ပိတ်ပေါင်းများဖြင့် ပိတ်ဖုံးနေခဲ့သည်။ ၁၉၁၅ ခုနှစ်တွင် ကြောင်ပန်းကုန်းရွာနေ ဦးစံထွားက ပြိုကျနေသည့် စေတီကြီး ထိပ်ပိုင်းကို မြေညှိပြီး ဉာဏ်တော် ပေ ၂၀ ခန်ရှိ စေတီငယ်တစ်ဆူကို တည်ထားခဲ့သည်။

၁၉၉၃ ခုနှစ်တွင် မြို့နယ်သံယနာယကအဖွဲ့၏ တာဝန်ပေးအပ်မှုနှင့် ရွာသူရွာသား များ၏ ပင့်လျှောက်မှုအရ အမရပူရ မဟာဂန္ဓာရုံစာသင်တိုက်တွင် သီတင်းသုံးနေသည့် ငယ်တိုးရွာဇာတိ အရှင်စန္ဒောဘာသသည် ကြောင်ပန်းကုန်းရွာသို့ ကြွရောက်သီတင်းသုံးခဲ့သည်။ ထိုနှစ် သြဂုတ် ၂၂ ရက်တွင် ဆရာတော် အရှင် စန္ဒောဘာသ ဦးဆောင်လျက် ဒေသခံ ရွာသူရွာသားများသည် အုတ်ကုန်းကြီး အောက်ခြေပိုင်းကို ရှင်းလင်းကြရာ ဂူမုခ်ချိုင့်ရာ ဦးစွာပေါ်လာပြီး အင်္ဂတေပန်းလက်ရာများနှင့် လိုဏ်ဂူအတွင်း ဆေးရေးပန်းချီ အစအနများတွေ့ရှိခဲ့ကြသည်။ နိဝင်ဘာ ၂ ရက်တွင် ဉာဏ်တော် ၁၀ ပေရှိသည့် အင်္ဂတေမံဘုရားကြီးကို တွေ့ရှိခဲ့ကြသည်။

ရှေးဟောင်းသုတေသနဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ၁၃၇၀ ပြည့်နှစ် ကဆုန်လပြည့်နေ့(၂၀၀၈ ခုနှစ် မေ ၁၉ ရက်)မှ စတင်၍ နေ့စဉ် လုပ်အားပေးလူအင်အား ၂၀၀ ကျော်ဖြင့် တမုတ်ရွှေဂူကြီးအုတ်ကုန်းကို တူးဖော်ခဲ့ရာ တမုတ်ရွှေဂူကြီး၏ အောက်ခြေပတ်ပတ်လည်မှ အထက်ကွမ်းတောင်အထိ အင်္ဂတေ ပန်းတော့လက်ရာများကို တွေ့ရှိခဲ့ရသည်။ တူးဖော်မှုများအတွင်း အင်္ဂတေထောင်းသည့် ဆုံများ၊ ရေတွင်းများပါကို တွေ့ရှိခဲ့ရသည့်အတွက် မူလအတိုင်း ထိန်းသိမ်းပြသထားသည်။

ပျူအရိုးအိုးများနှင့် အန္တဂူ ဆင်းတုတော်

တမုတ် ရွှေဂူကြီးစေတီတော်၏ အရှေ့ဘက်၊ မြောက်ဘက်နှင့် အနောက်မြောက်ဘက်တွင် ပျူအရိုးအိုးဖုံးများကို တူးဖော်တွေ့ရှိခဲ့ရာ ယင်းနေရာတွင် တမုတ် ပျူရွာကြီးရှိခဲ့ကြောင်း 'သမိုင်းမှတ်တိုင် မြစ်သားဆယ့်တစ်ခရိုင်' စာအုပ်တွင် ဖတ်ရှုရပေသည်။ တွေ့ရှိရသည့် အရိုးကုန်းများအနက် နောင်တော်ကြီး စတုမုခစေတီ မြောက်ဘက်ကပ်လျက်ရှိ အရိုးအိုးကုန်းသည် အထင်ရှားဆုံးဖြစ်သည်။

တမုတ်ရွှေဂူကြီးပတ်လည်တွင် တွေ့ရှိရသည့် အရိုးအိုးကုန်းများသည် အတွင်းအပြင် လေးထောင့်ပုံဖြစ်ပြီး သုံးပေမြင့်သည့် အုတ်ခုံပတ်လည်တွင် အရိုးအိုးများကို မြှုပ်နှံခဲ့ကာ အတွင်းပိုင်းတွင် မြှုပ်နှံမှုမရှိကြောင်း တွေ့ရှိကြရသည်။ ပုံသဏ္ဌာန်မျိုးစုံ ပါရှိသည့် အရိုးအိုးများကို မြေပန်းကန်ပြားဖြင့် ဖုံးအုပ်ပြီးမှ မြှုပ်နှံခဲ့သည်။ ရှေးဟောင်းသုတေသနဦးစီးဌာနက ယင်းအရိုးအိုးများကို တွေ့ရှိသည့်နေရာ၌ပင် အမှတ်စဉ်ရေးထိုး၍ ပြသထားသည်။

တမုတ်ရွှေဂူစေတီတော် ပတ်လည်မှ ရုပ်ပွားတော်များစွာကို တူးဖော်တွေ့ရှိခဲ့သည့်အနက် ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလတွင် စေတီတော် အင်္ဂါထောင့်ရှိ တဝဂုမှ ၁၂ ရာစုလက်ရာ ဆင်စွယ်ရောင် အန္တဂူဆင်းတုတော်တစ်ဆူကို အကောင်းအတိုင်း ရရှိခဲ့သည်။ ဆင်းတုတော်သည် အမြင့် ၁၆ စင်တီမီတာ၊ အလျား ၉ ဒသမ ၃ စင်တီမီတာနှင့် အထူ ဒသမ ၅ စင်တီမီတာရှိကာ အရုပ်ပေါင်း ၇၀ ပါရှိသည်။ အန္တဂူဆင်းတုဟူသည် ဆင်စွယ်ရောင်၊ အဖြူရောင်၊ ပန်းရောင်၊ မီးခိုးရောင်များရှိသည့် အန္တဂူကျောက် (Dolomite Stone)တွင် ဗုဒ္ဓဝင်ရှစ်ခန်းကို အနုစိတ်ထုလုပ်ထားသည့် ဗုဒ္ဓရုပ်ပွားတော်ဖြစ်သည်။

လက်ရာမြောက်စွာထုဆစ်ထားသည့် ကျောက်ဆစ်လက်ရာ အန္တဂူရုပ်ပွားများကို အမျိုးသားပြတိုက်(ရန်ကုန်)နှင့် ပုဂံ ရှေးဟောင်းသုတေသနပြတိုက်တို့တွင် ထိန်းသိမ်းပြသထားသည်။ တမုတ်ရွှေဂူ အန္တဂူဆင်းတုတော်ကို တမုတ်ရွှေဂူ ပြတိုက်၌ တမုတ်ဂူကြီးနှင့် သိမ်ဟောင်းရာကို တူးဖော်ရာမှ ရရှိခဲ့သော ဓာတ်တော်မွေတော်များ၊ အုတ်ခွက်ရုပ်ပွားတော်များ၊ စဉ့်ကွင်းများ၊ ခရုဆံတော်၊ မြေမီးဖုတ်ဆံတော်များနှင့်အတူ ပြသထားသည်။

တမုတ်ရွှေဂူကြီးရှိ ရုပ်ပွားဆင်းတုတော်များသည် သုံးဆင့်ငုံ၍ ထုလုပ်ထားသည့် ခေတ်သုံးခေတ်လက်ရာများ ဖြစ်သည်။ ပုဂံ မီးမလောင်ကျောင်း အနောက်ဘက်ရှိ ဂူဘုရားငယ်အတွင်းမှ ဆင်းတုနှင့် မြင်းကပါ ဂူပြောက်ငယ်ဘုရားအနောက်ဘက် ဂူဘုရားအတွင်းမှ ဆင်းတုတို့သည်လည်း ငုံထားသည့် ရုပ်ပွားတော်များဖြစ်ကြသော်လည်း နှစ်ထပ်သာရှိသည်။

ရွှေဂူကြီးရှိ ထပ်ဘုရားများအနက် အထင်ရှားဆုံးဖြစ်သည့် အရှေ့ဘက်လှည့် သုံးထပ်ရုပ်ပွားတော်၏ အောက်ဆုံးဆင်းတုတော်သည် ရေးအကျဆုံးဖြစ်ကာ အနော်ရထာခေတ် ၁၁ ရာစု ဂုတ္တလက်ရာဖြစ်နိုင်ပြီး အလယ်ဆင်းတုသည် စောလူးမင်းနှင့် ကျန်စစ်သားမင်းလက်ထက်၊ ပါလခေတ်လက်ရာ ဖြစ်ဖွယ်ရှိကာ အပေါ်ဆုံး ဆင်းတုမှာ ၁၃ ရာစုခေတ်လက်ရာ ဖြစ်နိုင်ကြောင်း ပညာရှင်များက ယူဆကြသည်။ အရှေ့ဘက်လှည့်နေသည့် ဆင်းတုတော်နှင့် အနောက်ဘက်လှည့်နေသည့် ဆင်းတုတော် နှစ်ဆူလုံးတွင် ပလ္လင်အထပ်များပါရှိနေကာ ထပ်ဘုရားရုပ်ပွားတော်များအားလုံး၏ ဆံတော်များသည် မြေမီးဖုတ် ခရခွေဆံတော်များ ဖြစ်ကြသည်။

တမုတ်ရွှေဂူကြီးရှိ ထပ်ဘုရားသုံးဆူ တည်ရှိနေသည့် သိမ်တော်သည် သုံးကြိမ်ပြန်လည်တည်ဆောက်ခဲ့ရာ ပထမအကြိမ်တည်ဆောက်ခဲ့စဉ်က လချေးကျောက် သိမ်တိုင်၊ ဒုတိယအကြိမ် တည်ဆောက်ချိန်တွင် သဲကျောက် ရှစ်မြောင့်သိမ်တိုင်နှင့် တတိယအကြိမ် တည်ဆောက်ချိန်တွင် စကျင်ကျောက်သိမ်တိုင်များကို စိုက်ကာ သိမ်နယ်နိမိတ် သတ်မှတ်ခဲ့သည်။ ဆင်းတုတော်များနှင့် အောက်ကြမ်းခင်းတို့သည် သုံးထပ် သုံးဆင့် ရှိနေကြပေသည်။

အပေါ်မှငုံ၍တည်ခဲ့သော စေတီတော်ကြီးသည် ဖိနပ်တော် အတောင် ၆၀၊ ဉာဏ်တော်အမြင့် အတောင် ၅၀ ရှိကာ တမုတ်ရွှေဂူကြီး နှစ်ထပ်ဂူဘုရားသည် အလျား ၅၉ ပေ၊ အနံ ၃၆ ပေခန့်၊ အမြင့် ဉာဏ်တော် ၄၅ ပေ ကျော်ရှိသည်။

တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော်ကြီးမှ အရှေ့ဘက်သို့ ပေ ၁၅၀၊ မြောက်ဘက်သို့ ပေ ၁၉၀၊ တောင်ဘက်သို့ ၇၅ ပေနှင့် အနောက်တောင်ထောင့်မှ တောင်ဘက်သို့ပေ ၁၄၀ အကျယ်အဝန်းရှိသည့် ပဓိဂုဏ်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန် (Ancient Monumental Zone)အဖြစ် သတ်မှတ်ခဲ့သည်။

လယ်တွင်း ၁၁ ခရိုင် နယ်မြေဖြစ်ခဲ့သည့် ကျောက်ဆည်မြို့နယ်အတွင်းရှိ ထူးခြားသော ငုံဘုရားများသည် လာရောက်ဖူးမြော်ကြသူများဖြင့် နေ့စဉ် စည်ကားလျက်ရှိသည်။ သမိုင်းဝင် ရှင်ပင်ဆပ်သွားစေတီနှင့် တမုတ်ရွှေဂူကြီးတို့သည် ခေတ်အဆက်ဆက် ဝိညာဉ်ကာလက်ရာများကို ထိန်းသိမ်းထားနိုင်ခြင်းကြောင့် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးမြင့်မားသော ရှေးဟောင်းစေတီနှင့် အငုံအထပ် ရုပ်ပွားတော်များအဖြစ် ထင်ရှားလျက်ရှိနေပေသည်။ ။

ကျမ်းကိုး

(၁) တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော်

(၂) ရှင်ပင်ရွှေဆပ်သွားဘုရားကြီး(မိုးကျောက်ဆည်)

(၃) သမိုင်းမှတ်တိုင် မြစ်သားဆယ့်တစ်ခရိုင် (လင်းထိုက်တင်လှိုင်၊ ကျောက်ဆည်)

တိုက်နယ်ဆေးရုံတွင် ဓာတ်အားမပြည့်သဖြင့် ထရန်စဖော်မာလိုအပ်နေ

ချောင်းဦး စက်တင်ဘာ ၁၁

မုံရွာခရိုင် ချောင်းဦးမြို့နယ် အမြင့်မြို့တိုက်နယ်ဆေးရုံတွင် လျှပ်စစ်ဓာတ်အား အပြည့်အဝမရရှိသည့်အတွက် ခွဲစိတ်ခန်း အဲယားကွန်း အပါအဝင် အခြားလျှပ်စစ်ဓာတ်အား သုံးပစ္စည်းများ အသုံးမပြုနိုင်ဘဲ အဆင်မပြေမှုများရှိနေပြီး ဆေးရုံသီးသန့် ထရန်စဖော်မာတစ်လုံး တပ်ဆင်ရန် အလျှုရှင် လိုအပ်လျက်ရှိကြောင်း သိရသည်။

အမြင့်မြို့တိုက်နယ်ဆေးရုံ တာဝန်ခံဆရာဝန် ဒေါက်တာရီရီထွေး က "ဆေးရုံမှာ လျှပ်စစ်ဓာတ်အား အပြည့်အဝ မရတဲ့အတွက် ခွဲစိတ်ခန်းဝင်တဲ့နေရာမှာ လေအေးပေးစက်(အဲယားကွန်း)က မလည်နိုင်ပါဘူး။ အဲဒီတော့ ပန်ကာနဲ့ ခွဲစိတ်ဆောင်ရွက်ရတော့ ခွဲစိတ်ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းတွေသာမက ခွဲစိတ်ခံလူနာတွေအတွက်ပါ အဆင်မပြေ ဖြစ်နေရပါတယ်။ အဲဒါကြောင့် ဓာတ်အားအပြည့်အဝရရှိနိုင်တဲ့ အနေအထားရောက်အောင် ဆောင်ရွက်ပေးကြဖို့လိုပါတယ်" ဟု ပြောသည်။

တိုက်နယ်ဆေးရုံ ခွဲစိတ်ခန်းတွင် ခွဲစိတ်မှုများအနေဖြင့် ဗိုက်ခွဲ၍ ကလေးမီးဖွားခြင်း၊ ယာဉ် မတော်တဆမှုများကြောင့် ထိခိုက်ကျိုးပဲ့မှုများကို အရိုးအကြော ခွဲစိတ်ကုသခြင်းများအပြင် အခြားခွဲစိတ်မှုများလည်း ရှိနေသောကြောင့် ဓာတ်အားအလုံအလောက်ရအောင် ဆေးရုံအတွက် (100KVA)ရှိသော ကိုယ်ပိုင်ထရန်စဖော်မာ တစ်လုံး တပ်ဆင်ရန် လိုအပ်နေကြောင်းသိရသည်။

အမြင့်တိုက်နယ်ဆေးရုံ ကြီးကြပ်ရေးအဖွဲ့ နာယကကြီးဦးဉာဏ်အောင်(သင်္ခမ္မဇောတိကဓဇ+လူမှုထူးချွန်)က "လူနာတွေနဲ့ ဆေးရုံဝန်ထမ်းတွေပါ သုံးဖို့အတွက် သောက်ရေသန့်စက် တည်ဆောက်နေပါတယ်။ ဒါပေမယ့် လက်ရှိမှာတော့ လျှပ်စစ်ဓာတ်အားက ဝါတာကူလာကို သုံးမရတဲ့အခြေအနေမှာ ရှိနေပါတယ်။ ဆေးရုံမှာ ဓာတ်မှန်ခန်း ဓာတ်မှန်စက်တွေရှိပေမယ့်လည်း လျှပ်စစ်ဓာတ်အားကြောင့် ထွက်လာတဲ့ ဓာတ်မှန်ကော်ပြားက လုံးဝ ပီသမှုမရှိတဲ့အတွက် လူနာတွေဓာတ်မှန်ရိုက်ရင် မုံရွာသွားရိုက်နေရပါတယ်။ လက်ရှိရနေတဲ့ လျှပ်စစ်မီးက လူနေရပ်ကွက်ထဲမှာထားပြီး ဆက်သွယ်ထားတော့ ဓာတ်အားသွယ်ယူသူတွေ များလာပြီး ဆေးရုံသုံးဖို့က လုံးဝ အဆင်မပြေတော့တာပါ။ အဲဒါကြောင့် အမြင့်ဆေးရုံအတွက် သီးသန့်ထရန်စဖော်မာ တည်ဖို့ အလှူရှင်လိုအပ်နေပါတယ်" ဟု ပြောသည်။

အမြင့်တိုက်နယ်ဆေးရုံသည် (၁၆) ကုတင်ဆံ့ဆေးရုံဟုဆိုသော်လည်း လက်ရှိတွင် သံယာတော် လေးပါးနှင့် အမျိုးသား၊ အမျိုးသမီး၊ ကလေး လူနာ ၃၈ ဦး တက်ရောက်၍

ကုသခံယူနေရာ ဆေးရုံနှင့် လူနာဦးရေမှာလည်း မျှတမှုမရှိကြောင်း၊ ဆေးရုံတက် သံဃာတော်များကို အမျိုးသားလူနာဆောင်တွင်ပင် ထားရှိကုသပေးနေရသည့် အတွက် သံဃာတော်ဆေးကုသဆောင် တည်ဆောက်ရန်အတွက်လည်း အလှူရှင်ကို ရှာဖွေနေကြောင်း သိရသည်။

အမြင့်တိုက်နယ်ဆေးရုံတွင် လိုအပ်နေသော ထရန်စဖော်မာတစ်လုံးနှင့် သံဃာတော်ဆေးကုသဆောင်တို့အတွက် အမြင့်ဇာတိဖွား အဝေးရောက် နယ်သူနယ်သားများနှင့် အခြားစေတနာရှင်များအနေဖြင့် လှူဒါန်းလိုပါက နာယကကြီးဦးဉာဏ်အောင် ဖုန်း-၀၉-၄၄၂၀၇၄၁၀၈ နှင့် အမြင့်တိုက်နယ်ဆေးရုံ တာဝန်ခံဆရာဝန် ဒေါက်တာရီရီထွေး ဖုန်း-၀၉-၄၂၂၅၅၉၉၀၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီး

မြင်းခြံ စက်တင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဂင့်ဂဲကျေးရွာတွင် လျှပ်စစ်မီးလင်းရေးအတွက် ကိုယ့်အားကိုယ်ကိုးလုပ်ဆောင်ခဲ့ရာ စက်တင်ဘာ ၉ ရက်က လုပ်ငန်းများပြီးစီးပြီး လျှပ်စစ်မီး စတင်ရရှိ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဂင့်ဂဲကျေးရွာ၏ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအတွက် ၁၁/၀ ဒသမ ၄ ကေဗွီ ၃၁၅ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးနှင့် ၄၀၀ ပို့ဓာတ်အားလိုင်း ပေ ၄၉၅၀ တို့ကို တည်ဆောက်ခဲ့ကြောင်း သိရသည်။ လုပ်ငန်းများပြီးစီးသည့်နောက် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်လွင်နှင့် လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးဝင်းတို့က လုပ်ငန်းဆောင်ရွက်ထားမှုများ စနစ်တကျရှိစေရန် လာရောက်စစ်ဆေးပြီး လျှပ်စစ်ဓာတ်အား စတင်လွှတ်ပေးခဲ့သည်။

အဆိုပါ ဂင့်ဂဲကျေးရွာ လျှပ်စစ်မီးလင်းခြင်းသည် တလုပ်မြို့ဓာတ်အားခွဲရုံမှ ဓာတ်အားပေးမည့် ကျေးရွာ ၃၄ ရွာအနက် ခြောက်ရွာမြောက်မီးလင်းခြင်းဖြစ်ပြီး ကျန်ရှိသည့် ကျေးရွာများမှာလည်း လျှပ်စစ်မီးလင်းရေးအတွက် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။ ဂင့်ဂဲကျေးရွာတွင် အိမ်ခြေ ၂၀၀ ရှိပြီး လျှပ်စစ်မီးလင်းရန် လျှောက်ထားသူ ၂၀၀ ရှိကာ ပထမအကြိမ်အဖြစ် လျှပ်စစ်မီတာ ၆၅ လုံးကို တပ်ဆင်ပေးထားပြီး ဖြစ်ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ဆင်းရဲနွမ်းပါးသော ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်ထောက်ပံ့

ရွားတော စက်တင်ဘာ ၁၁

ကယားပြည်နယ် ရွှေကန္တာရဝတီပညာရေးဖောင်ဒေးရှင်းမှ ကြီးမှူး၍ ရွားတော မြို့နယ်အတွင်းမှ ဆင်းရဲနွမ်းပါးသော ကျောင်းသား ကျောင်းသူများအား ပညာသင် ထောက်ပံ့စရိတ် ပေးအပ်ပွဲကို ရွားတောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန Community Centre ၌ စက်တင်ဘာ ၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ပညာသင်စရိတ် ပေးအပ်ပွဲတွင် ကယားပြည်နယ် ရွှေကန္တာရဝတီ ပညာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးကိုးရယ်က ဆင်းရဲနွမ်းပါးသော ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့စရိတ် ပေးအပ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက်ဆင်းရဲနွမ်းပါးသော ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထိုက်၊ ရွှေကန္တာရဝတီ ပညာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကိုးရယ်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ရွားတောမြို့နယ်အတွင်းမှ ဆင်းရဲနွမ်းပါးသည့် ကျောင်းသား ကျောင်းသူ တစ်ဦး လျှင် ဗလာစာအုပ်သုံးဒါဇင်နှင့် ငွေကျပ် ၃၀၀၀၀ စီကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၅ ဦးအတွက် ပညာသင်ထောက်ပံ့စရိတ် ကျပ် ၁၀၇၀၀၀၀ ကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ထွန်းအောင်(ပြန်/ဆက်)

ရွှေတိဂုံစေတီတော်ကြီး မုခ်လေးခုတွင် ရေဆိုးသန့်စင်စက်များ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၁

နေ့စဉ်ဘုရားဖူးလာရောက်မှုများသော ရန်ကုန်မြို့ကျက်သရေဆောင် ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် သန့်စင်ခန်းများ၏ ရေဆိုးစွန့်ပစ်မှုစနစ်ကောင်းမွန်စေရန်၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရန်နှင့် မြေအောက်ရေ သန့်ရှင်းရေးအတွက် စေတီတော်၏ မုခ်လေးခုတွင် ဒေါ်လာတစ်သိန်းတန်ဖိုးရှိ ရေဆိုးသန့်စင်စက်များကို ဝမ်းကုမ္ပဏီများအုပ်စုနှင့် ဂျပန်နိုင်ငံ Kubota Johkasou System ကုမ္ပဏီ လီမိတက်တို့ ပူးပေါင်း၍ စက်တင်ဘာ ၉ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

စေတီတော် တောင်ဘက်မုခ်ရှိ ရှေ့ဟောင်းရုပ်ပွားတော်တန်ဆောင်း၌ ကျင်းပသည့် လှူဒါန်းပွဲတွင် ဝမ်းကုမ္ပဏီများအုပ်စု၏ နာယကဦးမြင့်ဝေက "သန့်စင်ခန်းတွေအနံ့အသက်မရှိဘဲ ရေဆိုးတွေကို ၉၀ ရာခိုင်နှုန်း သန့်စင်ပေးတဲ့ Kubota Johkasou ရေဆိုးသန့်စင်စက်ကို မုခ်လေးမုခ်မှာ ကျွန်တော်တို့နဲ့ ဂျပန်နိုင်ငံက Kubota Johkasou System ကုမ္ပဏီလီမိတက်တို့ပူးပေါင်းပြီး လှူဒါန်းတာပါ။ ဒေါ်လာတစ်သိန်း တန်ဖိုးရှိပါတယ်။ နိုင်ငံတော်နဲ့ပူးပေါင်းလုပ်ဆောင်တဲ့ ကဏ္ဍဆိုရင် အင်းလေးကန်ကြီးသန့်စင်ဖို့ အလုံးရေ ၂၅ လုံးကို လှူဒါန်းဖို့ အခုဆောက်လုပ်နေပါပြီ။ နောက်နှစ်တွေမှာလည်း ဆက်လက်လှူဒါန်းဖို့ရှိပါတယ်။ သဘာဝပတ်ဝန်းကျင်နဲ့ စေတီတော်ရဲ့ မြေအောက်ရေသန့်စင်မှုကို အဓိကအထောက်အကူဖြစ်စေပြီး ပြည်တွင်း၊ ပြည်ပ ဘုရားဖူး ဇည့်သည်တော်တွေအတွက်လည်း များစွာအဆင်ပြေစေမှာပါဖြစ်တယ်" ဟု ပြောသည်။

ရေဆိုးသန့်စင်စက်များကို စေတီတော်အရှေ့ဘက်မုခ်(ပိဋိကတ်တိုက်) ဝန်ထမ်းအိမ်ရာ သန့်စင်ခန်း၊ အနောက်ဘက်မုခ်(အများသုံးသန့်စင်ခန်း)၊ တောင်ဘက်မုခ်(အများသုံးသန့်စင်ခန်း)နှင့် မြောက်ဘက်မုခ်(ဓမ္မာရုံ)တို့တွင် တည်ဆောက် အသုံးပြုလျက်ရှိပြီး တစ်နေ့လျှင် လူဦးရေ ၄၅၀၀ ၏ ရေဆိုးများကို သန့်စင်ပေးနိုင်ကြောင်း သိရသည်။

"ဘုရားဖူးက သာမန်ရက်ဆိုရင် နှစ်သောင်းလောက်ရှိတယ်။ ရုံးပိတ်ရက်ဆိုရင် ခြောက်သောင်းကနေ တစ်သိန်းနီးပါးရှိတယ်။ အခါကြီး ရက်ကြီးဆိုရင် နှစ်သိန်းကနေ သုံးသိန်းနီးပါး ဘုရားဖူးလာကြတာ။ အခု ဝမ်းကုမ္ပဏီက ဂျပန်နိုပူးပေါင်းပြီး ရေဆိုးသန့်စင်စက်ကို လှူဒါန်းပေးတဲ့အတွက် သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းပြီးဖြစ်သွားတာပေါ့။ ဂေါပကတွေလည်း ဝမ်းသာနေကြပါတယ်" ဟု ရွှေတိဂုံစေတီတော်၏ အင်ဂျင်နီယာဂေါပက ဦးအောင်မြတ်က ပြောသည်။

ရေဆိုးသန့်စင်စက်လှူဒါန်းပွဲတွင် Kubota Johkasou System ကုမ္ပဏီ လီမိတက်မှ တာဝန်ရှိသူများနှင့် ဝမ်းကုမ္ပဏီများအုပ်စုမှ နာယကနှင့် ဝန်ထမ်းများက ပေးအပ်လှူဒါန်းကာ ရွှေတိဂုံစေတီ၏ အင်ဂျင်နီယာဂေါပက ဦးအောင်မြတ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

သော်တာနမ့်စန်

ငါးခြောက်အထွက်နည်းပြီး ဈေးနှုန်းမြင့်၍ အရောင်းအဝယ်အေးနေ

ဖျာပုံ စက်တင်ဘာ ၁၁

မိုးရာသီဖြစ်၍ ငါးခြောက်ပြုလုပ်ရန် အခက်အခဲများကြောင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ ငါးခြောက်ဈေးကွက်တွင် ငါးခြောက်များရှားပါးနေပြီး ဒေသမှ အနည်းငယ်ထွက်ရှိသည့် ငါးခြောက်များကိုလည်း ဈေးနှုန်းမြင့်ရောင်းချနေသဖြင့် ဈေးကွက်တွင် အရောင်းအဝယ်များအေးနေကြောင်း ဖျာပုံမြို့ရှိ ငါးခြောက်ရောင်းဝယ်သူများထံမှ သိရသည်။

ဖျာပုံမြို့နယ်အတွင်း ပင်လယ်ကမ်းစပ်ကျေးရွာများဖြစ်သည့် ဘုန်းကြီးသောင်၊ ကုလားထိပ်၊ ချောင်းဝ၊ ဆိပ်မနှင့် နောက်မီး စသည့်ကျေးရွာများမှ ငါးခြောက်များအများဆုံးထွက်ရှိသော်လည်း လက်ရှိအချိန်တွင် ဖျာပုံဈေးနေ့ဟူးနေ့နှင့် စနေနေ့များတွင်ပင် ငါးခြောက်များ ဖျာပုံဈေးကွက်သို့ ဝင်ရောက်မှုနည်းပါးလျက်ရှိသည်။

စက်တင်ဘာ ၉ ရက် (စနေဈေးနေ့) က ဖျာပုံမြို့ ငါးခြောက်ဈေးတန်းတွင် ငါးနှပ်ခြောက်တစ်ပိသာ ငွေကျပ် ၈၀၀၀၊ ငါးကွမ်းရှပ်ခြောက်တစ်ပိသာ ငွေကျပ် ၁၇၀၀၀၊ ငါးအုန်းခြောက် တစ်ပိသာငွေကျပ် ၁၇၀၀၀နှင့် ငါးမန်းကလိန်ခြောက် တစ်ပိသာငွေကျပ် ၂၄၀၀၀ ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိနေပြီး အရောင်းအဝယ်များအေးနေကြောင်း ငါးခြောက်ကုန်သည်ဦးစန်သိန်းက ပြောသည်။

လာမည့်အောက်တိုဘာနှင့်နိုဝင်ဘာလများတွင် ငါးခြောက်များ ဖျာပုံဈေးကွက်သို့ အဝင်များလာမည်ဖြစ်ပြီး ဖျာပုံမှ ရန်ကုန်သို့ ကုန်တင်ကား၊ ရေယာဉ်များဖြင့် တင်ပို့ရောင်းချကြသကဲ့သို့ ငါးခြောက်ထွက်ရှိသည့် ပင်လယ်ကမ်းစပ်ကျေးရွာများမှ ရေလမ်းဖြင့် ရန်ကုန်သို့ တိုက်ရိုက်တင်ပို့ရောင်းချသူများလည်း ရှိကြောင်း သိရသည်။ **အောင်ဝင်း(ဖျာပုံ)**

ချောင်းဆုံအထက်တန်းကျောင်း၌ မှုခင်းကျဆင်းရေး ပညာပေးဟောပြော

မော်လမြိုင် စက်တင်ဘာ ၁၁

ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ စက်တင်ဘာ ၆ ရက်က မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောကြကြောင်းသိရသည်။

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ ညွှန်ကြားမှုဖြင့် ချောင်းဆုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူး ဘုန်းနိုင်က မှုခင်းကျဆင်းရေးအကြောင်း၊ ဒုရဲမှူး ကျော်ဆန်းဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းနှင့် ရဲအုပ်သိန်းဇော်မြင့်က လူကုန်ကူးမှုနှင့် ပတ်သက်၍ အသိပညာပေးဟောပြောရာ ကျောင်းအုပ်ဆရာကြီး ဦးကိုကိုအောင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

တင်ထွဋ် (မော်လမြိုင်)

မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

လက်ပံတန်း စက်တင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဆွေဦး၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်သန့်ဇော်ထွန်းနှင့် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၅ ရက်က ဆင်တလင်းကျေးရွာအုပ်စု ထန်းပင်ချောင်းကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ဟောပြောပွဲ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူးက မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အောင်ဆင့်

မှုခင်းသတင်းတိုများ

မတ္တရာမြို့နယ်တွင် ယာဉ်တိုက်မှုဖြစ်၍ ငါးဦးဒဏ်ရာရ

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ဘိုကုန်းကျေးရွာအနီး၌ စက်တင်ဘာ ၉ ရက် ညနေပိုင်းက ခရီးသည်တင်ယာဉ်တစ်စီးနှင့် ၁၂ ဘီးကုန်တင်ယာဉ်တစ်စီးတိုက်မိမှုဖြစ်ပွားပြီး လူငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ယာဉ်တိုက်မှုဖြစ်ပွားရာသို့ နယ်မြေရဲစခန်းမှ ဒုရဲအုပ်နိုင်လင်းနှင့် တပ်ဖွဲ့ဝင်များက သက်သေများနှင့် အတူ သွားရောက်စစ်ဆေးချက်အရ မန္တလေး-မိုးကုတ်ကားလမ်း မိုင်တိုင်အမှတ် (၁၇/၇)နှင့်(၁၇/၈)ကြားတွင် မန္တလေးဘက်မှ မိုးကုတ်ဘက်သို့ ယာဉ်ကြောမှန်အတိုင်း ယာဉ်မောင်း ဦးကျော်ကျော်လွင် မောင်းနှင်လာသော ခရီးသည်တင် ရထားနာပုံ အမြန်ယာဉ်ငယ်ကို မိုးကုတ်မှ မန္တလေးဘက်သို့ ကျော်ဦးခိုင်(ခ)ဖက်တီး မောင်းနှင်သော ၁၂ ဘီးယာဉ်က ၄င်း၏ရှေ့တွင် လူနာတင်ယာဉ်တစ်စီး ရုတ်တရက် ပိတ်ရပ်လိုက်၍ တိမ်းရှောင်စဉ် ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ယာဉ်တိုက်မှုကြောင့် ခရီးသည်တင်ယာဉ်ငယ်ပေါ်မှ ခရီးသည်အမျိုးသမီး သုံးဦးတွင် (မစိုးရိမ်ရ)ဒဏ်ရာများနှင့် အမျိုးသားနှစ်ဦးမှာ (စိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့၍ မတ္တရာမြို့နယ် ဆေးရုံနှင့် မန္တလေးဆေးရုံကြီးတို့သို့ ပို့ဆောင်ပေးထားပြီး ၁၂ ဘီး ယာဉ်မောင်း ကျော်ခိုင်ဦး(ခ)ဖက်တီးအား မတ္တရာမြို့မရဲစခန်းက ဖမ်းဆီးအမှုဖွင့်ထားကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

ပေါင်မြို့နယ်တွင် အမျိုးသားတစ်ဦးရထားတိုက်မိ၍သေဆုံး

မွန်ပြည်နယ် ပေါင်မြို့နယ် ဥတ္တဲ့တားကျေးရွာတွင် အသက် ၄၈ နှစ်အရွယ် အမျိုးသားတစ်ဦး ရထားတိုက်မိ၍သေဆုံးမှု စက်တင်ဘာ ၉ ရက်က ဖြစ်ပွားခဲ့ကြောင်း ပေါင်မြို့မရဲစခန်းမှ သိရသည်။ သေဆုံးသူမှာ စက်တင်ဘာ ၈ ရက်ညပိုင်းက အိမ်တွင် အရက်သောက်ပြီး စက်တင်ဘာ ၉ ရက် နံနက် ၁ နာရီခန့်တွင် လယ်တဲသို့သွားမည်ဟုဆိုကာ ထွက်သွားကာ နံနက် ၂ နာရီခွဲခန့်တွင် ရန်ကုန်-မော်လမြိုင်အမြန်ရထား အမှတ်(၁၇၅) အဆန် ရထားဖြင့် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် စုံစမ်းစစ်ဆေးနိုင်ရန်အတွက် ပေါင်မြို့မရဲစခန်းက သေမူသေခင်းဖွင့်၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုဟိန်း(ပေါင်)

ရန်ကုန်–ပြည်ကားလမ်းတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ရန်ကုန်-ပြည်ကားလမ်း ကျွန်းကလေးတံတားသစ်အနီးတွင် စက်တင်ဘာ ၈ ရက် ည ၇ နာရီခွဲခန့်က ခရီးသည်တင်ယာဉ်တစ်စီး လမ်းချော်တိမ်းမှောက်ခဲ့ပြီး ဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရမှု မရှိကြောင်း သိရသည်။ ရန်ကုန်-ပြည်ကားလမ်းပေါ် မိုင်တိုင်အမှတ် (၈၉/၃) နှင့် (၈၉/၄) အကြားတွင် ပြည်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ကျော်ကျော်စိုးမောင်းနှင်ပြီး ယာဉ်နောက်လိုက် ဇင်ကိုကို လိုက်ပါလာသော ကနောင်မင်းသားခရီးသည်တင်ယာဉ်သည် စလစ်ဖြစ်ကာ လမ်း၏ညာဘက်ခြမ်းသို့ ထိုးကျခဲ့ခြင်းဖြစ်ပြီး ယာဉ်ပေါ်ပါလာသူများ ထိခိုက်ဒဏ်ရာ မရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ လက်ပံတန်းမြို့မရဲစခန်းမှ ရဲအုပ်ကျော်မင်းဟန်က စစ်ဆေးပြီး ယာဉ်မောင်း ကျော်ကျော်စိုးအား အမှုဖွင့်ထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အင်းတော်မြို့နယ်အတွင်း မူးယစ်ဆေးဝါးများဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နဘားလမ်းဆုံတွင် စက်တင်ဘာ ၉ ရက်က မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါး သတင်းအရ နဘား-ကသာ ကားလမ်းပေါ် နဘားလမ်းဆုံ၌ မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ ရဲအုပ်ကျော်မင်းထွန်း ခေါင်းဆောင်သော မူးယစ်တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ စောင့်ဆိုင်းရှာဖွေစဉ် ကသာမြို့ဘက်မှ ထိန်လင်းဆိုသူမောင်နှင်းပြီး ငြိမ်းချမ်း နောက်မှ စီးလာသောဆိုင်ကယ်ကို မသင်္ကာ၍ ရပ်တန့်စစ်ဆေးရာ ထိန်လင်းထံမှ ဘိန်းဖြူ ၀ ဒသမ ၅ ဂရမ်ကို ရှာဖွေတွေ့ရှိပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ၄င်းတို့နှစ်ဦးအား အင်းတော်မြို့မရဲစခန်းကအမှုဖွင့်ထားကြောင်း သိရသည်။

လူအောင်(ကသာ)

မကွေးတိုင်းဒေသကြီးအတွင်း မြို့ သုံးမြို့၌ ဒီမိုကရေစီရုပ်ရှင်ပွဲတော် ခုနစ်ရက်ကြာ ကျင်းပမည်

မကွေး စက်တင်ဘာ ၁၁

မြန်မာ့ဒီမိုကရေစီ ရက်သတ္တပတ်ပွဲတော် ကာလအတွင်း မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး၊ ရေနံချောင်း၊ ပခုက္ကူမြို့များ၌ စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ခုနစ်ရက်တိုင် ရုပ်ရှင်ပွဲတော်များ ကျင်းပသွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၉ ရက်ကကျင်းပသည့် ရုပ်ရှင်ပွဲတော်ဖြစ်မြောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

“နိုင်ငံနဲ့လူမျိုးရဲ့ ကိုယ်ကျင့်တရားနဲ့ ဂုဏ်သိက္ခာ မြင့်မားစေရေး၊ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာမှာ ခံယူလုပ်ဆောင်ရမယ့် ဒီမိုကရေစီကျင့်ဝတ်နဲ့ စိတ်ထားတွေ တိုးပွားရှင်သန်စေရေးတို့ကို အထောက်အပံ့ဖြစ်စေဖို့ ရည်ရွယ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနက ကျင်းပပြုလုပ်သွားမှာပါ။ မကွေးမြို့က မင်္ဂလာစံပြ ရုပ်ရှင်ရုံ၊ ရေနံချောင်းမြို့က ရတနာရုပ်ရှင်ရုံနဲ့ ပခုက္ကူမြို့က သီဟရုပ်ရှင်ရုံတွေမှာ မြန်မာဒီမိုကရေစီရုပ်ရှင်ဇာတ်ကား ငါးကား ပြသသွားဖို့ ရှိပါတယ်”ဟု မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညွှန့်နိုင်က ပြောသည်။

ရုပ်ရှင်ပွဲတော်တွင် မြန်မာ့ဒီမိုကရေစီ ရုပ်ရှင်ဇာတ်ကားများဖြစ်သည့် ကြီးမြတ်သောမြန်မာ၊ နေခြည်မှာရွှေရည်လောင်း၊ ဒီမိုရပ်ကွက်၊ သရာစောထိ၊ တိမ်ပြာသောနေ့စသည့် ဇာတ်ကားငါးကားကို နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံ ၄၄ ရုံတွင် ပြသသွားရန်အစီအစဉ်ရှိပြီး စက်တင်ဘာ ၁၅ ရက်နေ့တွင် အခမဲ့၊ ကျန်နေ့များတွင် ရုံဝင်ကြေးများဖြင့် ပြသသွားမည်ဖြစ်ကြောင်း ၄င်းက ဆိုသည်။

“မကွေးမြို့က မင်္ဂလာစံပြရုပ်ရှင်ရုံမှာ လူဦးရေ ၄၉၁ ဦး ကြည့်နိုင်ပါတယ်။ အဲဒီမှာ တစ်နေ့ငါးခါခွဲ ပြသွားမယ်။ ရေနံချောင်းက ရတနာရုပ်ရှင်ရုံမှာ လူ ၂၀၀ ဆံ့ပြီးတော့ တစ်နေ့သုံးကြိမ်ပြမယ်။ ပခုက္ကူမြို့က သီဟရုပ်ရှင်ရုံမှာ လူ ၃၀၀ ဆံ့တယ်။ တစ်နေ့လေးကြိမ် ပြသွားမယ်။ သက်ဆိုင်ရာဒေသက အကြီးအကဲတွေ ဖိတ်ကြားပြီး တော့ ဖွင့်ပွဲတွေလုပ်ပါမယ်”ဟု မြန်မာ့ရုပ်ရှင် မြှင့်တင်ရေးဦးစီးဌာန ဌာနခွဲမှူး မကွေးတိုင်းဒေသကြီး တာဝန်ခံ ဦးလှကျော်ဦးက ပြောသည်။

ကြီးမြတ်သောမြန်မာ ရုပ်ရှင်ဇာတ်ကားကို မကွေးနှင့် ရေနံချောင်းမြို့များ၌ 3D စနစ်ဖြင့် ကြည့်ရှုနိုင်မည်ဖြစ်ပြီး ကျန်ရုပ်ရှင်ဇာတ်ကားများကို 2D စနစ်ဖြင့် သာ ပြသသွားမည်ဖြစ်ကြောင်း၊ ရုပ်ရှင်ပွဲတော်ပြသမည့် အကြောင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် မြို့တွင်းလှည့်လည်သည့် ကြော်ငြာမှုများ လုပ်ဆောင်သွားရန်ရှိပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင်နှင့် ဗီဒီယို အခြေခံအဖွဲ့တာဝန်ရှိသူများ၊ ပြန်/ဆက်ဦးစီးဌာနနှင့်ရုပ်ရှင်ရုံလုပ်ငန်းကိုယ်စားလှယ်များအနေဖြင့် ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း သိရှိရသည်။

ဧယျတု(မကွေး)

ချောင်းရေလျှံပြီး သဲမြေများဝင်၍ စပါးစိုက်ခင်းအချို့ ပျက်စီး

သဲမြေများဖုံးလွှမ်းနေသော စပါးစိုက်ခင်းတစ်ခင်း

ကျောက်တံခါး စက်တင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရင်းတိုက်ကုန်းကျေးရွာအုပ်စုရှိ တိုလိုချောင်းအတွင်းသို့ စီးဆင်းဝင်ရောက်သော တောင်ကျရေကြောင့် ချောင်းရေလျှံကာ တောင်သူများစိုက်ပျိုးထားသော စပါးစိုက်ခင်းများသို့ သဲမြေများဖုံးလွှမ်းခဲ့၍ စပါးစိုက်ခင်းများပျက်စီးခဲ့ကြောင်း သိရသည်။

“ယခင်က ဒီတိုလိုချောင်းမှာ ရေကြီးရေလျှံတာ မရှိပါဘူး။ အနောက်ပဲခူးရိုးမက စီးဆင်းလာတဲ့ရေတာရင်းတိုက်ကုန်း အိုင်တုံချောင်းကိုသာ စီးဆင်းပြီး စစ်တောင်းမြစ်အတွင်း ဝင်ရောက်ခဲ့ပါတယ်။ အခုသုံးနှစ်အတွင်းမှာ အိုင်တုံချောင်းတိမ်ကောလာတာကြောင့် ရေစီးရေလာ တွေပိတ်ဆို့ခဲ့ပြီး တိုလိုချောင်းကိုသာ စီးဆင်းတာကြောင့် ချောင်းအနှီးပတ်ဝန်းကျင်မှာ တောင်သူ ၃၅ ဦး လုပ်ကိုင်ခဲ့တဲ့ စပါးစိုက်ခင်း ၈၀ တစ်ရာကျော်မှာ ချောင်းရေလျှံပြီး သဲမြေတွေ ဖုံးလွှမ်းကာ စပါးပင်တွေ ပျက်စီးခဲ့ရပါတယ်”ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

တောင်သူများ၏ စပါးခင်းများ သဲဖုံးလွှမ်း၍ ပျက်စီးမှုအပေါ် ပြီးခဲ့သည့်နှစ်က မြို့နယ်သို့တင်ပြခဲ့၍ မြို့နယ်မှတာဝန်ရှိသူများ လာရောက်ကြည့်ရှုပြီး တိုလိုချောင်းသို့ ရေဝင်ရောက်သည့် ရေပေါက်ကို ပိတ်ဆို့နိုင်ရေး ညွှန်ကြားခဲ့ကြောင်း၊ ထို့ကြောင့် တောင်သူများအနေဖြင့် ကိုယ်ထူကိုယ်ထ တုတ်ရိုက်ပြီး သဲအိတ်များနှင့် ပိတ်ဆို့ခဲ့ကြောင်း၊ သို့သော် ချောင်းရေစီးသန်ခြင်းကြောင့် ပြန်ပေါက်ခဲ့ပြီး တိုလိုချောင်းရေကြီးမှုများဖြစ်၍ စပါးပင်များ ပျက်စီးခဲ့ရကြောင်း၊ မူလ အိုင်တုံချောင်း တိမ်ကောမှုများကို ပြန်လည်တူးဖော်ပြီး တိုလိုချောင်းရေဝင်ပေါက်ကို အိုင်အမာပိတ်နိုင်မှသာ စပါးစိုက်ခင်းများသို့ သဲမြေများဝင်ရောက်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် တောင်သူများကြုံတွေ့နေရသော အခက်အခဲများကို လာရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးစေချင်ကြောင်း အလယ်ကျွန်းရွာနေ တောင်သူလုပ်ကိုင်သူ ဦးမောင်ဝင်းက ပြောသည်။

ခင်ကို(ကျောက်တံခါး)

ဖိုးကျားဆင်စခန်းသို့ ဆင်စီးရန်လာရောက်လည်ပတ်သူ များပြားလာ

ရေတာရွာည စက်တင်ဘာ ၁၁

သစ်ထုတ်လုပ်ရေးလုပ်ငန်းများ ရပ်နားလိုက်ပြီးသည့်နောက် အလုပ်မဲ့နေသည့်ဆင်များဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိနိုင်ရန်အတွက် ပဲခူးရိုးမကိုအခြေခံ၍ ဆင်စီးအပန်းဖြေစခန်းများကို တိုးချဲ့ဖွင့်လှစ်လာခဲ့ရာ ပဲခူးတိုင်းဒေသကြီး ရေတာရွာည်မြို့နယ်အတွင်း သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်ကားလမ်း ၁၀ မိုင်တွင် သက်တမ်း နှစ် ၁၀၀ ကျော်ရှိ ကျွန်းပင်ကြီးများအကြား၌ ဖိုးကျား အပန်းဖြေဆင်စခန်းကို ဖွင့်လှစ်ထားခဲ့သည်။

စတင်ဖွင့်လှစ်ချိန်က လာရောက်လည်ပတ်သူနည်းသော်လည်း နောက်ပိုင်းတွင် လူသိများလာပြီး လာရောက်လည်ပတ်ဆင်စီးအပန်းဖြေသူ များလာကြောင်း၊ လတ်တလောအနေဖြင့် မိုးရာသီကာလ ဧည့်အဝင်ပါးချိန်တွင်ပင် ဓနေ၊ တနင်္ဂနွေနှင့် အခြားရုံးပိတ်ရက်များ၌ နေပြည်တော်၊ တောင်ငူနှင့် အခြားသော ဒေသများမှ ဆင်စီးအပန်းဖြေရန် လာရောက်သူများပြားလျက်ရှိ၍ မူလ ဆင် ခုနစ်ကောင်အပြင် သိုင်းချောင်းဆင်စခန်းမှ ဆင် ငါးကောင် ထပ်မံဖြည့်တင်းထားကြောင်း သိရသည်။

“ရုံးပိတ်ရက်ဆိုရင် နံနက် ၈ နာရီ မထိုးခင်ကတည်းက အစောပိုင်း ရောက်လာကြတယ်။ အစောပိုင်းဆိုတော့ ဆင်တွေလည်း သက်သာတာပေါ့။ မိုးတွင်းဆိုတော့ မိုးလေဝသအခြေအနေကိုလည်း ထည့်တွက်ရတာရှိပါတယ်။ သိုင်းချောင်းရေများရင် ဆင်တောင် ဖြတ်ကူးဖို့မလွယ်ဘူး။ ရေစီးတအားသန်တာ။ အခုဆင်စီးတဲ့လမ်းကြောင်းကလည်း သိုင်းချောင်းရေများရင် ရှောင်ကွင်းသွားရတာလေးတွေ ရှိပါတယ်”ဟု ဖိုးကျားဆင်စခန်းမှ တာဝန်ရှိသူ ဦးရဲမြင့်က ပြောကြားသည်။

တောတွင်း ဆင်တစ်ပတ်စီးလျှင် တစ်နာရီခန့် ကြာမြင့်ပြီး ပြည်ပဧည့်သည်လမ်းကြောင်းနှင့် ပြည်တွင်းဧည့်သည်လမ်းကြောင်းဟူ၍ နှစ်မျိုးရှိကြောင်း၊ ပြည်ပဧည့်သည်များအနေဖြင့် မြင့်မားမတ်စောက်ပြီး ခက်ခဲစွာသွားလာရသည်ကို နှစ်သက်ကြောင်းလည်း ဦးရဲမြင့်က ဆက်လက်ပြောကြားသည်။

တောတွင်းဆင်စီးရာမှ ပြန်လည်ရောက်ရှိလာသည့် မိန်းကလေးတစ်ဦးက “ကျွန်မတို့က နေပြည်တော်ကနေ သူငယ်ချင်းတွေ စုပြီး ကားနဲ့လာကြတာ။ ကြားဖူးနေတာတော့ ကြာပါပြီ။ ခုမှရောက်ဖူးတာပါ။ ဆင်စီးရတာ စိတ်တအားလှုပ်ရှားတယ်။ တောင်အတက်မှာဆို ပိုဆိုးတယ်။ သိုင်းချောင်းကို ဖြတ်ကူးတာလည်း ရေစီးတအားသန်တယ်”ဟု ကြုံတွေ့ခံစားရပုံကို ပြောပြသည်။

ဖိုးကျားဆင်စခန်းသို့ လာရောက်လည်ပတ်သော ပြည်တွင်းဧည့်သည်များအတွက် စခန်းဝင်ကြေး တစ်ယောင်းကျပ် ကျသင့်ပြီး ဆင်စီးလျှင် တစ်ဦး ၅၀၀၀ ကျပ် ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ပြည်တွင်းသာမက ပြည်ပအထိ ဈေးကွက်ထိုးဖောက် အောင်မြင်နေသော ချင်းရိုးရာဝတ်စုံများ

သတင်းဆောင်းပါး-ချင်းတွင်းသား

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားတို့၏ ရိုးရာအထည်ရက်လုပ်မှု ရက်ကန်းပညာကို နိုင်ငံတော်အစိုးရ အဆက်ဆက်က အစဉ်သဖြင့် အားပေးကူညီလျက်ရှိရာ ချင်းတိုင်းရင်းသားအများစုနေထိုင်ရာ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသထွက် အမျိုးသား၊ အမျိုးသမီး ဝတ် ချင်းရိုးရာဝတ်စုံများမှာလည်း ပြည်တွင်းသာမက အိမ်နီးချင်းနိုင်ငံနှင့် ပြည်ပနိုင်ငံ ရပ်ခြားအထိ ချင်းရိုးရာအထည်ဆိုင်ဟူ၍ နေရာတိုင်း၌ ဈေးကွက်ထိုးဖောက် ရောင်းချနိုင်လျက်ရှိသလို ဝယ်ယူအားပေးသူ များပြားပြီး အရောင်းသွက်နေသဖြင့် လစဉ်တင်ပို့ရောင်းချရလျက်ရှိကြောင်း သိရသည်။

ချင်းတောင်ဒေသနှင့် ချင်းလူမျိုးများနေထိုင်သည့် ဒေသများတွင် နှစ်စဉ် ရိုးရာပွဲတော်များ ကျင်းပသည့်အခါ ယင်းပွဲတော်များ၌ ချင်းတိုင်းရင်းသား လူမျိုးနွယ်စုအလိုက် ချင်းရိုးရာအထည်များကို နေရာဒေသတိုင်းတွင် အမြတ်တနိုး ဝယ်ယူဝတ်ဆင်မှုများ ရှိနေကြောင်း သိရသည်။

ချင်းတောင်ဒေသ၏ တံခါးဝဖြစ်သည့် ကလေးမြို့သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပါဝင်သော်လည်း နေထိုင်သောလူဦးရေ ထက်ဝက်ကျော်မှာ ချင်းတိုင်းရင်းသားလူမျိုးများ ဖြစ်ကြပြီး ရိုးရာဂျပ်ခုတ်လုပ်ငန်းနှင့် ရိုးရာရက်ကန်း ရက်လုပ်ခြင်းလုပ်ငန်းကို အဓိကလုပ်ကိုင်ကြကြောင်း၊ ချင်းရိုးရာဝတ်စုံများကို မြန်မာပြည်အရပ်ရပ်နှင့် နိုင်ငံခြား ဝယ်လိုအားပြည့်မီအောင် ရက်လုပ်ပေးနေရကြောင်း၊ ချင်းတောင်ဒေသသို့ လေ့လာရေးခရီး ရောက်ရှိလာကြသည့် နိုင်ငံခြားသားအများစုတို့သည်လည်း ချင်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု၊ ထုံးတမ်းဓလေ့နှင့် ဝတ်စား ဆင်ယင်မှုတို့ကို စိတ်ဝင်စားကြ၍ ရိုးရာယဉ်ကျေးမှုဝတ်စုံများကိုလည်း နှစ်သက်စွာ ဝယ်ယူဝတ်ဆင်ကြကြောင်း သိရသည်။

ကလေးမြို့ရက်ကန်းစင်များအနေဖြင့် ယခင်က ခေတ်စားထင်ပေါ်ခဲ့သော ယောထည်များကို ရက်လုပ်ရောင်းချရာမှ ချင်းရိုးရာအထည်များ ခေတ်စားလာချိန်၌ ချင်းရိုးရာအထည်များကို ပြောင်းလဲ ရက်လုပ်လာကြခြင်းဖြစ်ကြောင်း၊ ရက်ကန်းရက်လုပ်သူ အများစုမှာ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် အိုင်ဇောလ်မြို့တွင် ရက်ကန်းလုပ်ငန်းလုပ်ကိုင်ရာမှ အကြောင်းအမျိုးမျိုးကြောင့် ပြန်လာကြပြီး ကလေးမြို့၌အခြေပြုကာ ရက်ကန်းလုပ်ငန်း ပြန်လည်လုပ်ကိုင်နေကြသော ပြည်တော်ပြန် ရက်ကန်းသမားများဖြစ်ကြကြောင်း သိရသည်။

"ကျွန်မလို ကျွမ်းကျင်မှုရှိသူကတော့ နှစ်ရက်ကို သုံးထည်နှုန်း ပြီးစီးပါတယ်။ အခု ရက်လုပ်တဲ့စနစ်မှာတော့ ကလေးမြို့မှာရှိတဲ့ ချင်းရိုးရာအထည်လုံချည် အရောင်းဆိုင်တစ်ခုက ကုန်ကြမ်းပေးပြီး လုပ်အားနဲ့ သယ်ယူစရိတ် ကျခံပေးတဲ့စနစ်ပါ။ မိုးတွင်း အရောင်းပါးချိန်မှာတော့ ကျွန်မတို့လုပ်ငန်းလည်း ခဏရပ်ထားခဲ့ရပါတယ်။ လူကြိုက်များတဲ့ဒီဇိုင်းကတော့ ဟားခါး-ဆုန်သင်းပါရ်အဆင်၊ အိုင်ဇောလ်အဆင်၊ တီးတိန်အကွက်၊ ဇလမ်း-သက်မွန်မြင့် အဆင်၊ ချင်းပေါင်းစုံအဆင်နဲ့ တောင်ပိုင်းချင်းအဆင်တွေ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့အခုတော့ ရပ်ကွက်ထဲက မိန်းကလေး လေးယောက်ကို ဆင့်ပွားသင်ပေးနေပါတယ်။ သူတို့ ရက်ကန်းစင်ထောင်နိုင်တဲ့အချိန်ကျရင် ဒီကနေ ခွဲထွက်ကြမှာပေါ့။ အခုတော့ ကျွန်မရဲ့လက်ထောက်တွေပေါ့"ဟု ကလေးမြို့တာဟန်းရပ်ကွက်မှ ချင်းရိုးရာ အထည်အမျိုးမျိုး ရက်လုပ်သည့် ဇိုမီးတိုင်းရင်းသူ ဒေါ်ဒီဒိမ်းက ပြောသည်။

အဆိုပါ ရိုးရာဝတ်စုံများ ရက်လုပ်ရာတွင် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ရှိ အိုင်ဇောလ် ဒီဇိုင်းဆန်းအထည်များကိုလည်း ရက်လုပ်ပြီး အထည်ဈေးကွက်၌ အရောင်းအဝယ်သွက်လျက်ရှိကြောင်း၊ ရက်လုပ်ရာတွင် တစ်ထည်လျှင် အမျိုးအစားအလိုက် ကြာမြင့်ကာ တစ်လလျှင် အနည်းဆုံး ၁၀ ထည်မှ ၁၅ ထည်အထိ ရောင်းရကြောင်း၊ လက်ဖြင့် ဂျပ်ခုတ်ထဘီ ရက်လုပ်သည့် ရိုးရာအထည်များသည် ဒီဇိုင်းများလည်း ဆန်းသစ်သောကြောင့် ပြည်ပနိုင်ငံရပ်ခြားမှ နိုင်ငံခြားသားများနှင့် ပြင်ပရောက် ချင်းတိုင်းရင်းသားတို့က အထူးကြိုက်နှစ်သက်ကာ အများဆုံးမှာယူ၍ အမြတ်တနိုး ဝတ်ဆင်ကြကြောင်း သိရသည်။

ကလေးမြို့တွင် ရက်ကန်းစင်ပေါင်း ထောင်ချီရှိရာ ရိုးရာဝတ်စုံအထည်များကို ပြည်ပနိုင်ငံများအပြင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မုံရွာ၊ လားရှိုး၊ မိုးကုတ်၊ တာချီလိတ်နှင့် အခြားမြို့ကြီးများရှိ ချင်းရိုးရာအထည်ဆိုင်များသို့လည်း လစဉ်တင်ပို့ရောင်းချကြကြောင်း၊ ချင်းရိုးရာဝတ်စုံ (ကျား/မ) တစ်ထည်လျှင် အမျိုးအစားအလိုက် ကျပ် ငါးထောင်မှ သိန်းဂဏန်းအထိ ဈေးရှိကြောင်း၊ ရိုးရာအထည်ရက်လုပ်ငန်းများကြောင့် ဒေသတွင်းမှ အမျိုးသမီးငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိလာ၍ တစ်ဖက်တစ်လမ်းမှလည်း ဝင်ငွေတိုးပွားလျက်ရှိကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

ကလေးမြို့တွင် ချင်းရိုးရာ အထည်အမျိုးမျိုး ရောင်းချနေသူတစ်ဦးက "ကျွန်မတို့က ချင်းရိုးရာ အထည်တွေကို ဂျပ်ခုတ်တဲ့သူတွေနဲ့ ရက်ကန်းရက်လုပ်တဲ့သူတွေဆီကနေ အော်ဒါမှာယူပြီးတော့ ဆိုင်မှာတင်ရောင်းပါတယ်။ ဒါ့အပြင် ပြည်တွင်းပြည်ပကနေ မှာယူတဲ့သူတွေဆီ တစ်ဆင့်ပြန်ပြီး တင်ပို့ ရောင်းချပါတယ်။ ချင်းရိုးရာအထည်တွေထဲမှာ တီးတိန်၊ ဇိုမီး ရိုးရာအထည်ဟာ ဈေးအချိုဆုံးနဲ့ အရောင်းအသွက်ဆုံး ဖြစ်တယ်။ တီးတိန်ထည် ရက်လုပ်တဲ့အခါမှာ အဓိမ်း၊ အနီ၊ အနက်ဆိုပြီး အရောင်သုံးမျိုးကို အခြေခံရက်လုပ်ပါတယ်။ တစ်ထည်ဈေးနှုန်းကို ကျပ် ၅၀၀၀ တန်ကနေ ၂၀၀၀၀ တန်အထိ ရှိတယ်။ မိန်းကလေးတွေအတွက်ဆိုရင် ထဘီအင်္ကျီ တစ်စုံအဖြစ်ရောင်းချပြီး ချည်ထည် ဖြစ်တဲ့အတွက် ဝယ်ယူသူများပြားပါတယ်"ဟု ပြောသည်။

ကလေးမြို့သည် ရက်ကန်းစင်များအတွက် ကုန်ကြမ်းရရှိမှုနှင့် ကုန်ချောကို ဈေးကွက် တင်ပို့မှုအတွက် ဆက်သွယ်ရေးလွယ်ကူသောကြောင့် ဦးစီးဌာနသည် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အနုပညာ ဓလေ့ထုံးတမ်းများနှင့် စပ်လျဉ်း၍ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ တိမ်ကောပျောက်ကွယ်ခြင်း မဖြစ်စေရေးအတွက် စနစ်တကျလေ့လာခြင်း၊ သုတေသနပြုခြင်း၊ ထိန်းသိမ်းခြင်းနှင့် ပြည်တွင်းသာမက နိုင်ငံတကာသို့ ပြန့်ပွားစေရန်ဆောင်ရွက်ခြင်းတို့ကို ဌာန၏ ဦးတည်ချက်၊ ရည်ရွယ်ချက်များနှင့် အညီ သဘောထားထုတ်ပြန်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ရက်ကန်းစင်များအတွက် ကုန်ကြမ်းရရှိမှုနှင့် ကုန်ချောကို ဈေးကွက်တင်ပို့မှုအတွက် ဆက်သွယ်ရေးလွယ်ကူသောကြောင့် ယခုအခါ ကလေးမြို့တွင် ရက်ကန်းလုပ်ငန်းကို အဓိကစီးပွားရေးဈေးကွက်တစ်ခုကဲ့သို့ လုပ်ကိုင်သူများ ရှိလာသည်။ အချို့ရက်ကန်းစင် ထောင်သူများသည် ရက်ကန်းစင် နှစ်စင်၊ သုံးစင်မှ ရက်ကန်းစင် သုံးဆယ်၊ လေးဆယ်အထိ ထူထောင်ထားရှိကြောင်း၊ ရက်ကန်းလုပ်ငန်းတွင် စက်အင်အားအသုံးပြု၍ ထုတ်လုပ်လိုသော်လည်း နည်းပညာနှင့် စက်ကိရိယာပိုင်း အားနည်းခြင်းကြောင့် လိုအပ်ချက်များရှိနေကြောင်း ရက်ကန်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်

ယခုအခါ ကလေးမြို့တွင် ရက်ကန်းလုပ်ငန်းကို အဓိကစီးပွားရေးဈေးကွက်တစ်ခုကဲ့သို့ လုပ်ကိုင်သူများရှိလာသည်။ အချို့ရက်ကန်းစင် ထောင်သူများသည် ရက်ကန်းစင် နှစ်စင်၊ သုံးစင်မှ ရက်ကန်း စင် သုံးဆယ်၊ လေးဆယ်အထိ ထူထောင်ထားရှိကြောင်း၊ ရက်ကန်းလုပ်ငန်းတွင် စက်အင်အားအသုံးပြု၍ ထုတ်လုပ်လိုသော်လည်း နည်းပညာနှင့် စက်ကိရိယာပိုင်း အားနည်းခြင်းကြောင့် လိုအပ်ချက်များရှိနေကြောင်း စမ်းမြို့ရပ်ကွက်နေ ရက်ကန်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခုအခါ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာထို့ကြောင့် ဒေသခံတိုင်းရင်းသားများ အလုပ်အကိုင်ရရှိရေးနှင့် တိုင်းရင်းသားတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများအား နိုင်ငံတော်က အလေးထားသောအားဖြင့် တိုင်းရင်းသားတို့၏ ရိုးရာ ရက်ကန်းလုပ်ငန်းနှင့် ဂျပ်ခုတ်လုပ်ငန်းကို မပျောက်ပျက်ရလေအောင် အားပေးကူညီလျက်ရှိသလို တိုင်းရင်းသားတို့အား မိမိတို့ ရိုးရာဓလေ့ တိုးတက်ထွန်းကားရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန် အားပေးခြင်းသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေခြင်းလည်း ဖြစ်သည်ဟု ဆိုရမည် ဖြစ်ပေသည်။ ။

ရေမြုပ်၍ စပါးပျက်စီးသည့် တောင်သူများအား စပါးမျိုးများ အခမဲ့ထောက်ပံ့

ရေစကြို စက်တင်ဘာ ၁၁

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ဒုတိယအကြိမ် မြစ်ရေမြင့်တက်မှုကြောင့် စပါးစိုက်ခင်းများ ရေနစ်မြုပ် ပျက်စီးဆုံးရှုံးခဲ့ရသော တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စပါးတစ်ကောလျှင် မျိုးစပါး တစ်တင်းနှုန်း အခမဲ့ ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ မျိုးစပါးများ ပေးဝေထောက်ပံ့ခြင်းကို မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်ဝင်း၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး တိုင်းဒေသကြီးအတွင်း မြို့နယ်များ၌ စုဆောင်းထားရှိသော အရန်စပါးမျိုးများကို ရေစကြိုမြို့နယ်သို့ ပေးပို့၍ တောင်သူများထံ ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း ရေစကြိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ တောင်သူများအား ထောက်ပံ့ပေးဝေသော စပါးမျိုးများမှာ ပခန်းရွှေဝါစပါးမျိုး ၁၅၀၄ ဒသမ ၅ တင်း၊ ရက် ၉၀ စပါးမျိုး ၅၂၈ တင်း၊ ရတနာတိုးစပါးမျိုး တင်း ၁၅၀၊ မနောသုခ စပါးမျိုး ၁၀၀ ဒသမ ၅ တင်း စုစုပေါင်း စပါးတင်းပေါင်း ၂၂၈၃ တင်းဖြစ်သည်။ ရေစကြိုမြို့နယ်အတွင်း၌ ဧရာဝတီမြစ်ရေနှင့် ချင်းတွင်းမြစ်ရေသည် ပြီးခဲ့သော သြဂုတ် ၁၉ ရက်က ဒုတိယအကြိမ် မြင့်တက်လာခဲ့၍ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၃၅ စုအတွင်းမှ စပါးစိုက်ကေပေါင်း ၂၂၈၃ ဇက ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

အိမွန်ဆွေ(ရေစကြို)

ချင်းပြည်နယ်အတွင်း မြို့သုံးမြို့၌ အဆင့်မီဈေးသစ်ကြီးများ ဆောက်လုပ်မည်

ဟားခါး စက်တင်ဘာ ၁၁

ချင်းပြည်နယ်အတွင်းရှိ မြို့သုံးမြို့၌ အဆင့်မီ စည်ပင်သာယာဈေးသစ်ကြီး သုံးဈေးကို စုစုပေါင်းငွေကျပ်သိန်း ၁၅၀၀၀ အကုန်အကျခံကာ လာမည့် ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်း၌အပြီး ဆောက်လုပ်သွားရန် စီစဉ်လျက်ရှိကြောင်း ပြည်နယ်စည်ပင်သာယာရေး ကော်မတီအဖွဲ့ရုံးမှ သိရသည်။

အဆိုပါအဆင့်မီဈေးသစ်တည်ဆောက်ရာတွင် ဟားခါးမြို့ဈေးအတွက် ငွေကျပ်သိန်း ၆၀၀၀ ဖြင့်လည်းကောင်း၊ မင်းတပ်မြို့ဈေးအတွက်ငွေသိန်း ၅၀၀၀ ဖြင့်လည်းကောင်း၊ ပလက်ဝမြို့ဈေးအတွက်ငွေကျပ်သိန်း ၄၀၀၀ ဖြင့် လည်းကောင်း အသုံးပြု၍ အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ဈေးဆောက်လုပ်ရန်အတွက် ပြည်နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးရုံး၌ ဆိုင်ခန်းပိုင်ရှင်များနှင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး ဈေးဆိုင်ပိုင်ရှင်များကလည်း ဈေးသစ်ဆောက်လုပ်ရန်သဘောတူညီခဲ့ကြသဖြင့် ယင်းကဲ့သို့တည်ဆောက်ရန်စီစဉ်ရခြင်းဖြစ်ကြောင်း ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ ထုတ်ပြန်ချက်အရ သိရသည်။

“ဈေးတည်ဆောက်တဲ့အခါ တင်ဒါဝယ်ယူရရှိတဲ့ကုမ္ပဏီကနေ အခုစက်တင်ဘာလအတွင်း စတင်ပြီးဆောက်လုပ်မှာဖြစ်ပါတယ်။ မြို့ပေါ်မှာနေထိုင်တဲ့ လူဦးရေက တစ်နှစ်ပြီးတစ်နှစ် တဖြည်းဖြည်းတိုးပွားလာတာရယ် လက်ရှိအသုံးပြုနေတဲ့ဈေးကလည်း မြို့အင်္ဂါရပ်နဲ့မညီညွတ်တော့တာရယ်ကြောင့် အခုလိုဈေးသစ်ကိုတည်ဆောက်ဖို့ စီစဉ်ကြရတာပါ။ နောက်ပိုင်းဒေသဖွံ့ဖြိုးလာတဲ့အခြေအနေပေါ်မူတည်ပြီး ဈေးအဆောက်အအုံကို ခေတ်မီဈေးဒီဇိုင်းပုံစံနဲ့ တစ်ဆင့်ပြီးတစ်ဆင့်တိုးချဲ့နိုင်တဲ့ အနေအထားမျိုး ဆောက်လုပ်မှာပါ” ဟု ပြည်နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဟားခါးမြို့ ပြည်တော်သာ ရပ်ကွက်အတွင်းရှိ မြို့မဈေးသည် ဟောင်းနွမ်းနေပြီဖြစ်သဖြင့် အသစ်ပြန်လည်တည်ဆောက်ရန် စီစဉ်ရခြင်းဖြစ်ကြောင်း၊ ဆိုင်ခန်းပေါင်း ၁၀၀ ကျော်ရောင်းချနိုင်ရန် စီစဉ်ထားကြောင်း၊ ဈေးတည်ဆောက်နေစဉ်ကာလအတွင်းရှိ မြို့မဈေးတွင် ရောင်းချနေသည့် ဈေးသည်များကို ဝမ္မသူးမောင် အားကစားကွင်းနံဘေး၌ ယာယီ ရောင်းချခွင့်ပြုထားမည်ဖြစ်ကြောင်း၊ မင်းတပ်မြို့မဈေးကိုလည်း စတင်တည်ဆောက်နေပြီ ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ချင်းပြည်နယ်အတွင်းရှိမြို့နယ်များတွင် ကျယ်ဝန်းသည့်ဈေးမြေနေရာသီးခြားမရှိဘဲ ကျဉ်းမြောင်းသော ဈေးရုံမြေနေရာငယ်များသာရှိပြီး ယခုတည်ဆောက်မည့်ဈေးမှာ ခေတ်မီဈေးဒီဇိုင်းပုံစံဖြစ်သည့်အတွက် နောက်နောင်အဆိုပါဈေးကိုထပ်မံ၍ တိုးချဲ့ဆောက်လုပ်လိုသော် အဆင်ပြေစေနိုင်ရန် စီစဉ်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

ရေစကြိုမြို့၌ အမှိုက်သိမ်းစနစ်အား တိုးချဲ့ဆောင်ရွက်သွားမည်

ရေစကြို စက်တင်ဘာ ၁၁

ပခုက္ကူခရိုင် ရေစကြိုမြို့အား သန့်ရှင်းသာယာလှပ၍ အမှိုက်ကင်းစင်စေရန် စနစ်တကျ အမှိုက်များစွန့်ပစ်နိုင်မည့် သံအမှိုက်ကန်များထားရှိခြင်း၊ အမှိုက်ကန်သိမ်းဆည်းယာဉ်တစ်စီးဝယ်ယူခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဘတ်ဂျက်ဖြင့် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ဆောင်ရွက်သွားရန်စက်တင်ဘာ ၈ ရက်က ပြုလုပ်သည့် မြို့နယ်စည်ပင်သာယာရေးကော်မတီအစည်းအဝေးမှဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

“လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ အမှိုက်ကန်သိမ်းဆည်းယာဉ်တစ်စီးနဲ့ အမှိုက်ကန်၁၀ခုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဘတ်ဂျက် ငွေကျပ် ၄၇၇ သိန်းနဲ့ ဝယ်ယူပြီးတော့ တိုးချဲ့ဆောင်ရွက်သွားမှာပါ။ အမှိုက်စွန့်ပစ်မှုတွေရှိတဲ့နေရာတွေမှာ ထားရှိသွားမှာပါ။ အမှိုက်ကန်နဲ့မဆံ့တဲ့ သစ်ကိုင်းသစ်ခက်၊ ငှက်ပျောတုံး၊ ချုံပုတ်စတဲ့ နေအိမ်ခြံထွက်အမှိုက်တွေကိုတော့စည်ပင်ကနေ ကားနဲ့ စနေ၊ တနင်္ဂနွေနေ့တွေမှာ အိမ်တိုင်ရာရောက် အခမဲ့သိမ်းပေးသွားမှာပါ။ အမှိုက်သိမ်းစေချင်တဲ့ အိမ်က ကျွန်တော်တို့စည်ပင်ကို ဖုန်းဆက်အကြောင်းကြားရုံပါပဲ။ အိမ်အရောက်သွားသိမ်းပေးမှာပါ” ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဟန်က ပြောသည်။

လတ်တလောအချိန်တွင် မြို့မအမှိုက်ပုံကြီးများအား မီနီဘက်ဟိုးယာဉ်တစ်စီးအသုံးပြုကာ သန့်ရှင်းရေးဝန်ထမ်းများလုပ်အားဖြင့် သိမ်းဆည်းရလျက်ရှိပြီး ရပ်ကွက်အချို့တွင် အမှိုက်သိမ်းကားဖြင့် ခေါင်းလောင်းတီးကာ လှည့်လည်အမှိုက်သိမ်းရကြောင်း သိရသည်။

အိမွန်ဆွေ(ရေစကြို)

ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသားကျောင်းသူများ မှုခင်းအသိပညာကြွယ်ဝစေရေးအတွက် စက်တင်ဘာ ၈ ရက်က ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းမြောက်ရှေ့ရပ်ကွက် အထက်ကြည့်မြင်တိုင်လမ်း အ.ထ.က(၅)ကျောင်းရှေ့၌ မှုခင်းတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(၆)၊ မူးယစ်တပ်ဖွဲ့စု(၄၃)နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်အောင်တို့က မှုခင်းအသိပညာပေးဟောပြောစဉ်
ကိုကြီးတင်

သီပေါမြို့နယ်၌ ကျေးရွာ ၁၀ ရွာအတွက် မြစိမ်းရောင်ရန်ပုံငွေများ ပေးအပ်

သီပေါ စက်တင်ဘာ ၁၁

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေပေးအပ်ပွဲကို စက်တင်ဘာ ၈ ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်စင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာတစ်ရွာလျှင်ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် စုစုပေါင်းကျေးရွာ ၁၀ ရွာအား မြစိမ်းရောင်ကျေးရွာဘဏ္ဍာရေးမှူးနှင့် ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။ အဆိုပါ မြစိမ်းရောင်ရန်ပုံငွေပေးအပ်ပွဲသို့ မြစိမ်းရောင်ကျေးရွာ ၁၀ ရွာမှ ကျေးရွာကော်မတီဝင် စုစုပေါင်း ၁၀၀ ကျော်ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

စလင်းမြို့၌ အခမဲ့ စက်ချုပ်သင်တန်းဖွင့်

စလင်း စက်တင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်ရဒေးကျေးရွာ၌ စက်တင်ဘာလပထမပတ်မှစ၍ ကျေးရွာနေပြည်သူများကို အခမဲ့စက်ချုပ်သင်တန်းဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ အခမဲ့စက်ချုပ်သင်တန်းကို မြို့နယ် တောင်သူလယ်သမားအစုအဖွဲ့ ပရဟိတလူငယ်အဖွဲ့မှ ဦးခင်မောင်ထွန်းက ဦးဆောင်ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ သင်တန်းဖြစ်မြောက်ရေးအတွက် ရဒေးကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောဦးနှင့် ရပ်/ကျေးအဖွဲ့ဝင်များက ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ပြီး ယင်းအခမဲ့စက်ချုပ်သင်တန်းသို့ ကျေးရွာသူ ၁၅ ဦးတက်ရောက်သင်ကြားကာ သင်တန်းကာလမှာ ရက်တို ၁၅ ရက်ဖြစ်ကြောင်း သိရသည်။

စစ်ကြည်(စလင်း)

ဖျော်ရည်၊ ဂျယ်လီ၊ ရေခဲမုန့်၊ ယိုစုံ၊ နိုင်ငံခြားမုန့်ဖုတ်သင်တန်း
အချိုရည်၊ အသီးဖျော်ရည်၊ ဂျယ်လီမာ/ပျော့၊ Jelly Candy ရေခဲမုန့်၊ ပူလဲမစ်ရှိတ်၊ မာလူဒါ၊ ဒိန်ချဉ်၊ အအေးဆိုင်ဖွင့်နည်း၊ ယိုမျိုးစုံ၊ တော်ဒီ၊ ဒိုင်၊ Sauce၊ ကိတ်၊ ခေါင်မုန့်၊ ကွတ်ကီးမျိုးစုံ၊ ဗျပန်စတိုင်လမုန့်၊ နံကထိုင်၊ အီကလဲ၊ နိုင်ငံခြားမုန့်ဖုတ်သင်တန်း
ဆပ်ပြာဆီ ကုန်ကြမ်းနှင့် ပြုလုပ်နည်း ရပါပြီ
MASTER စားသောက်ကုန်သင်တန်းနှင့် အရောင်းဆိုင်
သင့်အပေါ်၌ ထားဝယ်မြို့နယ်၊ ဘုမ္မော်ရပ်၊ ဗိုလ်သန်းကြည်လမ်း၊ အမှတ် ၂၀၆နေ တရားလိုဒေါ်အုန်းမြက ပေးဆပ်ရန် ကတိပြုထားငွေ ၄၅ သိန်းရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၀ ရက် (၁၃၇၉ခုနှစ် တော်သလင်းလကွယ်နေ့) နံနက် ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ဖြိုးမေ
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ထားဝယ်မြို့နယ်တရားရုံး

ဘဝနတ်ထံပျံလွန်တော်မူခြင်း

သာဓုပရိယတ္တိစာသင်တိုက်၊ တိုက်အုပ်ဆရာတော်

ဘဒ္ဒန္တအာစာရ

(ချင်တောင်ကျေးရွာ၊ ဆိပ်ဖြူမြို့)

သက်တော်(၈၅)နှစ်၊ သိက္ခာတော် (၆၅)ဝါ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာဓုအနောက်ရပ်ကွက်၊ နတ်စင်လမ်း၊ သာဓုပရိယတ္တိစာသင်တိုက်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တအာစာရသည် (၁၃၇၉ ခုနှစ် တော်သလင်းလပြည့်ကျော် ၅ရက်) ၁၀-၉-၂၀၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် တော်သလင်းလပြည့်ကျော် ၁၁ရက်) ၁၆-၉-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိစျာပနသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (သာဓုတိုက်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

စျာပနကျင်းပရေးကော်မတီ

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ မကျီးစု(အလက)ပဥ္စမတန်းမှ မောင်ပြည့်ဖြိုးဟိန်းနှင့်ဝါးကန်(အမက) တတိယတန်းမှ မဂျူလိုင်ဖြိုးတို့၏ဖခင်အမည်မှန်မှာ ဦးစိုးမြင့် ၈/မမန(နိုင်) ၁၄၄၃၅၈ ဖြစ်ပါကြောင်း။ **ဦးစိုးမြင့်**

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ အိုး ပွန်ကျေးရွာအုပ်စု ရွာသစ်(၂) အမက စတုတ္ထတန်းမှ မနှင်းယုယုဆွေ၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးထွန်း ၈/မမန(နိုင်)၁၈၁၇၂၇ ဖြစ်ပါကြောင်း။ **ဦးအောင်မျိုးထွန်း**

ဦးဇော်ဝင်း ၁၂/တမန(နိုင်)၀၅၃၁၀၀၊ ဒေါ်ယဉ်ယဉ်မြင့် ၁၂/တမန(နိုင်)၀၅၃၈၅၃

ရွှေနန်းဆောက်လုပ်ရေးအဖွဲ့နှင့်

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၂)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ် ၆၅၉/ကနေ ဦးမောင်မောင်ကျော်သူ ၁၂/ရကန(နိုင်)၀၆၃၅၄၂၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မင်းရဲကျော်စွာ ၈ လမ်း၊ အမှတ် ၇၈၊ (၃၀×၆၀)ပေ အကျယ်ရှိမြေပေါ်တွင် ဆောက်လုပ်မည့် ကန်ထရိုက်တိုက်၏ မြေညီထပ် (ထပ်ခိုးပါ) တိုက်ခန်းအား ဦးမောင်မောင်ကျော်သူမှ ကာလတန်ကြေး ကျပ်သိန်း ၆၀၀ ဖြင့် ရွှေနန်းဆောက်လုပ်ရေးမှ ဝယ်ယူရန် သဘောတူခဲ့ပြီး ၆-၅-၂၀၁၄ ရက်တွင် စာချုပ်ချုပ်ဆို၍ ကြိုပွိုင့်စနစ်ဖြင့် အရစ်ကျပေးသွင်းဝယ်ယူခဲ့ရာ ၃၀-၇-၂၀၁၆ ရက်အထိ ကျပ်သိန်း ၅၅၀ ပေးသွင်းပြီးဖြစ်ပါသည်။

ရွှေနန်းဆောက်လုပ်ရေးအဖွဲ့အနေဖြင့် အဆိုပါတိုက်ခန်းကို ဆောက်လုပ်ခွင့်ကျသည့်ရက်မှစ၍ ၁၅လအတွင်း အပြီးဆောက်လုပ်ရန် မြေရှင်နှင့် သဘောတူခဲ့ကြသော်လည်း (၃)နှစ်ကျော်ကြာသည့်တိုင် ပြီးစီးအောင်ဆောက်လုပ်ခြင်းမရှိသည့်အပြင်၊ တိုက်ခန်းဝယ်ယူထားသူ ဦးမောင်မောင်ကျော်သူမှ ရွှေနန်းဆောက်လုပ်ရေးသို့ ဆက်သွယ်ခဲ့သော်လည်း တိုက်ခန်းအား ဆောက်လုပ်ပြီးစီး၍ အပြီးအပိုင်လွှဲပြောင်းမည့်နေ့ကို တိတိကျကျအကြောင်းပြန်ကြားခြင်းမရှိသည့်အပြင် တွေ့ဆုံရန်လည်း ဆက်သွယ်မရခဲ့ပါ။

သို့ဖြစ်၍ ရွှေနန်းဆောက်လုပ်ရေးအဖွဲ့အနေဖြင့် ဤသတင်းစာကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဦးမောင်မောင်ကျော်သူထံသို့ တိုက်ခန်းပြီးစီးအောင်ဆောက်လုပ်၍ လွှဲပြောင်းမည့်ရက်ကို တိတိကျကျအကြောင်းပြန်ကြားပေးပါရန်နှင့် သတ်မှတ်ရက်တိုင်အောင် ဆက်သွယ်အကြောင်းပြန်ကြားခြင်းမရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးရည်နိုင်ထွန်း LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၀၄၂)

အမှတ် ၄၄၊ အောင်သီရိလမ်း၊ (၁၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၀၈၈၉၀၄

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ထုပါရုံရပ်ကွက်၊ ထုပါရုံအနောက် (၃) လမ်း၊ အမှတ် (၂၉) ဟု ခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၁)၊ လူနေရပ်ကွက်အမှတ် (၁)၊ မြေကွက်အမှတ် (၁၁၀၃/က)၊ ဧရိယာစတုရန်းပေ(၁၂၀၀)ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်

ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်အမည်ဖော်ပြပါ အိမ်ခြံမြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်တင် အမည်ပေါက်တည်ရှိပြီး ၎င်းထံမှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်စန်းဝင်း (၁၂/ဥကတ (နိုင်) ၀၃၂၅၆၇) ကိုင်ဆောင်သူမှ ဖော်ပြပါအိမ်ခြံမြေနှင့်ပတ်သက်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းမှုအပေါ် ကျွန်ုပ်၏မိတ်ဆွေမှ သဘောတူခဲ့သည့်အလျောက် (၅-၉-၂၀၁၇) ရက်နေ့တွင် ရောင်းအိုးငွေ၏ အချို့အဝကကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးရာဇာဝင်း (LL.B)

အထက်တန်းရှေ့နေ

အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၉-၄၂၀၀၂၉၄၃၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂Z/၊ မြေကွက်အမှတ် V Class၆၁၊ ၆၂၊ ၆၂A၊ မြေကွက်တည်နေရာအမှတ် ၉၇၊ ၁၃လမ်း၊ (၆)ရပ်ကွက်၊ လမ်းမတော်မြို့နယ် Wong's Kindred Association အမည်ပေါက်နှစ် ၆၀မြေငှားစာချုပ်(ဂရန်)မြေအား ဦးခင်မောင်ဝင်း(ခ)ဝေါင်ရွှေကျောင် ဒုဥက္ကဋ္ဌ 'ဝေါင်မျိုးနွယ်သားများလူမှုကူညီရေးအသင်း'မှ ဂရန်သက်တမ်းတိုးဆောင်ရွက်ခဲ့သည့်အမှုတွဲ လမတ/ဂရတိုး-၂၃၄၂/၂၀၁၁(၂၀-၁၂-၂၀၁၁)တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့၏ ၁၀-၇-၂၀၁၄ရက်စွဲပါ ၃၁-၁၂-၂၀၁၈ထိ သက်တမ်းရှိသော ဝေါင်မျိုးနွယ်သားများ လူမှုကူညီရေးအသင်းဖွဲ့စည်းခွင့်လက်မှတ်၊ ဝေါင်မျိုးနွယ်သားများ လူမှုကူညီရေးအသင်းသည် Wong's Kindred Association ဖြစ်သည်မှာ မှန်ကန်ကြောင်း ယင်းအသင်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင်(၁၁)ဦး၏ ကျမ်းကျိန်ကတိသစ္စာပြုလွှာ၊ မြေပေါ်နေသူများ၏ထောက်ခံကျမ်းကျိန်လွှာ၊ ဝေါင်မျိုးနွယ်သားများ လူမှုကူညီရေးအသင်းအဖွဲ့စည်းမျဉ်း နှစ် ၆၀ မြေငှားဂရန်တို့တင်ပြ၍ ဂရန်သက်တမ်းတိုးလျှောက်ခဲ့ခြင်းကို ၁၆-၃-၂၀၁၅ရက် ကော်မတီဝင်များ အစည်းအဝေးမှတ်တမ်း ၁၁/၂၀၁၅ကောက်နုတ်ချက်အပိုဒ် က/၄၉ဖြင့်ခွင့်ပြုခဲ့ပြီး အမည်ပေါက် Wong's Kindred Association ဖြင့် နှစ် ၆၀မြေငှားဂရန်ရရှိခဲ့ပြီးဖြစ်ကြောင်း၊ မူလအမည်ပေါက် Wong's Kindred Association မှ ပြည်ထဲရေးဝန်ကြီးဌာနမှထုတ်ပေးခဲ့သော အသင်းအဖွဲ့ဖွဲ့စည်းခွင့်လက်မှတ်ပါ 'ဝေါင်မျိုးနွယ်သားများလူမှုကူညီရေးအသင်း'ဟု မြန်မာအမည်မပါရှိ၍ ယင်းအမည်အား ဂရန်အမည်ပေါက်နေရာတွင် ထည့်သွင်းပြင်ဆင်ဖြည့်စွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ပြည်တွင်း-ပြည်ပ မဟာစည်သာသနာ့ရိပ်သာ

နာယကဆရာတော်ကြီး

ဒေါက်တာ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ ထေရ်

(မဟာဓမ္မကထိက၊ ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)Ph.D.(Buddhism)

(မဟာစည်သြဝါဒခံ ညောင်ကန်အေးရိပ်သာ ဦးစီးပဓာနနာယက)

သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉)ဝါ

ရန်ကုန်မြို့၊ ပြည်တွင်း-ပြည်ပ မဟာစည်သာသနာ့ရိပ်သာကြီး၏ နာယကဆရာတော်ကြီး၊ မဟာစည်ဓမ္မကထိကအဖွဲ့ချုပ်ကြီး၏ ဒုတိယဥက္ကဋ္ဌ၊ မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာကြီး၏ ပဓာန နာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ ထေရ်သည် (၁၃၇၉ ခုနှစ်တော်သလင်းလပြည့်ကျော်၃ရက်) ၈-၉-၂၀၁၇ရက် (သောကြာနေ့) ည ၁၁း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၉ခုနှစ် တော်သလင်းလပြည့်ကျော် ၁၂ရက်) ၁၇-၉-၂၀၁၇ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ၌ ကျင်းပပြီး မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပင့်ဆောင်၍ ညနေ ၃ နာရီတွင် အန္တိမအဂ္ဂိစျာပနပူဇော်မည် ဖြစ်ပါကြောင်း။ တော်သလင်းလပြည့်ကျော်(၉၊၁၀၊၁၁)ရက် ည ၇နာရီများတွင် ဓမ္မပူဇာများဖြင့် ပူဇော်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှတပည့်ဒါယကာ၊ဒါယိကာ မအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ

မဟာစည် သြဝါဒခံညောင်ကန်အေးသာသနာ့ရိပ်သာ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၂၀၇၂၃ Kenbo 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းလှိုင် ၈/မတန(နိုင်)၀၄၄၆၇၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ယ/၂၇၂၆၄ Hero Honda 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၅/ကလတ(နိုင်) ၀၀၂၂၉၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် စစ-၈၊ ၅၂×၅၃၊ ဘုရင့်နောင်×အောင်ဇေယျလမ်းကြားရှိ ဦးပိုင်အမှတ် ၁၁၅·က သည် ဦးအေးမောင် အမည်ဖြင့်လည်းကောင်း၊ ဦးပိုင်အမှတ် ၁၁၀·ခ သည် ဦးကျော်ခိုင်အမည်ဖြင့် လည်းကောင်း ချထားပေးသော မြေကွက်များအား ဦးမောင်မောင်ကြီး ၉/ခမစ(နိုင်)၀၁၂၆၀၅ မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ အကွက်အမှတ်၃၂၆၊ ဦးပိုင်အမှတ် ၁၁၊ ဒေးဝန်းလမ်းမကြီး၊ ၃၃×၃၄ကြားရှိ ဦးချစ်လှိုင်အမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဖြစ်သူ ဦးချစ်လှိုင်၊ မိခင်ဖြစ်သူ ဒေါ်မြစိန်တို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သော သားသမီးများဖြစ်သည့် ဦးခင်အောင်သန်း ၉/မနတ(နိုင်) ၀၂၄၈၅၈၊ ဒေါ်ခင်မေကြည် ၉/မနတ(နိုင်)၉၂၆၄၄၃၊ ဒေါ်ခင်ဆွေရီ ၉/မနတ(နိုင်)၀၂၄၈၆၄၊ ဒေါ်ခင်ဆွေဝင်း ၉/မနတ(နိုင်)၀၂၄၈၆၂၊ ဦးရဲမြင့် ၉/မနတ(နိုင်)၀၂၄၈၆၅၊ ဒေါ်ငွေငွေ ၉/မနတ(နိုင်)၀၂၄၈၆၃ တို့မှ ဂရန်စာချုပ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

မန္တလေးမြို့တော်စည်ပင်သာယာရေး

ကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ ဝါးကျောင်းလမ်း၊ အမှတ် (၁၂၇) အမည်တွင်သည့် ပေ (၃၀×၇၅) အနက်မှ မြေရှင်းခြမ်း ပေ (၁၇×၇၅) ရှိ ခြံမြေကို အစဉ်အဆက်စာချုပ်များဖြင့် လက်ရှိဝယ်ယူထားသူမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါပြီး (၇) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

ဒေါ်ချောထိုက်စု၏ လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်တင်တင်လှ (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၅၀)

ဖုန်း-၀၉ ၄၃၀၇၃၄၂၆

၁၉-၁-၂၀၁၇ နေ့ထုတ်

ကြေးမုံသတင်းစာ(ကြော်ငြာ)စာမျက်နှာ(၄)ပါ

ဦးဘုန်းမြင့်ထွန်း[၁၂/ပဘတ(နိုင်)၀၂၈၅၈၅]၏ ရှေ့နေမှတစ်ဆင့်

ထည့်သွင်းကြော်ငြာသော အများသိစေရန်နှင့်ပတ်သက်၍

ပြန်လည်ရှင်းလင်းအသိပေးခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ ၃၉-လမ်း၊ အမှတ်-၉၇၊ ၅-လွှာနေ ဦးမြအေး-ဒေါ်နန်းသန်းတင်တို့၏သမီးဖြစ်သည့် ဒေါ်သီတာအေး ၁၂/ကတတ(နိုင်)၀၂၇၉၆၁၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ စက်ရုံလမ်း၊ အမှတ်-၁၅၅/၁၅၇ နေ ဦးတင်ထွန်း-ဒေါ်မေရှင်တို့၏သားဖြစ်သော ဦးဘုန်းမြင့်ထွန်း၏ "အများသိစေရန်"ကြေညာမှုနှင့်ပတ်သက်၍ အကျဉ်းချုံးရှင်းလင်းရပါက ကျွန်ုပ်တို့၏ အမှုသည် ဒေါ်သီ တာအေးနှင့် ဦးဘုန်းမြင့်ထွန်းတို့သည် ၃၁-၁၀-၂၀၀၈ရက်၌ အစ္စလာမ်ဘာသာဓလေ့ထုံးတမ်းနှင့် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ရှိ BLCရုံး၌ ထိမ်းမြားလက်ထပ်ပြီး သားရတနာ ဆန်းမြတ်သူထွန်းကို ၂၈-၆-၂၀၁၁ ရက်တွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌မွေးဖွားပြီး သားငယ်သည် မွေးရာပါနှလုံးရောဂါရှိနေသဖြင့် မကြာခဏဆေးကုသမှုခံယူနေရသူ ဖြစ်ပါသည်။ ဦးဘုန်းမြင့်ထွန်းက ၂၁-၁၂-၂၀၁၆ရက်တွင် အစ္စလာမ့် တရားတော်နှင့်အညီ အသိသက်သေများရှေ့တွင် "တစ်ဖက်သတ်" သွာလပ်ပေးကွာရှင်းပြီး ဖြစ်သည်ဟု ကြေညာမှုမှာ မှန်ကန်မှုလုံးဝမရှိပါ။ အစ္စလာမ့် ဓလေ့ထုံးတမ်း အစဉ်အလာနှင့် တရားဥပဒေတို့အရ ညီညွတ်ခြင်းမရှိသည့်အပြင် အသိသက်သေများရှေ့တွင် "တစ်ဖက်သတ်" သွာလပ်ပေးကွာရှင်းသည်ဆိုခြင်းမှာ လုံးဝမှန်ကန်ခြင်းမရှိပါ။ ဦးဘုန်းမြင့်ထွန်းသည် ၂၀၁၇ ခုနှစ် ဧပြီလအထိသာ သားအတွက် စားဝတ်နေရေးနှင့် ပညာရေးအတွက် အနည်းငယ်သာပေးခဲ့ပြီး ဒေါ်သီတာအေးအတွက် ငွေကြေးတစ်စုံတစ်ရာ မျှပေးခဲ့ခြင်း၊ ပေးနေခြင်း လုံးဝမရှိပါ။ ဦးဘုန်းမြင့်ထွန်းနှင့် ဒေါ်သီတာအေးတို့သည် ဥပဒေနှင့်အညီကွာရှင်းပြတ်စဲရခြင်း မရှိသေးသောကြောင့် ဒေါ်သီတာအေးသည် ယနေ့တိုင် ဦးဘုန်းမြင့်ထွန်း၏ တရားဝင်ဇနီးမယားအဖြစ် တည်ရှိနေဆဲဖြစ်သဖြင့် ထပ်မံ၍အိမ်ထောင် တစ်စုံတစ်ရာပြုပါက ၂၀၁၅ ခုနှစ် တစ်လင်တစ်မယား ဥပဒေအရ ခွင့်မပြုသည့်ကိစ္စဖြစ်သည်ကို ကောင်းမြတ်သည့် မွန်မြတ်သောသတင်းစကားအဖြစ် အသိပေးအပ်ပါ သည်။

သို့ပါ၍ ဒေါ်သီတာအေးအား ဂုဏ်သိက္ခာညှိုးနွမ်းအောင် အင်တာနက်ဆက်သွယ်ရေးကိရိယာ တစ်စုံတစ်ရာကို အသုံးပြုပြီး ဝေဖန်ပြောဆိုခြင်း၊ အခြားသူများကို ပြုလုပ်စေရန် တစ်နည်းနည်းဖြင့်ကူညီပံ့ပိုးမှုများ ပြုလုပ်ပါက တည်ဆဲဥပဒေအရပ်ရပ်အရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားတဘောင်မှုခင်းမဖြစ်ကြရစေလိုသော စိတ်စေတနာ မြတ်ဖြင့် သတိပေးအပ်ပါသည်။

ဒေါ်သီတာအေး [၁၂/ကတတ(နိုင်)၀၂၇၉၆၁] ၏

လွှဲအပ်ညွှန်ကြားချက်အရ-

HYGIENIC LEGAL CLINIC

ရောဘတ်စန်းအောင် (စဉ်-၂၄၆၉) တရားလွှတ်တော်ရှေ့နေ	**ဒေါ်အေးအေးသက်(ပုသိမ်) (စဉ်-၈၂၂၀) တရားလွှတ်တော်ရှေ့နေ**
ဒေါ်အေးအေးဝင်း(ပုသိမ်) (စဉ်-၈၈၃၄)တရားလွှတ်တော်ရှေ့နေ	
ဒေါ်မေနှင်းဦး(ထီလာ) (စဉ်-၁၀၇၆၁) တရားလွှတ်တော်ရှေ့နေ	**ဦးမျိုးမင်းဇော်(မန္တလေး) (စဉ်-၁၂၉၄၄) တရားလွှတ်တော်ရှေ့နေ**
ဒေါ်သန်းသန်းစိုး(မန္တလေး) (စဉ်-၁၃၂၆၅) တရားလွှတ်တော်ရှေ့နေ	
ဦးကြည်သာဖုန်းမြင့်(သံတွဲ) (စဉ်-၄၃၄၃၄) အထက်တန်းရှေ့နေ	**ဒေါ်မြတ်ဆု(ဘိုကလေး) (စဉ်-၄၆၈၉၅) အထက်တန်းရှေ့နေ**
ဒေါ်သဲနဝေ(ဘိုကလေး) (စဉ်-၄၆၉၃၈) အထက်တန်းရှေ့နေ	**ဒေါ်အေးအေးမျိုး(ကြံခင်း) (စဉ်-၄၀၉၀၇) အထက်တန်းရှေ့နေ**
ဒေါ်မွန်မွန်ချို(ဘိုကလေး) (စဉ်-၄၆၉၀၃) အထက်တန်းရှေ့နေ	**ဦးကျော်လတ်စိုး (စဉ်-၄၀၅၀၈) အထက်တန်းရှေ့နေ**
ဦးရန်နိုင်လင်း (စဉ်-၄၈၅၅၆) အထက်တန်းရှေ့နေ	**ဦးစိုးပြည့်လင်း (စဉ် -၃၀၈၈၁) အထက်တန်းရှေ့နေ**

ဘဝနတ်ထံပျံလွန်တော်မူသော အဘယာရာမဆရာတော်ကြီး ဘဒ္ဒန္တသောဘဏ၏ (၄)နှစ်ပြည့် ရည်မှန်းပူဇော်ကျေးဇူးဆပ် အလှူတော်ပင့်လျှောက်/ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ အာဒိကာရုံတိုက် အဘယာရာမပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တသောဘဏ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)နိုင်ငံတော်ဗဟိုဝန်ဆောင် ဝေဠုဝန်နိကာယဗဟိုအကျိုးတော်ဆောင် ဆရာတော်ကြီး၏ ဘဝနတ်ထံပျံလွန်တော်မူသည့် (၄)နှစ်ပြည့် ရည်မှန်းပူဇော် ကျေးဇူးဆပ်ကုသိုလ်တော်အလှူကို (၁၃၇၉ခုနှစ် သီတင်းကျွတ်လဆန်း ၁ရက်)၂၁-၉-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၉နာရီ ကျင်းပမည်ဖြစ်ပါ၍ ဆရာတော်ကြီး၏ တပည့်သံဃာတော်၊ ဒါယကာ၊ ဒါယိကာမတို့အား ပင့်လျှောက်/ဖိတ်ကြားအပ်ပါသည်။

အဘယာရာမကျောင်း

ဖုန်း-၀၁-၅၄၇၀၃၀၊ ၀၉-၂၆၂၂၇၀၂၂၃

ကျိုင်းတုံမြို့၊ ဓမ္မောဒယပရိယတ္တိစာသင်တိုက်ဆရာတော်ကြီး၏

ရုပ်ကလာပ်တော်အား စံကျောင်းတော်သို့

ပင့်ဆောင်ပူဇော်ပွဲအခမ်းအနား

၁၁-၇-၂၀၁၇ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည့် ကျိုင်းတုံမြို့၊ ဓမ္မောဒယပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရွှေကျင်နိကာယသြဝါဒါစရိယ၊ ရှမ်းပြည်နယ်လုံးဆိုင်ရာ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆဋ္ဌမမြောက်ဆရာတော်ကြီး ဘဒ္ဒန္တအာဇေယျ(အဘိဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)သက်တော်(၉၁)နှစ်၊ သိက္ခာ (၇၁)ဝါ၏ ရုပ်ကလာပ်တော်အား စံကျောင်းတော်သို့ ပင့်ဆောင်ပူဇော်ပွဲကို (၁၃၇၉ခုနှစ် တော်သလင်းလပြည့်ကျော် ၁၃ရက်) ၁၈-၉-၂၀၁၇ရက် ၁၂း၃၀နာရီတွင် ဓမ္မောဒယပရိယတ္တိစာသင်တိုက်မှ ဘုရားကိုးဆူကျောင်းဝင်းရှိ စံကျောင်းတော်သို့ ပင့်ဆောင်ပူဇော်သွားမည်ဖြစ်ပါ၍ ကြည်ညိုဖူးမြော်နိုင်ပါရန် ဖိတ်မန္တကပြုအပ်ပါသည်။

စံကျောင်းတော်၌ အပူဇော်ခံထားရှိမည့် ဘုရားကိုးဆူကျောင်းဝင်းအတွင်း ၁၈-၉-၂၀၁၇ရက်မှ ၁၅-၁၀-၂၀၁၇ရက်အထိ တရားပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ရုပ်ရှင်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပါသည်။

ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနပူဇော်ပွဲကျင်းပရေးကော်မတီ

ဖခင်အချစ်ရဆုံးသောသမီးကြီး

ပို့ကျွတ်(ခ)နော်ခင်ဆွေဦး

ဒု-ဦးစီးမှူး-ငါးလုပ်ငန်းဦးစီးဌာန

(၁၂-၉-၂၀၁၅)-(၁၂-၉-၂၀၁၇)

အသက်(၅၃)နှစ်

နေပြည်တော်တွင် တာဝန်ထမ်းဆောင်ရင်း ၁၂-၉-၂၀၁၅ခန့်မှန်း ညနေ ၄-၅နာရီတစ်မုဟုတ်ချင်း(ဖခင်မျက်ကွယ်)ဖခင်ကို ဘာတစ်ခုမှ တုံ့ပြန်အသိပေးခြင်းမရတော့ဘဲ သခင်ခရစ်တော်ခြေရင်း၌ အိပ်ပျော်သွားခဲ့ပါသည်။

သမီးကြီးဘဝတစ်လျှောက်လုံး ရင်းနီးမြုပ်နှံခဲ့သည့် ကောင်းမှုကုသိုလ်အပေါင်းတို့ကို သားအဖနှစ်ယောက်နေခဲ့ရသော နှစ်ပေါင်း၊ လပေါင်း၊ ရက်ပေါင်းများစွာ နှင့်အဖေသက်ရှိထင်ရှား ချိန်ညွှန်းလျက် အမှတ်ရလျက်ရှိပါတယ်။ သမီး-ဒါကြောင့် ကျန်ရှိသော နင့်ဖခင်နှင့်နင်အချစ်ရဆုံးသော ညီမနှစ်ယောက်သမီးကြီးကို နေ့စဉ်အမျှ နှမြောတသလွမ်းဆွတ်သတိရခြင်းနှင့်အတူ မွန်မြတ်သန့်ရှင်းသော မေတ္တာအသိစိတ်ဓာတ်တို့ဖြင့် အခါအခွင့်ပေးတိုင်း သမီးကြီးအတွက် အလှူဒါနများကို စဉ်ဆက်မပြတ်ဆက်ကပ်လှူဒါန်းပေးသွားမည်ဖြစ်ပါသည်။

သမီးကြီး-သိရှိခံယူပါ-သမီးကြီးခံယူရရှိပါစေ-

ကျန်ရှိသောဖခင်-စောဘားနဘတ်စ်(အကခ-ငြိမ်း)

ညီမများ-မီးငယ်၊ စီဖိုး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6K/9184 DAIHATSU HIJET S200P P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဥ္ဇာအောင် ၉/ပကခ(နိုင်)၀၁၈၁၅၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာ ရလပ(မ)၂၃၊ မြေကွက်အမှတ် ၉၉၁၊ မြေဧရိယာ အလျားပေ ၄၀×အနံပေ၆၀ရှိ မြေကွက်မှ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒုအရာခံဗိုလ်သိန်းအောင် ကပ-၃၅၀၇၆၆အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ထိုမှတစ်ဆင့် လူနှစ်ဦးဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ထို့နောက် ဦးသစ်လွင် ၁၄/ကလန(နိုင်)၀၆၀၀၂၃က ဝယ်ယူခဲ့ပါသည်။ ဦးသစ်လွင်ထံမှ ကျွန်ုပ်ဒေါ်တင်မိုးဝေ ၁၂/မဂဒ(နိုင်)၀၇၄၄၃၅က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်ရန်ရှိသူ မည်သူမဆို ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း(မူရင်း) အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်မိုးဝေ ၁၂/မဂဒ(နိုင်)၀၇၄၄၃၅

အမှတ် ၄၀၊ လေးလွှာ၊ ကွမ်းခြံတန်းလမ်း၊ ကြည့်မြင်တိုင်

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်ကြင်
ပါမောက္ခချုပ်(ငြိမ်း)၊ သစ်တောတက္ကသိုလ်
အသက်(၇၈)နှစ်

ဦးအောင်ကြင် ပါမောက္ခချုပ်(ငြိမ်း)၊ သစ်တောတက္ကသိုလ်သည် ၈-၉-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်၊ ဆရာ/ဆရာမများနှင့် ဝန်ထမ်းမိသားစု
သစ်တောတက္ကသိုလ်၊ ရေဆင်း

ဝမ်းနည်းကြေကွဲခြင်း
ဆရာကြီး ဦးအောင်ကြင်
ပါမောက္ခချုပ်(ငြိမ်း)၊ သစ်တောတက္ကသိုလ်
အသက်(၇၈)နှစ်

ရန်ကုန်မြို့နေ ဒေါ်ခင်ခင်သစ်၏ခင်ပွန်း၊ ကိုအောင်မျိုးသစ်၏ဖခင်၊ ကျွန်တော်၊ ကျွန်မတို့၏ကျေးဇူးရှင်ဆရာကြီး ဦးအောင်ကြင်သည် ၈-၉-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၉၉၊ ၂၀၀၀၊ ၂၀၀၁၊ ၂၀၀၂ S၊ ၂၀၀၂ J
သစ်တောတက္ကသိုလ်ဆင်းတပည့်များ

အများသိစေရန်ကြော်ငြာ

တာမွေမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃အေ၃)၊မြေကွက်အမှတ်- V ၂၀၇၊မြေကွက်တည်နေရာအမှတ်(၁၉)၊ရတနာလမ်း၊ဗိုင်းရွာမရပ်ကွက်၊တာမွေမြို့နယ်၊ဒေါ်အုန်းရင်နှင့်မစိန်အုအမည်ပေါက်၊နှစ်(၉၀)ဂရန်မြေအားပိုင်ဆိုင်ကြောင်းစာချုပ်-၆၄၆(၁၅-၃-၂၀၁၇)အရပိုင်ဆိုင်သူများဖြစ်ကြသောဒေါ်ခင်သိန်းဝင်း(၁၂/သဃက(နိုင်)၀၀၇၆၁၅)၊ဦးဝဏ္ဏ(၁၂/တကန(နိုင်)၁၂၇၈၈၅)၊ဒေါ်မှုပြုံး(၁၂/မရက(နိုင်)၀၄၁၂၈၈)၊ဒေါ်နီလာထွေး(၁၂/တမန(နိုင်)၀၃၂၅၄၁)၊ဦးပြည်စိုး(၁၂/တမန(နိုင်)၀၃၂၅၆၆)၊ဒေါ်ယဉ်ယဉ်မွန်း(၁၂/တမန(နိုင်)၀၃၂၄၉၁)တို့မှနှစ်(၉၀)ဂရန်ပျောက်ဆုံးကြောင်းပုဇွန်တောင်မြို့နယ်တရားရုံးတွင်ကျမ်းကျိန်လွှာအမှတ်-၄၅၉၄/၁၇(၂၂-၃-၁၇)ဖြင့်ကျမ်းကျိန်ဆိုထားသောကျမ်းကျိန်လွှာ၊တာမွေမြို့မရဲစခန်းမှဂရန်ပျောက်ဆုံးကြောင်းနှင့်ပတ်သက်၍ဂရန်ပျောက်ဆုံးကြောင်းထောက်ခံချက်၊သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်၊ကိုယ်တိုင်ဝန်ခံချက်များတင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာခြင်းအားဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီးကန့်ကွက်သူမရှိသဖြင့်ဂရန်မိတ္တူခွင့်ပြုထုတ်ပေးမည်ဖြစ်၍မူလကအမှုတွဲအမှတ်-၁၁၁၀-အာရ်ပီ-၂၄(၈-၁၂-၁၉၂၇)ဖြင့်ထုတ်ပေးထားသည့်ဒေါ်အုန်းရင်နှင့်မစိန်အုအမည်ပေါက်နှစ်(၉၀)မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အားမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှပယ်ဖျက်ပြီးဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သ/တိုးချဲ့)၊ မြေကွက်အမှတ်(၂၂)၊ မြေကွက်တည်နေရာအမှတ်(၂၂)၊ သမာဓိလမ်း (သ/တိုးချဲ့)၊ ဒေါ်ခင်ဆွေ (၇/ရတရ(နိုင်)၀၇၁၉၃၇) အမည်ပေါက် နှစ် (၆၀) ဂရန်မြေအားအမည်ပေါက်မိခင် ဒေါ်ခင်ဆွေသည် (၄-၄-၂၀၁၇) ရက်နေ့တွင်လည်းကောင်း၊ ဖခင် ဗိုလ်မှူးချုပ် ကျော်ဝင်း (ငြိမ်း) သည် (၃၀-၆-၂၀၁၇) ရက်နေ့တွင်ကွယ်လွန်သဖြင့် ဒေါ်မိုးမိုးကျော် (၈/ရစက(နိုင်)၀၀၀၆၁၅)၊ ဦးမြတ်ထွန်းကျော် (၈/ရစက(နိုင်)၀၀၀၆၁၇)၊ ဦးကျော်ဇော (၈/ရစက (နိုင်) ၀၀၀၆၁၆)၊ ဒေါ်ကြည်သာဆွေ (၁) ဒေါ်ခိုင်လွင်လွင် (၁/မကန (နိုင်) ၀၉၁၀၆၄) တို့မှ သား/သမီးများတော်စပ်ကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး ကျမ်းကျိန်လွှာ အမှတ်စဉ် (၅၄၂/၂၈-၄-၂၀၁၇)၊ သေစာရင်း၊ ဖခင် ဗိုလ်မှူးချုပ် ကျော်ဝင်း ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင်ကွယ်လွန်သည်မှာ မှန်ကန်ကြောင်း ဒုတိယ အတွင်းဝန်၏ထောက်ခံချက်၊ သေဆုံးကြောင်း လက်မှတ်၊ ဒေါ်ခင်ဆွေအမည်ပေါက် ဂရန်မူရင်းတို့ဖြင့် ဒေါ်မိုးမိုးကျော်၊ ဦးမြတ်ထွန်းကျော်၊ ဒေါ်ကြည်သာဆွေ (၁) ဒေါ်ခိုင်လွင်လွင်တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၀၀၅/၁၇) ဖြင့် ရရှိသူ ဦးကျော်ဇောမှ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင်သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း (၂၀'×၁၈') အဆောက်အဦးတွင် ဦးထွန်းကြည် မိသားစုတို့ ခြံစောင့်အဖြစ်ထားရှိခြင်းအတွက် ဝန်ခံကတိပြုချက်တို့တင်ပြ၍ ပိုင်ဆိုင်မြေပုံကူး လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၄ကံဘဲ့၊မြေကွက်အမှတ်-၃၅/ဈ-၂၊မြေကွက်တည်နေရာအမှတ်-၃၅/ဈ-၃၊စည်ပင်သာယာလမ်း၊မရမ်းကုန်း ဒေါ်မေမာအေးအမည်ပေါက်၊မြေပိုင်မြေ၊လ/န-၃(ခ)ရပြီးမြေအားအမည်ပေါက်ဒေါ်မေမာအေး(၁၂/မရက(နိုင်)၀၆၆၃၁၁)၏SP၄၃၄၇/၁၉၉၉(၁-၁၀-၁၉၉၉)ရရှိသူဦးကျော်ရင်(ခ)ရဂျစ်ကူးမား(၉/မကန(နိုင်)၀၄၂၁၅၁)မှအမည်ပေါက်သည့်အရောင်းအဝယ်စာချုပ်အမှတ်(၉၃၄/၁၉၉၅(၂၄-၅-၁၉၉၅) S/Pအထောက်အထား၊S/Pပေးခြင်းအတွက်ကျမ်းကျိန်လွှာ၊မြေစာရင်းမှတ်ချက်ရှိ(၁၉၉၈)ခုနှစ်ဘဏ်ချေးမြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ဘဏ်ချေးမြေပုံမြေရာဇဝင်မူရင်းမှာမည်သည့်ဘဏ်တွင်မှအာမခံပစ္စည်းအဖြစ်ထားရှိကာဘဏ်ငွေချေးယူခဲ့ခြင်းလုံးဝမရှိဘဲအထားအသိုမှားယွင်းကာပျောက်ဆုံးသွားပါကြောင်း၊အဆိုပါမြေကွက်နှင့်အကျိုးခံစားခွင့်တို့အားအခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှရောင်းချခြင်း၊ပေါင်နှံထားခြင်း၊ပေးကမ်းစွန့်လွှတ်ထားခြင်း၊လှူဒါန်းထားခြင်း၊အာမခံအဖြစ်တင်သွင်းထားခြင်းလုံးဝမရှိပါကြောင်း၊အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်းဒေါ်မေမာအေးမှ၁၆-၈-၂၀၁၇ရက်စွဲဖြင့်တင်ပြသည့်ကျမ်းကျိန်လွှာ၊မြေစာရင်းမှတ်ချက်ရှိ၂၀၀၀-ခုနှစ်အပိုင်ပေးစာချုပ်ချုပ်ရန်မြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍အဆိုပါအမှုတွဲအားပြီးစီးအောင်ဆောင်ရွက်ခဲ့ခြင်းမရှိသည်မှာမှန်ကန်ကြောင်း၊အဆိုပါမြေကွက်နှင့်အကျိုးခံစားခွင့်တို့အားအခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှရောင်းချထားခြင်း၊ပေါင်နှံထားခြင်း၊ပေးကမ်းထားခြင်း၊စွန့်လွှတ်ထားခြင်း၊လှူဒါန်းထားခြင်း၊အာမခံအဖြစ်တင်သွင်းခြင်းလုံးဝမရှိပါကြောင်း၊အရှုပ်အရှင်းပြဿနာပေါ်ပေါက်ပါကတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း၊S/Pရရှိသူဦးကျော်ရင်(ခ)ရဂျစ်ကူးမားမှ၁၆-၈-၂၀၁၇ရက်စွဲဖြင့်တင်ပြသည့်ကျမ်းကျိန်လွှာတို့တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
ဒေါ်ခင်မြ
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မိုးမခလမ်းနေ (ဦးဘိုးခိုင်-ဒေါ်အေးကြို)တို့၏သမီး၊ (ဦးဘိုးနှစ်-ဒေါ်ဖွားသင်)တို့၏သမီးချွေးမ၊ (ဗိုလ်မှူးကြီးသူရတင်မြတ်-ငြိမ်း)၏ဇနီး၊ (ဦးထွန်းကြည်-ဒေါ်ခင်ရွှေ)၊ (ဦးမောင်ခ-ဒေါ်သိန်းညွန့်)၊ (ဦးဘရင်-ဒေါ်ညွန့်စိန်)၊ (ဒေါ်တင်ရွှေ)၊ (ဦးတင်ဖေ-ဒေါ်မြစိန်)တို့၏ညီမ၊ ဦးမြင့်ဆွေ (စက်မှု-၂)(ဒေါ်ခင်ခင်မြင့်)၊ (ဦးအောင်မြတ်ထူး-ဒေါ်ခင်မာအေး)၊ ဒေါ်ခင်လေးမြတ်၊ ဒေါ်သင်းသင်းမြတ်၊ ဦးကိုကိုမြတ်-ဒေါ်ခိုင်ခိုင်ညွန့်၊ ဦးညီညီမြတ်-ဒေါက်တာအေးအေးဝင်း၊ ဒေါ်အေးအေးမြတ်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၁-၉-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
မိုးကုတ်ယောဂီ ဒေါ်စန်းရီ(ပျော်ဘွယ်) အသက်(၈၈)နှစ်
(ကံကောင်းသူများ စက်မှုလက်မှု လုပ်ငန်း၏ မိခင်ကြီး)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၂၄၇နေ (ဦးဘထွန်း-ဒေါ်ထွေး)တို့၏သမီး၊ (ဦးဘိုးသီ-ဒေါ်အေးညွန့်)တို့၏ ချွေးမ၊ ဦးအောင်ခင်၏အစ်မ၊ ဦးခင်ထွန်း၏ဇနီး၊ ဦးဝါယမ(တက်နေဝန်းကျောင်းတိုက်၊ ဗဟန်းမြို့နယ်)၊ ဆရာဦးစံမြင့်အောင်(ခ)ဦးမြင့်အောင်(YBS အပတ်စဉ်-၂)-ဒေါ်ကြူကြူရှိန်၊ ဦးမောင်မောင်သန်း-ဒေါ်စီစီဝင်း၊ ဦးကျော်ကျော်-ဒေါ်မြင့်မြင့်၊ ဦးသန်းအောင်-(ဒေါ်အေးသီတာ)၊ (ဦးခင်အောင်လွင်)-ဒေါ်အေးသန္တာတို့၏ချစ်လှစွာသောမိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၀-၉-၂၀၁၇ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်ခင်တင့် (မြောင်းမြ/ပြင်ရွာ)
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်တံခွန်လမ်း၊ အမှတ် ၃၂၂၊ 4(A)နေ (ဦးချစ်ဖေ-ဒေါ်သန်း)တို့၏သမီး၊ ဦးထွန်းဝင်း၏ဇနီး၊ ဒေါ်ခင်လေးမွန်(ထ-၂၊ မြောက်ဒဂုံ)၊ ဒေါ်ခင်ဆွေမွန်၊ ဦးလှိုင်မြင့်စော-ဒေါ်သီတာဝင်း (လခွဲ-မ-၁၊ ဒဂုံတောင်)၊ ဦးဝင်းဇော်ထွန်း-ဒေါ်ခင်မာဝင်း၊ ဦးမင်းခိုင်ထွန်း၊ ဦးကျော်လင်းထွန်း၊ ဦးရဲခေါင်ထွန်း(ဒု-ဦးစီး၊ ပြည်တွင်းအခွန်များဦးစီးဌာန)တို့၏ချစ်လှစွာသောမိခင်၊ မောင်မိုးပြည့်ဇော်ထွန်း(Final Eng)၏ဘွားဘွားကြီးသည် ၁၁-၉-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ညွန့်ရီ (အင်းစိန်)
ပြည်တွင်းအခွန်များဦးစီးဌာန(ငြိမ်း)
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သုနန္ဒာလမ်းဆုံ၊ ဆက်သွယ်ရေးဝင်း၊ တိုက် ၄၊ အခန်း ၃နေ (ဦးမြင့်သိန်း၊ ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ငြိမ်း)၏ဇနီး၊ ဦးအောင်မျိုးသိန်း(ဆသရ၊ ပစ္စည်းဌာန)-ဒေါ်သန်းသန်းဝင်း၊ ဦးဇော်ထူး-ဒေါ်ခင်မေသိန်း၊ ဦးခင်မောင်သိန်း-ဒေါ်လှဲ့လှဲ့မွန်တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၀-၉-၂၀၁၇ရက် ည ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၉-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄)၊ မြေကွက်အမှတ် (၈၆၆/က)၊ မြေကွက်တည်နေရာအမှတ်(၈၆၆/က)၊ ပုသိမ်လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဒေါ်ခင်လေး(YGN-096060)၊ နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်လေး(မိခင်)နှင့် ဦးချော(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်လှလှကြည် ၁၂/မရက(နိုင်)၀၆၆၀၉၈၊ ဦးတင်မောင်ဝင်း ၁၂/မရက(နိုင်)၀၆၆၂၁၁၊ ဦးခင်မောင်ဝင်း ၁၂/မရက(နိုင်)၀၆၆၂၁၀၊ ဦးကျော်ဆန်းလှိုင် ၈/ရနခ(နိုင်)၀၄၁၃၉၃နှင့် ဦးမျိုးဝင်းနိုင် ၁၂/မရက(နိုင်) ၀၆၆၂၀၈တို့မှ မိခင်၊ ဖခင် သေစာရင်း၊ သားသမီးများဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ကံဘဲ့၊ မြေကွက်အမှတ် ၄၅၊ မြေကွက်တည်နေရာအမှတ် ၂၇၊ ရတနာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ် (၁) ဒေါ်ခင်ဝင်း ၉/မရမ(နိုင်)၀၇၇၇၈၄၊ (၂) ဦးကိုကိုလေး ၁၂/ဗတထ(နိုင်)၀၂၁၈၁၃၊ (၃) ဒေါ်မြတ်မြတ်စိုး ၁၀/ရမန(နိုင်)၀၄၅၇၄၄၊ (၄) ဦးအောင်ကြီး ၇/ပတန(နိုင်)၀၀၄၄၃၉၊ (၅) ဒေါက်တာဥမ္မာမြင့် ၁၂/ရကန(နိုင်)၀၅၀၉၈၉၊(၆)ဒေါ်သဲနီလာ ၁၂/ရကန(နိုင်)၀၀၃၄၇၃၊ ဦးအောင်ကြီး ၇/ပတန(နိုင်) ၀၀၄၄၃၉မှ ကိုယ်တိုင်နှင့် ကျန်အမည်ပေါက် ငါးဦးထံမှGP ရသူ မှ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)၊ ဦးအောင်ကြီး၏ ကျမ်းကျိန်လွှာ၊ ၂၀၁၄ခုနှစ်က ကူးယူခဲ့သည့် စွန့်လွှတ်စာချုပ်ရန်အတွက် မြေပုံမြေရာဇဝင် မူရင်းသည် စွန့်လွှတ်စာချုပ် မချုပ်ဆိုရသေးဘဲ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားကြောင်း ဦးအောင်ကြီး၏ ကျမ်းကျိန်လွှာတို့တင်ပြ၍ အဆောက်အအုံဆောက်ရန် မြေပုံကူးနှင့် မြေတိုင်း လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈၂)၊ မြေကွက်အမှတ် (B-3)၊ နာနတ်တောလမ်း၊(၇)ရပ်ကွက် နှစ်(၆၀) မြေငှားဂရန် အမည်ပေါက် ဒေါ်ကြည်ကြည်ရွှေ မြေအားအမည်ပေါက် ဒေါ်ကြည်ကြည်ရွှေ ၁၂/မရက(နိုင်) ၀၃၂၂၇၇ ကိုယ်တိုင်မှဂရန်မူရင်းပျောက်ဆုံးကြောင်းကိုယ်တိုင်ဝန်ခံကတိပြုချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ (၇)ရပ်ကွက်၊ ကမာရွတ်မြို့နယ် အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဌာနဝန်ခံချက်တို့ကိုတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးဖြစ်ပါ၍ ကန့်ကွက်သူမရှိပါသဖြင့် ဂရန်မိတ္တူအားထုတ်ပေးမည်ဖြစ်ပါသဖြင့် ၂၈-၁-၂၀၁၁ရက်စွဲဖြင့် အမှုတွဲအမှတ်-ကမရ/ဂရန်-၁၄/၂၀၁၁ဖြင့် ထုတ်ပေးခဲ့သည့် ဒေါ်ကြည်ကြည်ရွှေ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
ဒေါ်ခင်မြ
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မိုးမခလမ်းနေ(ဦးဘိုးခိုင်-ဒေါ်အေးကြို)တို့၏သမီး၊ (ဦးဘိုးနှစ်-ဒေါ်ဖွားသင်)တို့၏သမီးချွေးမ၊ (ဗိုလ်မှူးကြီးသူရတင်မြတ်၊ ငြိမ်း)၏ဇနီး၊ ဦးမြင့်ဆွေ (စက်မှု-၂)(ဒေါ်ခင်ခင်မြင့်)၊ (ဦးအောင်မြတ်ထူး-ဒေါ်ခင်မာအေး)၊ ဒေါ်ခင်လေးမြတ်၊ ဒေါ်သင်းသင်းမြတ်၊ ဦးကိုကိုမြတ်-ဒေါ်ခိုင်ခိုင်ညွန့်၊ ဦးညီညီမြတ်-ဒေါက်တာအေးအေးဝင်း၊ ဒေါ်အေးအေးမြတ်တို့၏မိခင်၊ ဒေါ်ကေသွေဆွေ-ဦးနိုင်ဝင်း၊ ဦးဝဏ္ဏဆွေ၊ မခိုင်သူဆွေ၊ မသိမ့်ဆုညီ၊ မဆွေဆွေသက်ထူး၊ မမို့သွယ်ညီ၊ မောင်ထက်အောင်လင်း (Padamya FM)တို့၏အဘွား၊ မြစ် လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၁-၉-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်သောင်း (ဆောမြို့)
လ/ထညွှန်ကြားရေးမှူး(ငြိမ်း)
သူနာပြု၊ မကွေးတိုင်း
အသက်(၇၉)နှစ်

မကွေးတိုင်းဒေသကြီး၊ ဆောမြို့နေ (ဦးစိန်ရိုး - ဒေါ်ဆယ်မိ)တို့၏ သမီး၊ ဦးအောင်စန်း-ဒေါ်ကြွယ်ကြွယ်၊ ဦးညိုဝင်း-ဒေါ်ခင်သန်းရွှေ၊(ဦးသိန်းပို)တို့၏ အစ်မ၊ (ဦးညိမ်းမောင်၊ ငွေစာရင်းအရာရှိ၊ ငြိမ်း၊ သံပုရာကန်ရေနံချက်စက်ရုံ)၏ ဇနီး၊ ဦးမျိုးဝင်းအောင်၊ ဒေါ်နွယ်နွယ်ဟန်(စင်ကာပူ)၊ဦးဝင်းဟန်-နန်းစိန်ခမ်းမော်တို့၏မိခင်၊ မြေး ခြောက်ယောက်တို့၏အဘွားသည် ၁၀-၉-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၁၁း၄၅နာရီတွင် Grand Hantha International Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၇ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၉-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးဇော်ဝင်း(ခ)ဖိုးကုလား
သုံးခွမြို့
အသက်(၄၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ (၆)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ် ၁၇နေ (ဦးလတ်)-ဒေါ်သန်းတို့၏ချစ်လှစွာသောသား၊ (ဦးမြင့်ဇော်)-ဒေါ်ခင်အေးကြူ၊ ဦးတင်စိုး-ဒေါ်ခင်အေးမူ၊ ဒေါ်ဖြူဖြူ၊ ဒေါ်သီသီပြုံး၊ ဦးမျိုးမြင့်အောင်-ဒေါ်ထိုက်ထိုက်ဦး၊ ဒေါ်ခိုင်ခိုင်လတ်၊ ဦးဇော်မျိုး-ဒေါ်အိဖြူလှိုင်တို့၏ညီ/မောင်၊ ဒေါ်မော်မော်လတ်၊ ဦးဟိန်းလတ်ထွေး-ဒေါ်ကြူကြူစန်း၊ ဦးလှမြင့်အောင်-ဒေါ်အိခိုင်စိုးတို့၏အစ်ကို၊ တူ၊ တူမ ၁၀ယောက်တို့၏ ဦးလေးသည် ၁၀-၉-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် (၅)ရပ်ကွက်၊ အနောက်ဘက်ကမ်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း လိုက်ပါပို့ဆောင်ကြပါရန်။ ကျန်ရစ်သူမိသားစု

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် AA/6266 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၃၄၁၆၅ Honda Wave 110 (M/C) ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဇင်နိုင် ၁၄/ပသန(နိုင်)၁၉၅၃၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းရုံး (ပုသိမ်မြို့)

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးနန္ဒိယ(ခ)ဦးနေဝင်း
[လ-၅၆၆၈၄-သူရ(၄)]
သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ သခွတ်ပင်ကျေးရွာနေ ခမည်းတော် ဦးသောင်းဖေ-မယ်တော် ဒေါ်စိုးမြင့်တို့၏သား၊ ဗိုလ်မှူးညွန့်ဝေ-ဒေါ်မြင့်မြင့်၊ (ဗိုလ်မှူးရဲအောင်)-ဒေါ်ရီငွေ၊ ဦးပညာဝရသိဒ္ဓိ(ခ)ဗိုလ်မှူးမျိုးညွန့်-(ဒေါ်စန်းစန်း)၊ (ဦးဝင်းကြည်)-ဒေါ်လှဝင်းတို့၏ညီ၊ ဦးလှမင်း(အလက၊ အုပ်-ငြိမ်း)-ဒေါ်သန်းသန်း၊ ဗိုလ်မှူးကြီးသန်းဦး-ဒေါ်မာမာတင်တို့၏အစ်ကို၊ ဦးနိုင်သက်ဦး - ဒေါ်ခင်ပြုံးဝေ (တော်ဝင်ဧည့်ရိပ်သာ၊ စစ်ကိုင်း)၊ ဦးသန့်ဇင်ဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)-ဒေါ်စန်းမော်ဦး၊ ဦးတင်ကိုကို (ဒု-ရဲအုပ်၊ ငြိမ်း)-ဒုရဲအုပ်အေးချမ်းသာတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး၊ ဒေါ်လှလှ၏ခင်ပွန်း၊ ဦးနန္ဒိယ(ခ)ဦးနေဝင်း စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ ဖောင်တော်ပဲ့ကျောင်းတိုက်သည် ၁၀-၉-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၃း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်အား ၁၂-၉-၂၀၁၇ရက် (အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် တောင်အင်းမြောက်အင်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေတော်မျိုးတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၉-၂၀၁၇ရက်တွင် မန္တလေးနေအိမ်၌လည်းကောင်း၊ ၁၆-၉-၂၀၁၇ရက်တွင် ဖောင်တော်ပဲ့ကျောင်း (စစ်ကိုင်း)၌လည်းကောင်း ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

စောကင်စီ(ခ)ဦးမောင်အေး
အင်းတိန်ဘုံကျောင်း (ဒုဥက္ကဋ္ဌဟောင်း)
လော်စန်တောင်ဘုံကျောင်း (ဒုဥက္ကဋ္ဌဟောင်း)
ကော့စုတ်ရှားဘုံကျောင်း (ဥက္ကဋ္ဌဟောင်း)
ကျန်းတိတ်ဘုံကျောင်း(အဖွဲ့ဝင်)
သဟာဆွေစတိုး၏ဖခင်
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၅လမ်း၊ အမှတ် ၇၈ (ပထပ်)နှင့် ကမာရွတ်မြို့နယ်၊ ပြည်လမ်း(၂)ရပ်ကွက်၊ အမှတ် ၆၃၅(ဆ) ရိုးမရိပ်သာနေ စောကိုရှောင်-ဒေါ်ကြူတို့၏သား၊ တန်လန်ဘန်-ဒေါ်ဆိုင်းမာတို့၏သားသမက်၊ စောရီရှင်း-ကျန်းစူးရင့်၊ စောမေလှိုင်-ကိုကျင်စိန်၊ စောဖုံစိန်-ဒေါ်ကြာပေ့၊ စောယူဝင်းစိန်(ခ)ကိုလှကြိုင်-ဒေါ်တင်အေး(ခ)မစန်းစန်း၊ စောလျောင်စိန်(ခ)ကိုအောင်ရှိန်-ဒေါ်ခိုင်ခိုင်မော်၊ စောကျင့်စိန်(ခ)မောင်မိုးနိုင်တို့၏ဖခင်၊ ဒေါ်ချင်မိစွမ်၏ချစ်လှစွာသောခင်ပွန်း၊ မြေး ၁၅ယောက်တို့၏အဘိုးသည် ၈-၉-၂၀၁၇ရက်(သောကြာနေ့)နံနက် ၁၀း၅၀နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးတရုတ်ဖုကျန့်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။(ပြည်လမ်း၊ အမှတ် ၆၃၅-ဆ၊ ရိုးမရိပ်သာမှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၉-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၅နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒုတိယဗိုလ်မှူးကြီးလှစိန် (ငြိမ်း)
(ကြည်း-၆၂၂၅၊ ဗိုလ်သင်တန်းအပတ်စဉ်-၇)
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ ယင်းမာမြိုင်လမ်း၊ အမှတ် ၇၁/၁နေ (ဦးလှဒင်-ဒေါ်ခလေးမ)တို့၏သား၊ ဒေါ်မြင့်မြင့်တင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်စိုး-ဒေါ်မိမိစိန်၊ (ဗိုလ်ကြီးခင်မောင်မြင့်)-ဒေါ်ခင်ခင်နီ၊ ဒေါ်နွယ်နွယ်မြင့်-ဦးထွန်းလှအောင်၊ ဦးမင်းဇော်-ဒေါ်အေးအေးမြ၊ ဒေါ်ချိုချိုဦး-ဦးအောင်စိုး၊ ဒေါ်မိုးမိုးခိုင် (အထက-၁၊ ပဲခူး)၊ ဒေါ်မိမိခိုင်-ဦးကျော်ကျော်ဦးတို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၁၁-၉-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၉-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးအောင်ကျော်ယု
(စစ်တက္ကသိုလ်အပတ်စဉ်-၄၉)
ကြည်း-၄၆၀၄၄
ခမရ(၂၁၁)
အသက်(၃၀)

ဟသ်ာတမြို့နေ (ဦးတင်ရှိန်)-ဒေါ်ခင်မြတို့၏သား၊ ဒေါ်လှဲ့လှဲ့ဝင်း၊ [ဒေါ်စန်းစန်းဝင်း(ခ)ဒေါ်စန္ဒာ]တို့၏မောင်၊ Australia နေ ဒေါက်တာစန်းအောင်-ဒေါ်ဥမ္မာစိုးဝင်းတို့၏သားသမက်၊ မပိုပိုအောင်(ခ) Isabella Aung ၏ချစ်လှစွာသောခင်ပွန်းသည် ၆-၉-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးလှူသွားပါကြောင်း အသိမိတ်ဆွေ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဗဟန်း(၂)လမ်း၊ အမှတ် ၁၈ တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃ဒီ၊ မြေကွက်အမှတ် ၃၂ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေ အမည်ပေါက် ဦးချစ်မောင်နှင့် ဒေါ်ဖွားသောင် မြေကွက်အား အမည်ပေါက်တစ်ဦးဖြစ်သော ဒေါ်ဖွားသောင် ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြေညာစာတမ်း (၁၀၆၃/၁၉၇၃)အရ ကျန်အမည်ပေါက် ဦးချစ်မောင်မှရရှိပြီး ၄င်းထံမှ ဦးညွန့်စိန်၊ ဒေါ်ခင်ညွန့်မေ၊ မခင်ခင်၊ မောင်သန်းထွဋ်နှင့် မောင်ရဲထွဋ်တို့က အပိုင်ပေးစာချုပ်(၄၇၆/၁၉၇၄)ဖြင့်ရရှိခဲ့ပါသည်။ ထို့နောက် ၄င်းတို့ ငါးဦးအနက် ဦးညွန့်စိန်(ဖခင်)သည် ၂-၄-၁၉၉၁ရက်တွင်လည်းကောင်း၊ ဒေါ်ခင်ညွန့်မေ(မိခင်)သည် ၁-၄-၁၉၉၄ရက်တွင်လည်းကောင်း၊ ဦးသန်းထွဋ်(သား)သည် ၃၀-၁၀-၂၀၁၅ရက်တွင်လည်းကောင်း၊ ဦးရဲထွဋ်(သား)သည် ၈-၆-၁၉၈၂ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်၍ ကျန်ရစ်ခဲ့သူ(သမီး) ဒေါ်ခင်ခင်(ခ)ဒေါ်ခင်မူအေး ၁၂/ဗဟန(နိုင်)၀၁၂၄၆၆၊ ဦးသန်းထွဋ်၏ဇနီး ဒေါ်မူမူအောင်(ခ)ဒေါ်မေယု ၁၂/ဗဟန(နိုင်)၀၁၁၂၀၇နှင့် ဦးရဲထွဋ်၏ ဇနီးဖြစ်သော ဒေါ်လင်ဒါထွန်း(ခ)ဒေါ်လေးလေးမြ ၁၂/မဂတ(နိုင်)၀၀၇၂၆၇နှင့် သမီး(၂)ဦးဖြစ်သော ဒေါ်ခိုင်နွယ်ဦး ၁၂/မဂတ(နိုင်)၀၇၂၇၇၉နှင့် ဒေါ်ဥဥခင် ၁၂/မဂတ(နိုင်)၀၇၂၇၈၀တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိကြောင်း ကိုယ်တိုင်ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ သေစာရင်းနှင့် သေဆုံးမှုလက်မှတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ယင်းမြေ၏ဂရန်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စပါးစိုက်ကေတစ်သောင်းကျော် ရေသွင်းစိုက်ပျိုးနိုင်ရန်နှင့် ရေကြီးနစ်မြုပ်မှုအန္တရာယ်မှကာကွယ်နိုင်ရန် ရေတံခါးတည်ဆောက်မှုကို လေ့လာဆန်းစစ်ပြီး ပွင့်လင်းရာသီတွင် အကောင်အထည်ဖော်မည်

သတင်း - သန်းထိုက်(လှိုင်သာယာ)၊ ဓာတ်ပုံ - သစ္စာ

ရန်ကုန် စက်တင်ဘာ ၁၁

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၌ ကျင်းပရာ အဆိုပါအစည်းအဝေးတွင် ထန်းတပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဘုန်းကျော်ဇံဦး၏ ထန်းတပင်မြို့နယ် နဲပျောကျေးရွာ ကမ်းပတ်တာအတွင်း ရေတံခါးတည်ဆောက်ပေးပါက စပါးစိုက်ကေတစ်သောင်းကျော် ရေသွင်း၊ ရေထုတ်ရရှိစေပြီး ရေကြီးနစ်မြုပ်မှုအန္တရာယ်ကိုလည်း ကာကွယ်နိုင်မည်ဖြစ်ရာ ရေတံခါးတည်ဆောက်နိုင်ရန် အစီအစဉ် ရှိ၊ မရှိ ဆိုသော မေးခွန်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။ ***စာမျက်နှာ ၇ ကော်လံ ၁*** ✻

တောင်တွင်းကြီးမြို့ ဆူပူမှုတွင် ပါဝင်သူများအား ဖမ်းဆီးရမိ၊ ကျန်ရှိသူများ ဆက်လက်ဖော်ထုတ်၊ ဥပဒေနှင့်အညီ အရေးယူမည်

နေပြည်တော် စက်တင်ဘာ ၁၁

တောင်တွင်းကြီးမြို့အုန်းတော ၁ ရပ်ကွက် တောင်တွင်းကြီး-မကွေး ကားလမ်းမပေါ်ရှိ နေအိမ်အား ယမန်နေ့ည ပိုင်းက မျက်နှာတွင် နာခေါင်းစည်းပါ လူငယ် ၅၀ ခန့် (စီစစ်ဆဲ)မှ ခဲများဖြင့် ပစ်ပေါက်ခဲ့ပြီး နိုင်ငံတော်သီချင်း သီဆိုကြွေးကြော်ကာ ရွှေကြာအင်း (၁) ရပ်ကွက်ရှိ ဗလီဘက်သို့ ထွက်ခွာသွားခဲ့ကြောင်း။

အဆိုပါအဖွဲ့သည် ည ၈ နာရီခန့်တွင် မကွေး-တောင်တွင်းကြီးကားလမ်း ရွှေကြာပင်(၂) ရပ်ကွက်ရှိ ဗလီတံခါးကို လည်းကောင်း၊ ည ၈ နာရီ ၁၅ မိနစ်ခန့်တွင် ၎င်းကားလမ်းဘေးရှိ သမာအာဇီဝစတိုးဆိုင်ကို လည်းကောင်းခဲများဖြင့် ပစ်ပေါက်ခဲ့ကြောင်း။

ဖြစ်စဉ်များကြောင့် ည ၉ နာရီခန့်တွင် ဗလီ၏မြောက်ဘက် မကွေး-တောင်တွင်းကြီး ကားလမ်းမပေါ်၌ လေးခွများ၊ ကျောက်ခဲများကိုင်ဆောင်ထားသည့် လူ ၇၀ ခန့်၊ ဗလီ၏အရှေ့တောင်ဘက် လမ်းမပေါ်၌ လာရောက်ကြည့်ရှုသည့် လူ ၄၀၀ ခန့် စုဝေးလာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ လူစုခွဲရန် အသံချဲ့စက်ဖြင့် အကြိမ်ကြိမ်သတိပေးခဲ့ကြောင်း။

သို့သော် လူစုမခွဲသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ငြာသံပေးပြီး ဒိုင်းများဖြင့် တွန်းထုတ်ခဲ့ရာ ည ၉ နာရီခွဲခန့်တွင် လူစုခွဲထွက်ပြေးသွားခဲ့ကြောင်း၊ ခဲဖြင့်ပစ်ပေါက်သည့်အဖွဲ့မှ မောင်းတိုင်(၂) ရပ်ကွက် တောင်တွင်းကြီးမြို့နေ နှင်းကိုကိုလင်း (ခ)နှင်းကိုကိုအား လေးခွတစ်လက်၊ အုတ်နီခဲတစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိပြီး စစ်ဆေးချက်အရ ခဲဖြင့်ပစ်ပေါက်သည့် ရည်ရွယ်ချက်မှာ မောင်တောဒေသရှိ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ လုပ်ဆောင်မှုနှင့်ပတ်သက်၍ ကျေနပ်မှုမရှိသောကြောင့် ပစ်ပေါက်ခြင်းဖြစ်သည်ဟုဆိုကြောင်း သိရသည်။ ***စာမျက်နှာ ၄ ကော်လံ ၃*** ✻

မကွေးနှင့် Southern အမှတ်ခွဲယူ စာ ➤ ၁၀

ပြည်ပထွက်ခွာမည့် မြန်မာနိုင်ငံသားတစ်ဦးထံမှ နိုင်ငံခြားငွေများ သိမ်းဆည်းရမိ စာ ➤ ၁၂

မြောက်ကိုရီးယားသို့ ရေနံတင်ပို့မှုများအား လုံးကို ပိတ်ပင်မည့်အစား ရေနံစိမ်းတင်ပို့မှုကိုသာ ပိတ်ပင်ရန် လုံခြုံရေးကောင်စီ မဲခွဲဆုံးဖြတ် စာ ➤ ၁၄

ယူကရိန်းကို အမေရိကန် စစ်လက်နက်ထောက်ပံ့ရင် ဘာတွေဖြစ်လာမလဲ စာ ➤ ၁၅

မြန်မာ ယူ-၁၈ အသင်း ဖိလစ်ပိုင်အသင်းကို ဒုတိယပိုင်းသွင်းဂိုးများဖြင့် ဂိုးပြတ်နိုင်

သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - စိုးညွှန့်

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၇ အာဆီယံ ယူ-၁၈ ဘောလုံးပြိုင်ပွဲ အုပ်စု(ခ) စတုတ္ထနေ့ကို ယနေ့ည နေပိုင်းက ကျင်းပရာ မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို ခုနစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၈ အသင်းသည် ပထမပိုင်းတွင် ဂိုးပေါက်ပျောက်ဆုံးခဲ့သော်လည်း ဒုတိယပိုင်းသွင်းဂိုးများဖြင့် ဖိလစ်ပိုင်အသင်းကို ဂိုးပြတ်အနိုင်ရခဲ့သည်။ ဒီယက်နမ်အသင်း၏ အနိုင်ရလဒ်ကြောင့် မြန်မာအသင်းသည် ဂိုးပြတ်အနိုင်ရရန် လိုအပ်လာခဲ့ပြီး ပထမပိုင်းတွင် ဂိုးမရခဲ့၍ ခက်ခက်ခဲခဲ ကစားခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းကို ခုနစ်ဂိုးသာ သွင်းယူနိုင်ခဲ့သောကြောင့် ဆီမီးတက်ရန် ဒီယက်နမ်နှင့် နောက်ဆုံးပွဲတွင် အနိုင်ရရန် လိုအပ်သလို ဂိုးရလဒ်နှင့် အင်ဒိုနီးရှားပွဲအဖြေကိုလည်း စောင့်ကြည့်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် ဘရူနိုင်းကို အနိုင်ရခဲ့သည့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအနည်းငယ် ပြုလုပ်ခဲ့ပြီး ဒဏ်ရာရနေသည့် တိုက်စစ်မှူး ပြည့်စုံနိုင်ကို ဆက်လက်အနားပေးခဲ့သည်။ ပထမပွဲတွင် ဒီယက်နမ်အသင်း အနိုင်ရခဲ့သောကြောင့် မြန်မာအသင်းသည် အနိုင်ရလဒ်အပြင် ဂိုးပြတ်သွင်းယူရမည်ဖြစ်ရာ ယင်းဖိအားကြောင့် ဖိကစားနိုင်သော်လည်း ထိရောက်သည့် ဂိုးသွင်းခွင့်များ မဖန်တီးနိုင်ခဲ့ပေ။ ***စာမျက်နှာ ၁၃ ကော်လံ ၁*** ✻

မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်